# မင်းမြတ်သူရ

အပြန်လမ်း



[illegible]
၁၀၉။ မြေပြိုမိုးပုံကိုးရှာခန်
၁၁၀။ မြို့ကြာအရှင်
၁၁၁။ ဗျို့ရှုမျက်လုံးပိုင်ရှင်
၁၁၂။ ဆားလုလင်းမင်းအောင်နှင့်ထင်းရှူးမင်းသမီး
၁၁၃။ ဆားလုလင်းမင်းအောင်နှင့် ကြာဖြူပန်းကံလေး
၁၁၄။ ပြည်လုံးချမ်းသာဂိုဏ်း
၁၁၅။ ဗိန္ဒာ
၁၁၆။ ဆားလုလင်းမင်းအောင်နှင့် သစ်တော်သီးပုံပြင်
၁၁၇။ နတ်ဘုရားမျက်လုံး
၁၁၈။ တစ္ဆေကျွန်း
၁၁၉။ သေမင်းဖြူ
၁၂၀။ ကျွန်းပြန်ပတ္တမြား
၁၂၁။ သွေးဆာနေတဲ့အပျိုစင်
၁၂၂။ ချောက်ချောက်ချားချား
၁၂၃။ ဂျမဒါမင်းထင်နှင့် သေမင်းတမန်
၁၂၄။ မျက်နှာဖုံး
၁၂၅။ လိပ်ပြာ
၁၂၆။ ပုလဲပင်လယ်အော်
၁၂၇။ ဂျမဒါမင်းထင်နှင့် သုံးပွင့်ဆိုင်
၁၂၈။ ငရဲတွင်း
၁၂၉။ မြွေဟောက်
၁၃၀။ ဂျမဒါမင်းထင်နှင့် စုန်းမ
၁၃၁။ ဂျမဒါမင်းထင်နှင့် ဒေါင်းယောင်ဆောင်သောကျီး
၁၃၂။ စတုတ္ထမြောက်ရင်သွေး
၁၃၃။ မှော်ကြေးမုံ
၁၃၄။ မာယာရှင်
၁၃၅။ ဂျမဒါမင်းထင်နှင့်ငွေသောင်ယံ
၁၃၆။ ပုန်းရှောင်သူ
၁၃၇။ ရမွက်၏နိဂုံး
၁၃၈။ နှစ်လင်ပြိုင်
၁၃၉။ အိမ်မက်ကျိန်စာ
၁၄၀။ အရိပ်
၁၄၁။ ရှိန်းဆာယာ
၁၄၂။ ပိုက်ကွန်
၁၄၃။ ပုလဲနက်သိုက်

**ယခုလထုတ်**

၁၄၄။ အပြန်လမ်း

## ဒို့တာဝန်အရေးသုံးပါး

| | |
|---|---|
| ပြည်ထောင်စု မပြိုကွဲရေး | ဒို့အရေး |
| တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေး | ဒို့အရေး |
| အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေး | ဒို့အရေး |

## ပြည်သူ့သဘောထား

* ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
* နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
* နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
* ပြည်တွင်းပြည်ပ အဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

## နိုင်ငံရေး ဦးတည်ချက် (၄) ရပ်

* နိုင်ငံတော်တည်ငြိမ်ရေး၊ ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေ စိုးမိုးရေး။
* အမျိုးသားစည်းလုံးညီညွတ်မှု ခိုင်မာရေး။
* စည်းကမ်းပြည့်ဝသော ဒီမိုကရေစီစနစ် ရှင်သန်ခိုင်မာအောင် တည်ဆောက်ရေး။
* ဖွဲ့စည်းပုံ အခြေခံဥပဒေနှင့်အညီ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ် တည်ဆောက်ရေး။

## စီးပွားရေးဦးတည်ချက် (၄) ရပ်

* စိုက်ပျိုးရေးကို ပိုမိုဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ပြီး ခေတ်မီစက်မှုနိုင်ငံထူထောင်ရေးနှင့် အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး။
* ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာဖြစ်ပေါ်လာရေး။
* ပြည်တွင်းပြည်ပမှ အတတ်ပညာနှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး။
* နိုင်ငံတော်၏စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှု စွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသားပြည်သူတို့၏ လက်ဝယ်တွင် ရှိရေး။

## လူမှုရေး ဦးတည်ချက် (၄) ရပ်

* တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး။
* အမျိုးဂုဏ်၊ ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှု အမွေအနှစ်များ၊ အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး။
* စစ်မှန်သော မျိုးချစ်စိတ်ဓာတ်ဖြစ်သည့် ပြည်ထောင်စုစိတ်ဓာတ် ရှင်သန်ထက်မြက်ရေး။
* တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး။

မင်းမြတ်သူရ

အပြန်လမ်း

၂၀၁၄ခုနှစ်၊ မတ်လ၊ ပထမအကြိမ်

တန်ဖိုး

၁၀၀ ကျပ်

အုပ်ရေ

၅၀၀

ထုတ်ဝေသူ

ဦးကျော်လှိုင် (၀၃၈၈၇) စေတနာစာပေ

အမှတ်(၅၉)၊ ၁၉-လမ်း၊ လသာမြို့နယ်။

ပုံနှိပ်သူ

ဦးကျော်လှိုင် (၁၀၂၈၅)၊ စေတနာ Offset

အမှတ်(၉၆)၊ ပဒုမ္မာလမ်း၊ ရဲရိပ်သာဝင်း၊ ဒဂုံမြို့နယ်။

၈၉၅·၈၃

မင်းမြတ်သူရ

အပြန်လမ်း၊ မင်းမြတ်သူရ ရန်ကုန်

စေတနာစာပေ၊ ၂၀၁၄

၂၄၀-စာ၊ ၅×၇

(၁) အပြန်လမ်း

# မင်းမြတ်သူရ

# အပြန်လမ်း

စီစဉ်သူ
မောင်ကျော်လှိုင်
စေတနာစာပေ

တစ်နေ့မှာ ပုဂံမြို့ဟောင်းက ယွန်းသည်မလေး မနန်းမူနဲ့ သူ့ချစ်သူ မိုးဆွေဟာ ဘုရားဟောင်းတစ်ခုမှ ချိန်းဆိုရင်း ချစ်သူတို့ ဘာသာဘာဝ ပျော်ရွှင်စွာ နေထိုင်ခဲ့တယ်။

မနန်းမူဟာ အာနန္ဒာ ဘုရားမှာ ပန်းရောင်းတဲ့ အလုပ်ကို လုပ်ကိုင်ပြီး မိခင်အိုကြီးကို ရှာဖွေကျွေးမွေးနေတဲ့ သမီးအလိမ္မာလေး ဖြစ်တယ်။

မိုးဆွေကတော့ ယွန်းထည် ပစ္စည်းတွေကို ဖခင်နဲ့ အတူ

တူ လုပ်ကိုင်ပြီး ဘုရားဈေးတွေကို သွင်းနေသူ ဖြစ်တယ်..သူတို့ နှစ်ယောက် ချစ်သူဖြစ်တာ မကြာသေးလို့ ချစ်သူဘဝ ပျော်လို့ ရွှင်လို့မဆုံးဖြစ်နေတယ်။ သူတို့ဟာဘုရားပျက်လေးမှာအငှ နကြာအောင် ချစ်တုံ့တင်ပြီးတော့ရာလေးစက်ဘီးလေးကိုအတူစီးပြီး ပြန်ခဲ့တယ်။ ဒီရှုခင်းကိုမြင်းလှည်းစီးနေတဲ့သူတို့နဲ့ သက်တူရွယ်တူလူငယ်နှစ်ဦးကမြင်ပြီးမောင်ဒကာင်းဆိုသူကတက်ခေါက်ကာ

"တောက်..နန်းမူကိုဘာမဟုတ်တဲ့ကောင်ကမ.သွားတာ နာတယ်ကွာ ...ဒါမင်းတို့ငါတို့ညံ့လို့ဖြစ်ရတာ"

လို့ပြောလိုက်တော့တိုက်လှ ဆိုသူက

"အေးကွာ..ငါတို့လို အင်္ဂလိပ် ကျောင်းသား အကောင်းစားတွေကိုလက်မခံဘဲ ဘာမဟုတ်တဲ့အောက်တန်းစားကောင်က ငါတို့ ရှေ့ကို ကျော်တက်သွားတာ အရပ်ရပ် နေပြည်တော်ကြားလို့တောင် မသင့်တော်ဘူး"





လို့ ဆိုလိုက်တော့ မြင်းလှည်းမောင်းရင်း သူတို့စကားကို နားထောင်နေတဲ့ ဘစိန်ဆိုသူက ဝင်ပြီး

"ခင်ဗျားတို့နဲ့ ကျုပ် ဘဝတူပါပဲဗျာ၊ ကျုပ်လည်း နန်းမူ မေတ္တာကို လိုချင်လို့ ကြိုးစား နေတာ သုံးနှစ် သုံးမိုး ရှိပြီဗျ၊ နန်းမူက ယွန်းသမားကိုမှ မေတ္တာမျှသွားတာ နာတယ်ဗျာ"

လို့ဝင်ပြောတယ်။ တိုက်လှက အံကိုကာင်းဝှင်းကြိတ်ပြီး

"ဒီကောင်ဟာ ငါတို့ အင်္ဂလိပ်ကျောင်းသားတွေကို ဂုဏ်သိက္ခာ အရ စော်ကားရုံ မကဘူး၊ အာနန္ဒာ ဘုရားရှေ့မှာ ငါကိုကိုယ်ထိလက်ရောက်တောင် ကျူးလွန်သွားသေးတယ်"

လို့ပြောလိုက်တော့ မောင်ကောင်းကလဲ မကျေမချမ်းနဲ့ ဝင်ပြီး

"ဒါတင် ဘယ်ဟုတ်ပါ့မလဲဗျာ၊ ကျုပ်ကိုလည်း ပန်းဆိုင်တန်းမှာ ပက်ပက်စက်စက် ပြောပြီး လက်ရုံးခြင်း ယှဉ်ဖို့ စိန်ခေါ်

သွားသေးတယ်၊ ကျုပ်ဗျာ.. ပန်းသည်မိန်းကလေးတွေရှေ့မှာ အရှက်ကွဲလိုက်တာ၊ ဒီကောင်နဲ့ ကျုပ်တို့အင်္ဂလိပ်ကျောင်းသားတွေ အဖက်မတန်လို့ ဆက်မဖြစ်တာဗျ"

လို့ပြောတယ်..ဒီအခါမှာ မြင်းလှည်းသမား ဘစိန်က ဝင်ပြီး

"ဒီကောင် လူပါးသိပ်ဝတယ်..ခင်ဗျားတို့ အင်္ဂလိပ်ကျောင်းသားတွေကို စော်ကားရုံမကဘူး၊ ကျုပ်တို့လို ဆင်းရဲသား နင်းပြား အချင်းချင်းလည်း ရန်ပြုဖို့ ကြိုးစားခဲ့တယ်၊ ကျုပ်တော့ ဒီကောင်ကို လုံးဝ အခဲမကျေဘူးဗျာ"

လို့ မကျေမချမ်း ပြောတယ်။

ဒီအခါမှာ မောင်ကောင်းက ဝင်ပြီး

"မမျှော်လင့်ဘဲ ကျုပ်တို့ စိတ်တူ ကိုယ်တူ လူငယ်တွေ စုစည်းမိသွားပြီ ရှေ့ဆက်ပြီး ဒီကောင်ကို ကျုပ်တို့ သုံးယောက် ပေါင်းပြီး ဒုက္ခပေးကြမယ်"





လို့ပြောတော့ တိုက်လှက ခေါင်းညိတ်ပြီး

"သိပ်ကောင်းတဲ့ အစီအစဉ်ပဲ သူငယ်ချင်းရေ.. ဒီကောင်ကို ကျုပ်တို့အခွင့်သာတိုင်း ဒုက္ခပေးကြမယ်..ဒီကောင့် လက်ထဲကို နန်းမူ ပါသွားတာ ကျုပ်လုံးဝ မကျေနပ်ဘူး"

လို့ပြောတယ်။ ဘစိန်က သဘောကျဟန်နဲ့ ရယ်မောပြီး

"ဟားဟားဟား..ခင်ဗျားတို့ အကြံ သိပ်ကောင်းတယ်၊ မြင်းလှည်းသမားနဲ့ အင်္ဂလိပ်ကျောင်းသားတွေ ပေါင်းပြီး ကြံမယ်ဆိုရင် မိုးဇွေဆိုတဲ့ကောင် ဘယ်ခံနိုင်မလဲဗျာ"

လို့ပြောတယ်။

ဒီလိုနဲ့ ပန်းသည် မလေး နန်းမူရဲ့ မေတ္တာကို မရတဲ့ လူမိုက်သုံးယောက်ဟာ မိုးဇွေကို မနာလို ဝန်တိုစိတ်နဲ့ ရန်ငြိုးကြီးစွာ ထားခဲ့ကြတယ်.....။

❄✳❄

တစ်နေ့တော့ ဘီလပ်ကလာတဲ့ ရှေးဟောင်းသုတေသီ မစ္စတာ ဟယ်ရီဟာ ဘစိန်မောင်းတဲ့ မြင်းလှည်းကို ငှားပြီး ပုဂံဘုရားတွေလျှောက်ဖူးတယ်....

ဒီလိုဖူးရင်းနဲ့ ယွန်းထည် ပစ္စည်းတွေ ပိုက်ပြီး ဘုရားကို သွားသွင်းမဲ့ မိုးစွေကို တွေ့လိုက်တယ်..မစ္စတာ ဟယ်ရီဟာ မိုးစွေရဲ့တောင်းထဲမှာပါတဲ့ ယွန်းထည်ပစ္စည်းတွေကို မြင်တော့



မြင်းလှည်းကိုရပ်ခိုင်းတယ်...။

ဘစိန်ဟာ မိုးစွေမျက်နှာကိုမမြင်ချင်ပေမဲ့မတတ်သာဘဲ ရပ်ပေးလိုက်ရတယ်....။

မစ္စတာ ဟယ်ရီဟာ မိုးစွေရဲ့တောင်းထဲက ယွန်းထည် ပစ္စည်းတွေကို တစ်ခုချင်း ကြည့်ပြီး ယွန်းထည် လုပ်ကိုင်ပုံကို စိတ်ဝင်တစား မေးမြန်းတယ်..မိုးစွေကလည်းသေသေချာချာ ရှင်းပြတယ်...။

ဒါပေမဲ့ မစ္စတာ ဟယ်ရီဟာ မိုးစွေ ရှင်းပြရုံနဲ့ မကျေနပ်သေးဘူး..ယွန်းထည်ပစ္စည်းလုပ်ကိုင်ပုံအဆင့်ဆင့်ကိုလက်တွေ့ မြင်ဖူးချင်တယ်လို့ဆိုပြန်တယ်....။

ဒါကြောင့် မိုးစွေရဲ့ ယွန်းထည်လုပ်တဲ့ မြေတိုက်ကို လိုက်ကြည့်ဖို့ဖိတ်ခေါ်လိုက်တယ်..

ဘစိန်ဟာ မြင်းလှည်းသိမ်းပြီး ထန်းတောမှာ အင်္ဂလိပ်

ကျောင်းသား တိုက်လှနဲ့ မောင်ကောင်းကို တွေ့တယ်...။

ဘစိန်ဟာ ဒီနေ့ အင်္ဂလိပ်ကြီးကို မြင်းလှည်းနဲ့ လိုက်ပို့ရင်း မိုးစွေနဲ့ ဆုံခဲ့ပုံကို ပြောပြတယ်..မောင်ကောင်းနဲ့ တိုက်လှဟာ ဘစိန်ရဲ့ စကားကို စိတ်ဝင်တစား နားထောင်ပြီး တိုက်လှက

"ဒီကောင်ဟာ ငါတို့ သုံးယောက်အတွက် အနှောင့်အယှက်ပဲကွာ..ဒီကောင် ပုဂံက လွှင့်ထွက်သွားရင် သိပ်ကောင်းမှာပဲ"

လို့ပြောတယ်..မောင်ကောင်းကလည်း

"အဟုတ်ပဲကွာ..ဒီကောင်မရှိရင် ငါတို့ သုံးယောက် မနန်းမူရဲ့ မေတ္တာကို မျှမျှတတ ကြိုးစားလို့ရမယ်"

လို့ပြောတယ်..ဒီလိုပြောရင်း တိုက်လှက

"ဒီကောင်ကို ပုဂံက လွှင့်ထွက် သွားအောင် ဘယ်လို လုပ်ရမလဲ"





လို့တွေးပြီး ရုတ်တရက် အကြံရဟန်နဲ့ ထအော်လိုက်တယ်..မောင်ကောင်းနဲ့ ဘစိန်က တိုက်လှကို အလန့်တကြား ကြည့်ပြီး

"ဘယ်လိုအကြံရလို့လဲဗျ..ပြောပါဦး"

လို့မေးမြန်းလိုက်တယ်...။

တိုက်လှက ခေါင်းညိတ်ပြီး

"ကျုပ်အကြံက ဟောဒီက ကိုဘစိန် နည်းနည်းတော့ စွန့်စားရမယ်..ဒါပေမဲ့ အောင်မြင်ရင်တော့ တစ်ချက်ခုတ် နှစ်ချက်ပြတ်ပဲဗျ"

လို့ ဆိုပြီး မောင်ကောင်းနဲ့ ဘစိန်ကို တိုးတိုးလေး ပြောပြလိုက်တယ်...။ တိုက်လှရဲ့ စကားအဆုံးမှာ မောင်ကောင်းက ကျေနပ်အားရဟန်နဲ့

"သိပ်ကောင်းတဲ့အကြံဉာဏ်ပဲဟေ့..ဒီအကြံသာ အောင်

မြင်သွားရင် မိုးစွေဆိုတဲ့ကောင် ငရဲကိုတန်းရောက် သွားမယ်"

လို့ပြောလိုက်တယ်..ဘစိန်က အံကိုတင်းတင်းကြိတ်ပြီး

"ကျုပ်အတွက် အန္တရာယ်ရှိနိုင်တယ်..ဒါပေမဲ့ အန္တရာယ်

ကို ဂရုမစိုက်ပါဘူး..မိုးစွေ ပုဂံက လွင့်သွားဖို့ပဲ အရေးကြီးတယ်"

လို့တီးတိုးပြောလိုက်တယ်..

❋✳❋





နောက်တစ်နေ့မှာ မစ္စတာဟာယ်ရီဟာ ဘစိန်ရဲ့မြင်းလှည်းကိုငှားပြီး မိုးစွေရဲ့ယွန်းထည်လုပ်တဲ့ မြေတိုက်ကိုကြည့်ဖို့ ထွက်လာတယ်..သူ့မှာ ဓါတ်ပုံရိုက်တဲ့ ကရိယာတွေလည်း ပါတယ်...။

ဒီလိုနဲ့ ဘစိန်ဟာ မစ္စတာဟာယ်ရီကို မြင်းလှည်းနဲ့ ခေါ်လာရင်း မစ္စတာဟာယ်ရီရဲ့ ပိုက်ဆံအိတ်ထဲမှာ ပိုက်ဆံတွေ အထပ်လိုက်ပါတာမြင်တွေ့လိုက်တယ်....။

ဘစိန်ဟာ မစ္စတာဟာယ်ရီရဲ့ပိုက်ဆံတွေကိုလောဘဇော

တိုက်ပြီး မတရားရယူလိုစိတ်လည်းဖြစ်ပေါ်သွားတယ်...။

သူဟာ တိုက်လှနဲ့ မောင်ကောင်းရဲ့အကြံကို သဘောကျပြီးအကောင်ထည့်ဖို့ဆုံးဖြတ်လိုက်တယ်....။

ဘစိန်ဟာမစ္စတာဟယ်ရီကိုလူသူမရှိတဲ့ဘုရားပြိုဘုရားပျက်တွေ ဘက်ကို ဦးတည်ပြီး ခေါ်သွားတယ်..မစ္စတာဟယ်ရီကတော့ အန္တရယ်ကို မမြင်ဘဲ ဘုရားပျက်တွေကို မြင်တော့ မြင်းလှည်းကို ရပ်ခိုင်းပြီး ဓါတ်ပုံ တဖျတ်ဖျတ် ရိုက်နေ တယ်။

ဘစိန်ကလူပြတ်တဲ့ နေရာကို ရောက်တော့ အသင့်ပါလာတဲ့ တုတ်နဲ့ မစ္စတာဟယ်ရီရဲ့ ခေါင်းကို တအားလွှဲရိုက်လိုက်တယ်...။

မစ္စတာဟယ်ရီဟာအော်တောင်မအော်နိုင်ဘဲမြေပေါ်ကိုပြိုလဲကျသွားပြီးငြိမ်သက်သွားတယ်..ဘစိန်ဟာမစ္စတာဟယ်ရီငြိမ်သက်သွားတော့ ပိုက်ဆံအိတ်ကို ယူပြီး ငွေစက္ကူတွေကို





ယူလိုက်တယ်....။

ပြီးတော့ မစ္စတာဟယ်ရီကို စစ်ဆေးကြည့်တော့ မစ္စတာဟယ်ရီအသက်ပျောက်သွားတာ တွေ့လိုက်ရတယ်...။

အကြံသမား ဘစိန်ဟာ မစ္စတာဟယ်ရီရဲ့ ကိုယ်ခန္ဓာကို မြင်းလှည်းပေါ်မ.တင်ပြီး မိုးစွေရဲ့ယွန်းထည်ပြုလုပ်ရာ မြေတိုက်ကို မောင်းနှင်သွားတယ်...။

မြေတိုက်နဲ့ မနီးမဝေးကို ရောက်တော့ မစ္စတာဟယ်ရီရဲ့ ကိုယ်ခန္ဓာကို ထမ်းပြီး မြေတိုက်ရှိရာကို တိတ်တဆိတ် တိုးကပ်သွားတယ်...။

ယွန်းထည်တွေကိုအပူပေးရာမြေတိုက်ကိုရောက်တော့ လူသူ အရိပ်အခြည်ကို ကြည့်ပြီး မစ္စတာဟယ်ရီရဲ့ ခန္ဓာကိုယ်ကို မြေတိုက်ထဲကို သွင်းလိုက်တယ်...။

ပြီးတော့ မြေတိုက်ထဲက ကမန်းကတန်းပြန်ထွက်လာပြီး

မြေတိုက်နဲ့ မလှမ်းမကမ်းမှာရှိတဲ့ မိုးဇွေရဲ့ တဲကိုရောင်းကြည့်လိုက်တော့ တဲရှေ့မှာ ယွန်းထည်တွေကို ကော်ပတ် တိုက်နေတဲ့ မိုးဇွေကိုတွေ့ရတယ်..ဘစိန်ဟာ ကမန်းကတန်း တဲရှေ့က ထွက်လာခဲ့တယ်....။

မကြာမီအချိန်ပိုင်းအတွင်းမှာ မိုးဇွေ ကံခေတော့တာပဲ..သူရဲ့တဲအိမ်လေးကို ပုလိပ်တွေ ရောက်လာပြီး မစ္စတာဟာယ်ရီ ဘယ်မှာလဲလို့မေးတယ်....။

မိုးဇွေက သူကိုယ်တိုင်လည်း မစ္စတာဟာယ်ရီကိုစောင့်နေကြောင်း ပြောတယ်..ဒီအခါမှာ ပုလိပ်တွေက မိုးဇွေကို မသင်္ကာတန်နဲ့ကြည့်ပြီး တဲအိမ်ထဲကို ဝင်ရောက် ရှာဖွေတယ်..။

တဲအိမ်ထဲမှာ ရှာမတွေ့တော့ ယွန်းထည်လှမ်းတဲ့ မြေတိုက်ထဲကို ဝင်ရှာကြတယ်..ဒီလိုနဲ့ ပုလိပ်တွေဟာ မြေတိုက်ထဲမှာ မစ္စတာဟာယ်ရီ ရဲ့အလောင်းကို ရှာတွေ့ပြီး မိုးဇွေကို





"လူသတ်ပြီးပစ္စည်းလုတဲ့ကောင် မင်း..ဘာငြင်းဦးမှာလဲ"

လို့မေးမြန်းလိုက်တယ်မိုးဇွေဟာ သူ့ရဲ့ မြေတိုက်ခန်းထဲမှာ လာသေနေတဲ့ မစ္စတာဟာယ်ရီရဲ့ အလောင်းကို အထိတ်တလန့်ကြည့်ပြီး

"ကျုပ်မသတ်ဘူး"

ဆိုတဲ့ စကားကိုသာ အတွင်တွင် ပြောဆိုနေပေမဲ့ ပုလိပ်တွေက လက်ထိတ်ခတ်လိုက်တယ်...။

ဒီအချိန်ကစပြီး ပုဂံမြို့ဟောင်းက ယွန်းသမားလေး မိုးဇွေဟာ လူသတ်မှုမကျူးလွန်ဘဲ ရုံးတင် စစ်ဆေးခြင်းခံရတယ်...။

ရုံးမတင်မီ ကိုလိုနီပုလိပ်တွေရဲ့ နှိပ်စက်ညှင်းပန်းခြင်းကိုလည်းခံရတယ်....။

မိုးဇွေဟာ ဗုဒ္ဓဘာသာ မြန်မာလူမျိုးပီပီအတိတ်ကဝဋ်ကြွေးရှိတယ်လို့ သဘောထားပြီး လောကဓံကို အံကြိတ်ခံ

တယ်.....။ဒါပေမဲ့လောကဓံဟာဒီလောက်နဲ့ပြီးမသွားဘူး...။

မိုးစွေရဲ့အမှုရုံးမတင်မီမှာ မိုးစွေရဲ့ မိခင် ပန်းနာ ဝေဒနာ သည်ကြီးဟာ သားဖြစ်သူရဲ့အဖြစ်ကိုမကြည့်ရက်လို့လူ့လောက ကထွက်ခွာသွားတယ်....။

မိုးစွေဟာ မိခင်ကြီး မြေချတာကိုတောင် မမြင်ရလို့ ကြေကွဲဝမ်းနည်းလို့မဆုံးဘူး..မိုးစွေရဲ့အမှုစစ်ဆေးတဲ့အချိန်ကို ရောက်တော့ လူယုတ်မာ ဘစိန်ဟာ မစ္စတာဟာယ်ရီကို မိုးစွေရဲ့ ယွန်းတိုက် ရှိတဲ့နေရာကို သူကိုယ်တိုင် လိုက်ပို့ကြောင်း ထွက် ဆိုတယ်....။

မိုးစွေကိုယ်တိုင်မစ္စတာဟာယ်ရီကိုလက်ခံကြိုဆိုပြီးယွန်း တိုက်ထဲကိုခေါ်သွားကြောင်းထွက်ဆိုတယ်....။

မိုးစွေဟာ မိမိကိုဘစိန် ရန်ငြိုးဖွဲ့ပြီး ထွက်ဆိုနေတာ ရိပ် ပျောက်သွားတယ်.. မစ္စတာဟာယ်ရီကို ဘစိန်မြင်းလှည်းနဲ့ လိုက်ပို့





တာကို အင်္ဂလိပ်ကျောင်းသား တိုက်လှနဲ့ မောင်ကောင်းက လည်း သူတို့မြင်တွေ့ကြောင်းထွက်ဆိုတယ်။

နောက်ဆုံးတော့ သနားစရာကောင်းတဲ့ မိုးစွေဟာ ကိုယ် မကျူးလွန်တဲ့ အပြစ်အတွက် တစ်သက် တစ်ကျွန်း အပြစ်ဒဏ် ချမှတ်ခြင်းခံရတယ်...။

မိုးစွေကို အမိန့်ချမှတ်တဲ့ အချိန်မှာ မနန်းမူဟာ ဝမ်းနည်း လွန်းလို့မြေပေါ်ကိုလဲကျမေ့မျောသွားတယ်...။ မိုးစွေဟာ မြင်း လှည်း သမား ဘစိန်ကို ရန်ငြိုးကြီးစွာနဲ့ ကြည့်ပြီး

"ဘစိန် မင်းထမင်းဝဝစားထား..မင်းကို ငါ ကလဲ့စားချေ ဖြစ်အောင်ချေမယ်"

လို့ကြုံးဝါး လိုက်တယ်..သူဟာ ကိုယ်မကျူးလွန်တဲ့အပြစ် ဒဏ်ကြောင့်မခံချိမခံသာဖြစ်လွန်းလို့တရားသူကြီးနဲ့ပုလိပ်တွေ ကိုကြည့်ပြီး

"ခင်ဗျားတို့ အားလုံးမှားနေပြီ..မှားတာမှ အကြီးအကျယ် မှားနေပြီ..ကျုပ်မှာ ဘာအပြစ်မှ မရှိဘူး..ခင်ဗျားတို့ကိုလိုနီအစိုးရ တွေ့ချန်တွေပီပီ ကျုပ်ကို မတရား အပြစ်ဒဏ်ချမှတ်ခဲ့တာပဲ၊ ကျုပ် လုံးဝ မကျေနပ်ဘူး"

လို့အော်ဟစ်ပြောဆိုခဲ့တယ်....။

မိုးဇွေရဲ့ရင်ထဲကထွက်ပေါ်လာတဲ့နာနာကျင်ကျင်စကားတွေ ဟာ တရားသူကြီးနဲ့ ကိုလိုနီပုလိပ်တွေ အဖို့ လျောင်ရယ်စရာ များ ဖြစ်နေသလားမသိဘူး ခွက်ထိုးခွက်လှန် ရယ်မောနေကြတယ်...။

ဒါဟာ မိုးဇွေအတွက် တစ်သက်မမေ့နိုင်တဲ့ ရင်နာစရာ ဖြစ်ရပ်ပါ....။

❄✳❄





မိုးဇွေဟာ ကျွန်းကျတရားခံဖြစ်သွားပြဲ့အတွက် အိန္ဒိယနဲ့ မြန်မာနိုင်ငံကြားမှာ ရှိတဲ့ ပို့ဗလဲယားကျွန်းကို အကျဉ်းသား အဖြစ် သွားရတော့မယ်...။

မိုးဇွေဟာ ကိုယ်တိုင် မကျူးလွန်တဲ့အမှုအတွက် မတရား ထောင်ကျရတော့မယ်....။

ချစ်တဲ့ မနန်းမူနဲ့ တစ်သက်လုံး ပြန်မဆုံနိုင်ဘဲ ရှင်ကွဲကွဲ ရတဲ့အတွက်ရင်နာလို့မဆုံးဘူး...။

မိုးဇွေဟာ သူ့ကိုမတရားအမှုဆင်ခဲ့တဲ့ရန်သူတော် ဘစိန်

ကိုတစ်နေ့ လက်စားချေဖြစ်အောင် ချေမယ်လို့ကြုံးဝါး ခဲ့တယ်။

သူဟာ ရန်ကုန်ထောင်ကြီးကို ပြောင်းရွှေ့တဲ့ အချိန်က စပြီး မနန်းမူနဲ့ ဝေးသွားခဲ့တယ်…။

သူ့ကို ဖမ်းဆီးခေါ်ဆောင် သွားတော့မြစ်ဆိပ်မှာ မနန်းမူ ဝမ်းပန်းတနည်း ငိုယိုပြီး ကျန်နေခဲ့တာ မျက်လုံးထဲက မထွက်ဘူး…မနန်းမူနဲ့ဒီဘဝမှာပြန်မဆုံနိုင်တော့ဘူးလို့ထင်မြင်ခဲ့တယ်။

မိုးဇွေဟာ ရန်ကုန်ထောင်ကြီးမှာ တစ်လလောက်နေပြီး ကပ္ပလီပင်လယ်ထဲက ပို့ဗလဲယားကျွန်းကိုသွားခဲ့ရတယ်….။

သင်္ဘောပေါ်မှာ သူနဲ့ဘဝတူ ကျွန်းကျ အကျဉ်းသားတွေရှိတယ်…သူတို့ အားလုံး ပြစ်မှုလုပ်ထားပေမဲ့ သူကတော့ အပြစ်မရှိဘဲ အဖမ်းခံရတာ ရင်နာဖို့ ကောင်းလိုက်တာ…။

သင်္ဘောပေါ်မှာ တစ်ကျွန်းနဲ့ ပတ်သက်တဲ့ အကြောင်းတွေကို နားမဆန့်အောင် ကြားရတယ်…။





ကျွန်းပေါ်မှာ စွန့်စားချင်သူအတွက်တော့ ပျော်စရာချည်းပဲ။ ကျွန်းမှာ စိတ်သစ်လူသစ် ဘဝသစ်နဲ့ အတိတ်ကို မေ့ပြီး နေမယ်ဆိုရင် နေပျော်ပါတယ်လို့လဲကြားရတယ်…။

ဘယ်လိုလုပ်ပြီး နာကြည်းစရာကောင်းတဲ့ အတိတ်ကို မေ့လို့ရမှာလဲ…အတိတ်ဆိုတာ အရိပ်လို လိုက်မြဲပဲမဟုတ်လား…

ပင်လယ်ခရီးတလျှောက်လုံး သူတို့ အကျဉ်းသားတွေ လှိုင်းမူးတဲ့ဒဏ်ကို ခံခဲ့ကြတယ်…ပို့ဗလဲယားကျွန်းကိုမရောက်မီ မုန်တိုင်းနဲ့လည်း တစ်ကြိမ်ကြုံလိုက်သေးတယ်…။

ကပ္ပလီ ပင်လယ်ကြီးက သူတို့ကို ပထမဆုံး မုန်တိုင်းနဲ့ မိတ်ဆက်ပေးလိုက်တာပဲ…ပို့ဗလဲယားကျွန်းကြီးကို မြင်လိုက်ရတော့ သူတို့အားလုံးစိတ်လှုပ်ရှားသွားတယ်…။

ဟိုးအဝေးမှာ မှိုန်ပြပြနဲ့ သတ္တဝါကြီးတစ်ကောင် အိပ်စက်လဲလျောင်းနေသလိုပဲ…။

ကျွန်းရဲ့ အကျယ်အဝန်းက စတုရန်းမိုင် ၇၄၀၀ ရှိပြီး ကျွန်းပေါ်မှာ အစိုးရဂေဟာ၊ ထောင်ပိုင်ကြီးရုံး၊ အရာရှိရိပ်သာ၊ ဆေးရုံ၊ ဈေးတွေနဲ့ စည်စည်ကားကား ရှိနေတယ်ဆိုပဲ…။

မိုးစွေဟာ သူ တစ်သက်လုံးနေရမဲ့ ကျွန်းကြီးကို ကြည့်ပြီး ခေါင်းခါယမ်းလိုက်မိတယ်…။ သူ့ကို မတရား ဖမ်းဆီးခံရတဲ့ အတွက် ကျွန်းပေါ်မှာကြက်ကလေးငှက်ကလေးလိုတစ်သက်လုံး မနေနိုင်ဘူးလို့ တွေးမိ တယ်…။

ဒီကျွန်းကြီးက အခွင့်သာရင် ထွက်ပြေးဖို့လဲ ဆုံးဖြတ် လိုက်တယ်..သူဟာ အပြောကျယ်လှတဲ့ ပင်လယ်ကြီးကို ကြည့် ပြီးအံကိုတင်းတင်းကြိတ်လိုက်တယ်…။

ပင်လယ်ကြီး ဘယ်လောက်ကျယ်ကျယ် အန္တရာယ်တွေ ဘယ်လောက်များများ လွတ်အောင်ပြေးမယ်လို့ ဆုံးဖြတ်လိုက် တယ်…။





သူတို့ သင်္ဘောကမ်းကပ်တော့ ထောင်ဝါဒါတွေက တစ် ထပ်ပျဉ်ထောင် တန်းလျားကြီးတွေ ရှိတဲ့ ဝင်းကြီးထဲကို ခေါ်သွား တယ်…။ တန်းလျားကြီးတွေဆီကို ရောက်တော့ ကြေးဝါတံဆိပ် တပ် အဝတ်နီစကြီးကို စလွယ်သိုင်း လွယ်ထားတဲ့ ဂွင်းနီကြီး တစ်ယောက်က စောင့်နေတယ်…။

ထောင်ဝါဒါတွေက ဂွင်းနီကြီးကို အကျဉ်းသားတွေ အပ်ပြီး ထွက်ခွါသွားတယ်….၊ ဂွင်းနီကြီးတွေဟာ ကျွန်းမှာ ထောင်မှူးပြီးရင် ဩဇာ အကြီးဆုံးလူတွေပါပဲ….၊ ဂွင်းနီကြီးက အကျဉ်းသားတွေကို မျက်ထောင့်နီကြီးနဲ့ ကြည့်ပြီး

"မာမူနီကြေး"

လို့တိုတိုပြတ်ပြတ် ပြောလိုက်တော့ အကျဉ်းသားတွေဟာ ၁ ဆတ်ခနဲ တုန်သွားပြီး မရှိမဲ့ရှိမဲ့ ငွေစ ကြေးစလေးတွေကို ဂွင်းနီ ကြီးလက်ကိုအပ်ကြတယ်…။

မိုးစွေရဲ့အလှည့်ကို ရောက်တော့ မတရား အနိုင်ကျင့်ပြီး ခေါင်းပုံဖြတ် အမြတ်ထုတ်တာ မခံချင်လို့

"မရှိဘူး"

လို့တိုပြတ်ပြတ် ပြောလိုက်တယ်..ဂွင်းနီကြီးက မိုးစွေကို မကျေမချမ်းကြည့်ပြီး

"တစ်ကျွန်းကို လာရင် ပိုက်ဆံ ယူလာရမယ် ဆိုတာ မသိဘူးလား"

လို့မေးလိုက်တယ်..မိုးစွေက အံကိုကြိတ်ပြီး

"သိပ်သိတာပေါ့ ဒါပေမဲ့ ကျုပ်က သူတစ်ပါး ခေါင်းပုံဖြတ်တာကို ခေါင်းငုံ့ခံတဲ့ လူမျိုးမဟုတ်ဘူး"

လို့ပြောလိုက်တယ်...။

မိုးစေရဲ့စကားကြောင့် အကျဉ်းသားတွေဟာ ဒီကောင် တော့နာတော့မှာပဲလို့ထင်ကြတယ်..ဂွင်းနီကြီးက မိုးစွေကိုမျက်





မှောင်ကြုတ်ကြည့်ပြီး

"အလာကြီးပါလား..ဒါဆိုရင်တော့တွေ့ကြသေးတာပေါ့"

လို့ကြုံးဝါးလိုက်တယ်...။

မိုးစွေက ဂွင်းနီကြီးကို မထိလေးစား ကြည့်ပြီး

"ကြိုက်တဲ့အချိန်မှာ တွေ့နိုင်တယ်"

လို့ပြောလိုက်တယ်...။

ဒီလိုပဲဂွင်းကြားကြီးလက်ကိုရောက်တော့လဲမာမူနီကြေး မပေးဘဲ နေလို့ ဂွင်းကြားကြီးက မကျေနပ်ဖြစ်သွားတယ်...။

"ဒီတစ်ပတ်ရောက်လာတဲ့ အကျဉ်းသားထဲမှာ ငါတို့ကို အာခံမဲ့ကောင်တစ်ကောင်ပါလာတယ်၊ ဒီကောင်ကို နာနာ နှိပ်ကွပ်ထားရမယ်"

လို့ပြောကြတယ်....။

❄✳❄

မိုးဇွေတို့လူစု အဆောင်ကို ရောက်တဲ့အခါ ဒေးဗီးယား ဆပ် လို့ခေါ်တဲ့ အကျဉ်းသားလူကြီး တစ်ယောက်ရောက်လာပြီး

"မင်းတို့ အားလုံး ပြစ်မှုတွေ ကျူးလွန်ခဲ့လို့ တစ်ကျွန်းကို ရောက်ခဲ့ပြီ..ရှင်းရှင်းပြောရရင် မင်းတို့ အားလုံးလူလွန်မသား လူဆိုးလူမိုက်တွေပဲ..အေး..ဒါပေမဲ့ မင်းတို့ရဲ့ဆိုးမိုက်မှုတွေကို တစ်ကျွန်းကိုသယ်မလာနဲ့တော့..တစ်ကျွန်းကစီလူလာထောင် က အင်းစိန်ထောင်ထက်ကြမ်းတယ်..အကုန်လုံး အရေခွံဆုတ်





ပစ်လိုက်မယ်..မင်းတို့ မနက်ဖြန်က စပြီး အလုပ်ဝင်ရမယ်.. အလုပ် မဝင်မီ အဘာဒင်ဈေးကို သွားပြီး လိုအပ်တဲ့ပစ္စည်းတွေ ဝယ်ကြ..ပြဿနာ ဖြစ်ဖို့တော့ မကြိုးစားကြနဲ့"

လို့မှာကြားလိုက်တဲ့အတွက်မိုးဇွေတို့လူစုဟာအဘာဒင် ဈေးထဲကို သွားပြီး ခြင်ထောင်စောင် စတဲ့ ပစ္စည်းတွေနဲ့ စားနပ် ရိက္ခာတွေကိုဝယ်ယူကြတယ်...။

ကျွန်းပေါ်မှာ မြန်မာထက် အိန္ဒိယလူမျိုးတွေ များတာ တွေ့ရလို့ကုလားမြို့များဖြစ်နေမလားလို့ထင်မှတ်မှားမိတယ်...။

ကျွန်းမှာ မြန်မာနဲ့ ဟင်ဒူစတန်နီဘာသာ စကားကို အဓိက ထားပြီး ပြောဆိုနေတာ ကြားရတယ်...။

တစ်ကျွန်းဟာ သူထင်ထားထက် အများကြီး ပိုစည်ကား တာ တွေ့ရတယ်..ကျွန်းတစ်ခုလုံး စီးပွားရေးလုပ်ငန်းတွေနဲ့ စည် ကားသိုက်မြိုက်နေတယ်....။

တကယ်တော့ကျွန်းဟာအကျဉ်းသားတွေကိုအကြောင်းပြုပြီး စီးပွားရေးလုပ်ငန်းတွေ လုပ်ကိုင်နေတဲ့ နေရာ ဌာနကြီးပဲဖြစ်တယ်....။

မိုးစွေတို့အဆောင်ကိုပြန်ရောက်တော့ ဘဝတူ အကျဉ်းသားတွေ လုပ်ငန်းခွင်က ပြန်လာပြီး စည်စည်ကားကား ဖြစ်နေတယ်...။

သူတို့က လူသစ်တွေကို ဝမ်းပန်းတသာ ကြိုဆိုပြီး မြန်မာပြည်ကြီး အကြောင်းကိုအလွမ်းပြေ မေးမြန်းကြတယ်...။

မိုးစွေတို့ဟာ အကျဉ်းသား မိတ်ဆွေတွေ ဆီက စီလူလာ ဆောင်နဲ့ပတ်သက်တဲ့ဗဟုသုတတွေကိုအများကြီး သိခဲ့ရတယ်..။

ဆောင်ထဲမှာ ငွေပေးနိုင်ရင် ဘာမဆို ရနိုင်တယ် ဆိုပဲ....။

ဝွင်းနီကြီးတွေကို လာဘ်ထိုးပြီး ဖဲဝိုင်းတွေလည်း လုပ်နိုင်တယ်...၊ လောင်းကစား အမျိုးမျိုးလည်း လုပ်နိုင်တယ်လို့





သိရတယ်...။

ခဏကြာတော့ အကျဉ်းသား အချို့က ဖွက်ထားတဲ့ အရက်ပုလင်းတွေ ထုတ်ပြီး ဧည့်ခံဖို့ ပြင်တော့ မြန်မာပြည်က လာတဲ့ ကဇော်သမားတွေ ဝမ်းပန်းတသာ ဖြစ်သွားတယ်...။

ဒီအချိန်မှာပဲ သူတို့ ရှိရာကို အကျဉ်းသားလူသန်ကြီးနဲ့ အပေါင်းအပါ နှစ်ယောက် ရောက်လာတယ်..လူသန်ကြီးက အကျဉ်းသား လူသစ်တွေကို မိုက်ကန်းကန်း ကြည့်ပြီး

“မင်းတို့ ဘာကောင်တွေလဲ..မြန်မာပြည်က အခိုးတွေ တစ်ကျွန်းမှာ လာလုပ်လို့ မရဘူးဆိုတာ မသိဘူးလား”

လို့ ခပ်တည်တည် ကြိမ်းမောင်းတော့ အကျဉ်းသား လူသစ်တွေဟာ လူသန်ကြီးကို ကြည့်ပြီး တုန်လှုပ်ချောက်ချား သွားကြတယ်...။

လူသန်ကြီးဟာ ကျွန်းလူမိုက် ပုတ်ကြီးဆိုသူ ဖြစ်တယ်...။

ပုတ်ကြီးဟာ လူသစ်တွေကို မိုက်ကြေးခွဲဖို့ ရောက်လာတာပဲ..ပုတ်ကြီး အကြောင်းကို သိတဲ့ အကျဉ်းသားအချို့က လေသံတီးတိုးနဲ့

"သူ့ကိုမာမူနီကြေး ပေးလိုက်"

လို့တီးတိုး ပြောကြတယ်..အကျဉ်းသားလူသစ်တွေဟာ မိုးစွေက လွဲရင် ရှိစုမဲ့စုလေးတွေကို ကတုန်ကယင် ထုတ်ပြီး ပုတ်ကြီးကိုပေးဖို့ပြင်ကြတယ်...။

မိုးစွေကတော့ ဒီလို မတရား အနိုင်ကျင့်တာကို အလွန်စက်ဆုတ်တယ်..ဒါကြောင့် လူသန်ကြီးဇကို လာဘ်ထိုးဖို့ မစဉ်းစားဘဲ

"ဟေ့ကောင်ကြီး မင်းက ဘိန်းစားချင်း အတူတူ ဘာလို့ တစ်မူးပို ရှူချင်ရတာလဲ ..ဘဝတူ အချင်းချင်း အနိုင်ကျင့်တာ ဇာတ်တူသား စားတဲ့ အပြုအမူမျိုးပဲကွ"





လို့ဆိုလိုက်တော့ လူသန်ကြီးက မိုးစွေကို မကျေမချမ်းကြည့်ပြီး

"ဘာ..ဇာတ်တူသား စားတယ် ဟုတ်လား..မင်းငါ့ကို ကာပြန်ရဲတယ်ပေါ့..ကျွန်းမှာ ပုတ်ကြီးဆိုတာ ဘာကောင်လဲမသိဘူးလား"

လို့ဆိုတော့ မိုးစွေက ခေါင်းခါယမ်းပြီး

"မင်းဘာသာ ဘာကောင်လဲဆိုတာ ငါစိတ်မဝင်စားဘူး..ဒါပေမဲ့ ငါ့ရှေ့မှာ မတရား မလုပ်နဲ့ကွ ငါစိတ်မဝင်စားဘူး.. မင်းမှတ်ထား၊ ငါ့နံမည် မိုးစွေ ငါဒီနေ့ ကျွန်းကိုရောက်တယ်..ဒီအချိန်ကစပြီး ကျွန်းပေါ်မှာ ဖြစ်နေတဲ့ မတရားမှုတွေကို ငါ ရင်ဆိုင်မယ်..မင်းတို့လို ဗုံမဟုတ်ပတ်မဟုတ် လူမိုက် အစုတ် အပြုတ်တွေကို အပြတ်ရှင်းမယ်"

ဆိုပြီး လူသန်ကြီးရဲ့ မျက်နှာကို လက်ပြန် ဖြတ်ရိုက်လိုက်

တော့လူသန်ကြီး မရှောင်နိုင်ဘဲ အရိုက်ခံလိုက်ရတယ်။

လူသန်ကြီးဟာ လူမိုက်အမည်ခံပြီး အရိုက်ခံလိုက်ရတဲ့ အတွက် ဒေါသပုန်ထပြီးမိုးဇွေကို အော်ဟစ်ဆဲဆိုလိုက်တယ်..။

ပြီးတော့ ထန်းသီးလုံးလောက်ကြီးတဲ့လက်သီးကြီးနဲ့ ပြေး ထိုးလိုက်တယ်...။

မိုးဇွေဟာ လူသန်ကြီးရဲ့လက်သီးကို အသာအယာ ရှောင် တိမ်းလိုက်ပြီး ပေါင်ကြားကို ခြေနဲ့ တအားလွဲကန် လိုက်တော့ လူသန်ကြီး တစ်ရှိတည်းနဲ့ မေ့မြောသွားတယ်..။

အကျဉ်းသားတွေဟာ မိုးဇွေလို လူသစ် တစ်ယောက်က ရောက်ရောက်ချင်း ကျွန်းလူမိုက်တစ်ယောက်ကို နှိမ်နင်းလိုက် တာ မယုံနိုင်အောင် ဖြစ်သွားတယ်..မိုးဇွေရဲ့ သတ္တိကိုလည်း အထင်ကြီးသွားကြတယ်...။

လူသန်ကြီးကို သူ့တပည့်တွေ မ.သွားတော့ မိုးဇွေအနီးကို





အကျဉ်းသားတွေ စုပြုံလာပြီး

"ကိုမိုးဇွေ ပုတ်ကြီးကို ဆော်လိုက်တာ ဝမ်းသာလိုက် တာဗျာ..ဒီကောင်ကြီးက ကျုပ်တို့ကို ကျွန်းသားချင်း မညှာမတာ အမြဲတန်း ခေါင်းပုံဖြတ် နေတာဗျ..ဒီကောင်ကြီးကြောင့် ကျုပ်တို့ လုပ်အားခတွေ ဆုံးရှုံးပေါင်း များလှပြီ..နောင်ဆိုရင် ပုတ်ကြီး ကျုပ်တို့ကို အနိုင်မကျင့်ရဲတော့ဘူး"

လို့ပြောကြတယ်..မိုးဇွေက လက်သီးကို ကျစ်ကျစ်ပါ အောင် ဆုပ်ပြီးတော့

"မတရားမှုကို မြင်ရင် ကျုပ်ကို ပြောပါ၊ မတရားတာ မြင် ရင် ဘယ်တော့မှ ခေါင်းငုံ့ မခံတတ်ဘူး"

လို့အော်ဟစ်ပြောဆိုလိုက်တော့ အကျဉ်းသားတွေဟာ ဝမ်းသာအားရနဲ့ အော်ဟစ်ပြီး အားပေးကြတယ်။

မိုးဇွေဟာ ဒီအချိန်ကစပြီး အကျဉ်းသားတွေရဲ့ခေါင်း

ဆောင်ဖြစ်ခဲ့ရတယ်…အကျဉ်းသားတွေခေါင်းပုံဖြတ်အခံရတိုင်း မိုးစွေကို လာရောက်တိုင်တန်းကြလို့ မိုးစွေဟာ နားရတယ် မရှိဘူး....။

ဒီလိုနဲ့ ကျွန်းကို ရောက်ပြီး များမကြာမီမှာ မိုးစွေဟာ ကျွန်းလူမိုက်တစ်ယောက်ဖြစ်ခဲ့တယ်...။

သူဟာ ကျွန်းသားတွေရဲ့ယုံကြည်လေးစားခြင်းခံရပေမဲ့ ဘာယာတွေနဲ့ ကျွန်းသားလူမိုက်တွေရဲ့အမုန်းဖွဲ့ခြင်းကို ခံရတယ်...။

မိုးစွေရဲ့အသက်အန္တရာယ်ကိုလုပ်ကြံမယ်ဆိုတဲ့သတင်းတွေလည်း ထွက်ခဲ့တယ်....။

❋✳❋





တစ်နေတော့ မိုးစွေဟာ ကျွန်းလူမိုက် တစ်ယောက်ဖြစ်တဲ့ဆရာသက်ကြီးဆိုတဲ့လူနဲ့ ထိပ်တိုက်တွေ့ခဲ့တယ်...။

ဆရာသက်ကြီးဟာ လူပုံကိုကြည့်ရင် နှုတ်ခမ်းမွေးသဲ့သဲ့နဲ့ လူအေးတစ်ယောက်လိုပဲ...။

ဒါပေမဲ့ ဆရာသက်ကြီးဟာ သိုင်းပညာ အားကိုးနဲ့ လူတကာကို အနိုင်ကျင့်ပြီး မိန်းမမှုပွေတဲ့ နေရာမှာ နံမည်ဆိုးနဲ့

ကျော်ကြားတယ်....။

သက်ကြီးဟာ ကျွန်းပေါ်မှာ မိန်းမတွေ ယူထားတာ မှိုလိုပေါက်နေတာပဲ..သူဟာ အမျိုးကောင်း သားသမီးတွေကို လည်း မယားလုပ်ဖို့ဆွယ်တရားဟောတတ်တယ်...။

တစ်နေ့တော့ ကျွန်းပေါ်မှာ စောင်ခြင်ထောင် ရောင်းဝယ် တဲ့ မဝင်းမေကို မယားလုပ်ဖို့ကြိုးစားတယ်..မဝင်းမေဟာ သူ့ကို ကျွန်းလူမိုက်မှန်းသိလို့ကလန်ကဆန် မလုပ်ဝံ့ဘဲ ငြိမ်ငြိမ် သက် သက် တုံ့ပြန်တယ်...။

ဒါပေမဲ့ တဏှာရူးသက်ကြီးက စိတ်မရှည်နိုင်တော့ဘဲ မဝင်းမေကို တစ်လအတွင်း လက်ထပ်ဖို့ရာဇသံပေးတယ်...။

မဝင်းမေ မငြင်းပယ်ရဲအောင် စောင်ဆိုင်ကို တပည့်တွေ လွှတ်ပြီး မီးရှို့နိုင်းတယ်..ကျွန်းက လူတွေဟာ စောင်ဆိုင် မီးရှို့တဲ့ လက်သည်တရားခံဟာ သက်ကြီးမှန်း သိပေမဲ့အရေးမယူဝံ့ဘူး။





နောက်ဆုံးတော့ မဝင်းမေဟာ ကြံရာမရ ဖြစ်ပြီး မိုးစွေဆီ ကို ပေါက်ချလာတယ်..မိုးစွေဟာ သက်ကြီး အကြောင်း ကြားဖူး နေတာ ကြာပြီ...။

တစ်နေ့သူနဲ့ ထိပ်တိုက်တွေ့မယ်လို့လည်း ယုံကြည် တယ်....အခု ထင်တဲ့အတိုင်း သက်ကြီးနဲ့ထိပ်တိုက်တွေ့ပြီ..။

မဝင်းမေဟာ မိုးစွေကမျက်နှာငယ်လေးနဲ့ကြည့်ပြီး

"အဝင်းကိုကူညီမှာလား အစ်ကိုရယ်.."

လို့တောင်းပန်တယ်...။

မိုးစွေဟာ မျက်မှောင်ကြုတ်ပြီး ခဏ စဉ်းစားတယ်..။

သက်ကြီးနဲ့ထိပ်တိုက်တွေ့ရမှာကိုမကြောက်ပေမဲ့မိမိက အကျဉ်းသားဖြစ်ပြီး သက်ကြီးက အရပ်သားဖြစ်နေတယ်...။

ပြဿနာဖြစ်လာရင် မိမိဘက်က ခံဘက်ချည်းပဲ..ဒါပေမဲ့ သူကိုယ်တိုင် မတရားမှုနဲ့ အပြစ်ဒဏ် ကျလာသူ ဆိုတော့

မတရားတာ မြင်ရင် လက်ပိုက်ပြီး ကြည့်မနေနိုင်ဘူး...။

မဝင်းမေ အစက်အခဲကို ကူညီမယ်လို့ ဆုံးဖြတ်လိုက်တယ်....။

❋✱❋





မိုးစွေဟာ မဝင်းမေရဲ့ အစက်အခဲကို ကူညီမယ်လို့ ဆုံးဖြတ်ပြီးတော့ သက်ကြီးနဲ့ ထိပ်တိုက်ရင်ဆိုင်ဖို့ ဆုံးဖြတ်လိုက်တယ်...။

ဒါကြောင့် သက်ကြီးတို့ လူစု ကျက်စားတတ်တဲ့ ကျွန်း အနောက်ဘက်က အရက်ဆိုင်ကိုလာခဲ့တယ်...။

ဒီအရပ်ကို မိုးစွေ ဝင်လာပြီ ဆိုကတည်းက သက်ကြီးရဲ့

လူတွေဟာ တစ်ဆင့်ပြီးတစ်ဆင့် သက်ကြီးရဲ့နားကို ပေါက်အောင် ပြောခဲ့တယ်...။

ဒီအချိန်မှာ သက်ကြီးဟာ အရက်ဆိုင်မှာ သူ့ရဲ့နောက်ဆုံး မယား မိမိုးနဲ့ ရှိနေတယ်...။

သက်ကြီးဟာ သူ့ပိုင်နက်ထဲကို မိုးစွေ ရောက်လာတဲ့ သတင်းကြားတော့ မျက်မှောင်ကြုတ်ပြီး

"ဒီကောင်သတ္တိတော့ မဆိုးပါလား"

လို့ရေရွတ်လိုက်တယ်...။

မိမိုးက သက်ကြီးရဲ့ပခုံးကို ဖက်ပြီး

"အစ်ကိုကြီး ဘာလို့ဇာတ်လမ်းတွေရှုပ်တာလဲ"

လို့အပြစ်တင် လိုက်တော့ သက်ကြီးက

"ပါးစပ်ပိတ်ထား ကောင်မ"

ဆိုပြီး မိမိုးရဲ့ဖင်ကိုဆောင့်ကန် လိုက်တာ မိမိုးကြမ်းပေါ်ကို





ဒလိမ့်ခေါက်ကွေး ကျသွားတယ်...။

ဒီအချိန်မှာပဲ ဆင်နားရွက် တံခါး နှစ်ချပ်ကို တွန်းဖွင့်ပြီး မိုးစွေ ဆိုင်ထဲကို ဝင်လာတယ်...။

မိုးစွေက သက်ကြီးရဲ့ရှေ့ကိုတန်းရောက်လာပြီး သက်ကြီး မျက်နှာကို မထီလေးစား ကြည့်ကာ

"ခင်ဗျားကို ကျုပ်စိန်ခေါ်တယ်...ဘာကြောင့်စိန်ခေါ်တယ် ဆိုတာ ခင်ဗျားသိပါတယ်"

လို့ဆိုလိုက်တော့ သက်ကြီးက သဘောကျဟန်နဲ့ တဟားဟား ရယ်မောလိုက်ပြီး

"ဘယ်ဆိုးလို့လဲကွ...ဒါကြောင့်လဲ ကျွန်းကို ရောက်လာတာ ဘာမှ မကြာသေးဘူး လူမိုက်ဘွဲ့ကို ထိုက်ထိုက် တန်တန် လက်ခံခဲ့ရတာပဲ"

လို့ဆိုလိုက်တော့ မိုးစွေက ခေါင်းခါယမ်းလိုက်ပြီး

"ကျုပ်လူမိုက်မဟုတ်ဘူး..လူမိုက်တွေမတရားလုပ်တာကိုလိုက်နှိမ်နင်းနေတဲ့လူမိုက်ပုလိပ်ပဲ"

လို့ဆိုလိုက်တော့သက်ကြီးမျက်နှာပျက်သွားပြီး

"ငါကမင်းတွေ့ဖူးတဲ့ခပ်ညံ့ညံ့လူမိုက်မဟုတ်ဘူး၊သက်ကြီးကအဆိပ်ရှိတယ်"

လို့ခြိမ်းခြောက်လိုက်တယ်..မိုးစွေကတည်ငြိမ်တဲ့ အမူအရာနဲ့

"အဆိပ်ရှိမရှိ မနက်ဖြန် ညနေ သိရတော့မှာပေါ့၊ မနက်ဖြန် ညနေ ပုလဲဆိပ်ကို ဆက်ဆက်လာခဲ့ပါ"

လို့ပြောပြီးသက်ကြီးရှေ့က ထွက်ခွာလာခဲ့တယ်....။

မိုးစွေနဲ့သက်ကြီးတို့ပုလဲဆိပ်မှာတိုက်ခိုက်မဲ့သတင်းဟာတစ်ကျွန်းလုံးအနှံ့တောမီးလိုပြန့်သွားတယ်...။

ဒါကြောင့်သူတို့တိုက်ခိုက်မဲ့အချိန်မှာတစ်ကျွန်းလုံးလိုက်





ကြည့်ဖို့ကြံ့ရွယ်ထားကြတယ်..မိုးစွေကိုမလိုမုန်းထားပြီး အမုန်းကြီး မုန်းနေတဲ့ဂွင်းနီဂွင်းကြားကြီးတွေဟာ သက်ကြီးဆီသွားပြီး မိုးစွေကို တစ်ခါတည်း အပြတ်ရှင်းဖို့ပြောတယ်...။

လူအင်အားသုံးပြီး ချရင် မိုးစွေ လက်သည်မပေါ်ဘဲ သေရွာရောက်သွားနိုင်တယ်လို့ မြှောက်ထိုးပင့်ကော် ပြောကြတယ်....။

❄✳❄

နောက်တစ်နေ့ညနေ ပုလဲဆိပ်ကိုမိုးစွေထွက်သွားတော့ သူ့နောက်မှာ တစ်ကျွန်းလုံးက လူတွေလိုက်ပါသွားတယ်…။

မိုးစွေ ပုလဲဆိပ်ကို ရောက်တော့ ပုလဲဒိုင်ရဲ့ အရှေ့က မြေကွက်လပ်မှာ သက်ကြီး စောင့်နေတယ်…။

သက်ကြီးက မိုးစွေရောက်လာတော့ လက်ခမောင်းကို တခြောင်းခြောင်းတီးလိုက်ပြီး





"စိန်ခေါ်ရင် တိမ်ပေါ်အထိလိုက်မဲ့..မတစ်ထောင် တစ်ကောင်ဘွား သက်ကြီးကွ"

လို့ကြုံးဝါးလိုက်တယ်….။

မိုးစွေကသက်ကြီးကို ရှုတင်းတင်းကြည့်ပြီး

"ခင်ဗျားလည်း ဗန်တိုဗန်ရှည် သမား ကျုပ်လည်း ဗန်တိုဗန်ရှည်သမားပဲ…။ အပိုတွေ ပြောမနေနဲ့.. ချစရာရှိတာ ချမယ်…. ကျုပ်ရှုံးရင် ခင်ဗျားလုပ်ချင်တာ လုပ်နိုင်တယ်..ခင်ဗျား ရှုံးရင်တော့ မဝင်းမေကို လက်ဖျားနဲ့ မထိရဘူး"

လို့ဆိုလိုက်တော့ သက်ကြီးက တဟားဟား ရယ်မောလိုက်ပြီး

"မိန်းမ တစ်ယောက်အတွက် ငါတို့ နှစ်ယောက် ချရမလို ဖြစ်နေပြီ..ဟော့ကောင် မိုးစွေ မင်းဒီကောင်မကို ကြိုက်နေလို့လား..ဒါဆိုရင်တော့ ငါနောက်ဆုတ်ပေးပါ့မယ်..မဝင်းမေလို

ကောင်မမျိုးတွေ ငါမှာ ပေါပါတယ်ကွ"

လို့ဆိုလိုက်တော့ မိုးစွေက ခေါင်းခါယမ်းပြီး

"မဝင်းမေက ကျုပ်စာရင်းထဲမှာ မရှိဘူး၊ ခင်ဗျားလို ရာဇဝင်လူဆိုးတွေကို နှိပ်ကွက်ဖို့ပဲ စိတ်ဝင်စားတယ်"

လို့ဆိုလိုက်တော့သက်ကြီးရဲ့ဘီလူးခေါင်းဆောင်းထားတဲ့ မျက်နှာဖုံးကျွတ်ကျသွားပြီး မိုးစွေကို စတင်တိုက်ခိုက်တယ်....။

သူတို့ နှစ်ယောက်တိုက်ပွဲက အချိန်သိပ် မကြာလိုက်ပါဘူး..နှစ်ယောက်စလုံးဗန်တိုဗန်ရှည် သမားတွေမို့မြွေမြွေချင်းခြေမြင်ကြတယ်...။

သက်ကြီးဟာ ကျွန်းမှာ သူတစ်ပါးကို မတရား ခေါင်းပုံဖြတ် အမြတ်ထုတ်နေလို့ လေ့ကျင့်ခန်းတွေနဲ့ ဝေးပြီး သက်လုံမကောင်းတော့ဘူး....။





မိုးစွေကတော့ ကျွန်းမှာ နေပေမဲ့ ဗန်တိုဗန်ရှည် ပညာကို နေ့စဉ်မပြတ် လေ့ကျင့်နေတော့ စွမ်းရည် မကျဘူး.. သက်ကြီးဟာ မိုးစွေရဲ့တိုက်ခိုက်မှုတွေကို အလူးအလဲ ခံနေရတယ်..။

တစ်ချီမှာ မိုးစွေရဲ့ပြင်းထန်တဲ့ခြေကန်ချက်တစ်ချက်မိပြီး သက်ကြီးယိမ်းယိုင်သွားတယ်..မိုးစွေကအခွင့်အရေးကို အမိအရ ယူပြီး သက်ကြီးရဲ့ ခန္ဓာကိုယ် အောက်ပိုင်းကို ခြေနဲ့ သိမ်းရိုက်လိုက်တော့ သက်ကြီး မခံနိုင်ဘဲ မြေပေါ်ကို ပြိုလဲကျသွားတယ်..။

မိုးစွေဟာ သက်ကြီး ရှုံးနိမ့်သွားတဲ့အတွက် ဆက်မတိုက်ဘဲရပ်စောင့်နေလိုက်တယ်..သက်ကြီးက အရှုံးမပေး သေးဘဲ မိုးစွေကို ကမူးရှူးထိုး ပြန်တိုက်ခိုက်တယ်...။

ဒါကြောင့် အမှားတွေ ပိုများပြီး မိုးစွေရဲ့ ပြင်းထန်တဲ့ ခြေကန်ချက်ထပ်မိတော့ မြေပေါ်ကို ပြိုလဲကျသွား တယ်....။

ဒီတစ်ချီမှာတော့ သက်ကြီးဟာ နံရိုးတွေ ကျိုးပြီး အသက်ရှူရပ်မတတ် ဖြစ်သွားလို့ ပြန်မထနိုင်တော့ဘူး....။

သက်ကြီးရှုံးနိမ့်သွားတဲ့အတွက် လူမိုက်တွေဟာ ကြိုတင်ကြံစည်ထားတဲ့ အတိုင်း တုတ်ဓားလက်နက်တွေကိုင်ပြီး ပုန်းနေရာက အလျှိုအလျှိုထွက်လာတယ်....။

မိုးစွေဟာ လက်နက်ကိုင် လူစုကြီးကို ကြည့်ပြီး မျက်မှောင်ကြုတ်လိုက်တယ်...။

သက်ကြီးဟာ ဇန်တိုဇန်ရှည် သမား တစ်ယောက်ဖြစ်လို့ ဒီလောက်ယုတ်မာမယ် မထင်ဘူး....။

ဒါပေမဲ့ သူနောက်ကျသွားပြီ..လူမိုက်တွေဟာ လမ်းကို ညှပ်ပူးညှပ်ပိတ်လုပ်ပြီး မိုးစွေကို ဇီဝိန်ခြွေဖို့ကြံစည်ထားတယ်..။

မိုးစွေဟာ လူမိုက်အုပ်ထဲမှာ ရှောင်တိမ်းပြီး ခုခံနေရတယ်..ဒါပေမဲ့ တစ်ယောက်နဲ့ အများဆိုတော့ ထိချက်နာပြီး





အလူးအလဲ ခံနေရတယ်..ဒီအချိန်မှာပဲ ကျယ်လောင်တဲ့ ဟွမ်းတီးသံကြီး ကြားရပြီး ကျွန်းလုံခြုံရေးတပ်သားတွေဟာ ခရာတွေမှုတ်ပြီး ရောက်လာတယ်....။

အဲဒီနေ့က မမျှော်လင့်ဘဲ မိုးစွေတို့ ရန်ဖြစ်နေတဲ့ လမ်းကို ကျွန်းမင်းကြီးရဲ့ ကားရောက်လာခဲ့တယ်..ဒါကြောင့် သက်ကြီးအပါအဝင် လူမိုက်အားလုံးကို ဖမ်းမိတယ်..နောက်ဆုံး အမှုစစ်တော့ သက်ကြီးနဲ့ အပေါင်းအပါတွေကို ကျွန်းပေါ်ကနေ ပြည်နှင်ဒဏ်ပေးလိုက်တယ်...။

မိုးစွေကတော့ အကျဉ်းသားဖြစ်လို့ ပို အပြစ်ကြီးသွားတယ်..တစ်ကျွန်းမှာ ပြစ်မှုကျူးလွန်ရင် နေထိုင်ရမဲ့ စီလူလာထောင်ကို ပို့ခံရတယ်...။ စီလူလာထောင်ဟာ တစ်ကျွန်းက အကျဉ်းသားတွေရဲ့ကြောက်စရာ အကောင်းဆုံး ငရဲဘုံပဲ....။

❄✳❄

မိုးစွေဟာ ကျွန်းကို အပြစ်မရှိဘဲ ရောက်လာပြီး စီလူလာ ထောင်ကို တစ်ခါ ရောက်ပြန်တော့ ရှေးဘ၀ကဝဋ်ကြွေး တော်တော်ကြီးတယ်လို့ပဲ သဘောထားမိတယ်...။

ပြည်မမှာ ပျော်ရွှင်စွာ နေထိုင်ပြီး ချစ်သူနဲ့ ပေါင်းဖက်ရမဲ့ အစား ကံဆိုးမိုးမှောင်ကျပြီး တစ်ကျွန်းစံ ဘ၀ရောက်ရုံမကဘူး တစ်ကျွန်းရဲ့ငရဲခန်း ဖြစ်တဲ့ စီလူလာထောင်ကို အလည် ရောက်ပြန်ပြီ...။





စီလူလာ ထောင်ဟာ အလွန် ကြမ်းကြုတ် ရက်စက်တယ်...။

ကျွန်းမှာ တစ်ခါထပ်ပြီး အပြစ်ကျူးလွန်တဲ့ သူတွေကို ထားတဲ့ နေရာဆိုတော့ ကြမ်းတမ်းတာ မဆန်းပါဘူး...။

မိုးစွေဟာ ၁၀ ပေ ပတ်လည် အခန်းလေးထဲမှာပဲ တစ်ချိန်လုံးနေရတယ်...သူ့ အခန်းကနေ ပင်လယ်ဖင်ယော်တွေရဲ့ အော်မြည်သံက လွဲလို့ ဘာသံမှမကြားရဘူး....။

အစောင့်တွေက သူ့ကို မနက်တစ်ကြိမ် ညတစ်ကြိမ် အစားအစာနဲ့ အညစ်အကြေးအိုး ယူတာကလွဲလို့ ဘာစကားမှ ပြောခွင့်မပြုဘူး...။

မိုးစွေက အကြောင်းကိစ္စရှိလို့စကားပြောရင်လဲ သူတို့က စကား တစ်ခွန်းမှ ပြန်မပြောဘူး....။

တကယ်တော့ စီလူလာထောင်ကြီးဟာ အကျဉ်းသား

တွေကို အသံတိတ်နည်းနဲ့ နှိပ်စက်နေတာပဲ..နောက်ဆုံးမှာ အကျဉ်းသားဟာ တိတ်ဆိတ်ငြိမ်သက်မှုကို မခံနိုင်တဲ့အဆုံးမှာ ကိုယ်ကိုယ်ကိုယ်အဆုံး စီရင်သွားတာများတယ်...။

မိုးဇွေဟာ တိတ်ဆိတ် ငြိမ်သက်မှုပြေပျောက်သွားအောင်လို့တစ်နေကုန် သီချင်းတွေအော်ဆိုတယ်..အခန်းထဲမှာ လှည့်ပတ်ပြီး လမ်းလျှောက်တယ်...။

အခန်း တစ်ခုလုံး အမှောင်လွှမ်းနေလို့ လျှောက်ကာစမှာ ဘာမှမမြင်ရဘူး..နောက်တော့မှ အလင်းရောင်ကို မှိန်ပြပြလေး မြင်ရတယ်...။

အကျဉ်းသားတစ်ယောက်အတွက် စိတ် ချောက်ချားလွန်းလို့ ရူးသွပ်စေတဲ့နေရာပဲ...။

ဒီလိုနဲ့ အချိန်တွေ တရွေ့ရွေ့ကုန်လွန်သွားခဲ့တယ်...။

မိုးဇွေ ကျွန်းကို ရောက်ခဲ့တာ ၈ နှစ်နီးပါး ရှိခဲ့ပြီ..သူဟာ





စီလူလာထောင်မှာ အထီးကျန် နေထိုင်ရတဲ့ ကာလတွေဟာ ပန်းနာ ရောဂါသည် မိခင်ကြီးနဲ့ ချစ်သူ မနန်းမူကို မကြာခဏ သတိရနေမိတယ်...။

မိခင်ကြီးရဲ့ နောက်ဆုံး အချိန်မှာ သူအနားမှာ ရှိမနေနိုင်ခဲ့ဘူး...။

မနန်းမူ ဒီအချိန်ဆိုရင် အိမ်ထောင်ရက်သား ကျနေမှာလား လို့တွေးပြီး မိမိမှာ အပြစ်မရှိဘဲ အသားလွတ် ထောင်ကျခံရတာကို ရင်မှာ နာကျင်နေမိတယ်...။

မိမိကို ချောက်ချပြီး ထွက်ဆိုခဲ့တဲ့မြင်းလှည်းသမား ဘစိန်ကိုနာကြည်းလွန်းလို့ကျွန်းက ထွက်ပြေးနိုင်မဲ့နေ့မှာ မဖြစ်ဖြစ်အောင် လက်စားချေမယ်လို့ ဆုံးဖြတ်ထားတယ်....။

❄✳❄

မိုးစွေစိလူလာထောင်အလုံပိတ်ခန်းထဲမှာနေပြီးတစ်နေ့မှာ သူ့ရဲ့တစ်ဖက်ခန်း နံရံမှာ ထုရိုက်သံလိုလိုကြားလိုက်ရတယ်။

မိုးစွေဟာ မျက်မှောင်ကြုတ်ပြီး အသံကို နားစွင့်လိုက်တယ်အသံကိုတစ်ကြိမ်ထပ်ကြားရတယ်..။

ပြီးတော့ အသံတိတ်သွားတယ်..ခဏကြာတော့ ထုရိုက်သံကို တစ်ခါ ထပ်ကြားရပြန်တယ်..သူကြားရတဲ့ အသံက ပိုပြီး





ကျယ်လောင်သွားတယ်...။

အကျဉ်းသား တစ်ယောက် ထောင်ဖောက်ပြေးဖို့ကြံရွယ်နေတာ ဖြစ်ပုံရတယ်..မိုးစွေက ယောင်သားကို ကူညီဖို့ ဆုံးဖြတ်လိုက်ပြီး အခန်းထဲမှာ လက်နက် ကရိယာကိုရှာတယ်...။

ဒီအခါမှာ အခန်းထောင့်က ရေအိုးကို သွားတွေ့တယ်...။

မိုးစွေဟာ ရေအိုးကို ရိုက်ခွဲပြီး ချွန်ထက်တဲ့ အစ တွေကို အိပ်ယာအောက်မှာ ဝှက်ထားလိုက်တယ်..နောက်တစ်နေ့မှာ အစောင့်ကို ခေါ်ပြီး

"ရေအိုးကျကွဲသွားတယ်"

လို့ပြောလိုက်တော့ အစောင့်က ဆဲဆိုပြီး ရေအိုး တစ်လုံးပြန် အစားထိုးပေးတယ်..အခန်းထဲက အိုးခြမ်းပဲ့တွေကိုတော့ ပြန်သိမ်းမသွားဘူး...။

စီလူလာထောင်ဟာ အလယ်ခေတ်က လက်ရာ ထောင်

ပေါင်းကြီးမို့ ကျောက်တွေရဲ့ဆွဲအား မကောင်းတော့ဘူး.. ဒါကြောင့်နံရံထဲက ကျောက်တုံး အပိုင်းအစလေးတွေ ပဲ့ထွက်လာပြီး နောက်ပိုင်းမှာ ကျောက်တုံး တစ်တုံး ပြိုကျလာပြီး နံရံမှာ အပေါက် တစ်ပေါက်ဖြစ်သွားတယ်...။

မိုးခစွပ်ဟာ ပဲ့ထွက်လာတဲ့ ကျောက်တုံး အစအနတွေကို အခန်းထောင့်မှာ မြေကြီးနဲ့ ဖုံးထားလိုက်တယ်....။

နံရံကအပေါက်ကြီးကိုတော့ သူအိပ်တဲ့ အိပ်ယာနဲ့ကာထား လိုက်တယ်..ညဘက်အစောင့်တွေ အိပ်တဲ့ အချိန်ကို ရောက်တော့နံရံကအပေါက်ကြီးကိုပိုကျယ်အောင် ချဲ့ခဲ့တယ်...။

ဒီလို ချဲ့ရင်း တစ်နေရာကို ရောက်တော့ သစ်သားချောင်းကြီး တစ်ချောင်းခံနေတဲ့အတွက် တူးဆွလို့မရတော့ဘူး.. .။

မိုးစွေဟာ သစ်သားချောင်းကြီးကို ဘယ်လိုမှ တူးမရတဲ့ အဆုံး





"သွားပါပြီကွာ"

လို့ စိတ်ပျက်လက်ပျက် ငြီးညူ လိုက်တယ်..ဒီအချိန်မှာပဲ အပေါက်ရဲ့တစ်ဖက်က

"စိတ်မပျက်နဲ့ဟေ့...၊ မင်းဆီကို ငါရောက်လာမယ်"

ဆိုတဲ့ အသံကိုကြားလိုက်ရတော့ မိုးစွေဟာရုတ်တရက် လန့်ပြီးခုန်မတတ်ဖြစ်သွားတယ်..တစ်ဖက်ခန်းမှာ လူတစ်ယောက် ရှိနေ တယ်.. မိုးစွေက အသံကျယ်ကျယ်နဲ့

"ခင်ဗျား ဘယ်သူလဲ"

လို့မေးမြန်းလိုက်တော့ တစ်ဖက်ခန်းကလူက

"မင်းလိုပဲ အကျဉ်းသားပေါ့ကွာ..မင်း ဘယ်နေရာလောက်မှာရှိသလဲ"

လို့မေးတော့ မိုးစွေက

"ခင်ဗျားရဲ့ တစ်ဖက်မှာရှိနေတယ်"

လို့ဖြေလိုက်တယ်..တစ်ဖက်ခန်းကလူက

"မင်းရဲ့အခန်းတံခါးနောက်မှာ ဘာရှိသလဲ"

လို့မေး တယ်.. မိုးစွေက

"ကျုပ်အခန်းရှေ့မှာ အုတ်တံတိုင်း တစ်ခုရှိတယ်"

လို့ဆိုလိုက်တော့တစ်ဖက်ခန်းကလူဟာ ဘာမှမပြောဘဲ ငြိမ်သက်သွားတယ်..မိုးစွေက

"ခင်ဗျား ဘယ်မှာလဲ"

လို့ထပ်မေးလိုက်တော့တစ်ဖက်ခန်းကလူက

"ငါစိတ်ပျက်သွားပြီ နောက်နေ့မှ စကားပြောကြတာပေါ့..မင်းတူးတာကို ရပ်လိုက်တော့ ငါမတူးနိုင်းဘဲ ဆက်မတူးနဲ့တော့"

လို့ပြောပြီး တစ်ဖက်ခန်းကလူဆီက ဘာသံမှ မကြားရတော့ဘူး....။





မိုးစွေဟာ နံရံက အပေါက်ကို အိပ်ယာနဲ့ လုံလုံခြုံခြုံ ပြန်ပိတ်ထားလိုက်ပြီး ကျောက်တုံးကျောက်ခဲ အပိုင်းအစတွေကို သိမ်းထားလိုက်တယ်....။

နောက်တစ်နေ့မှာ အိပ်ယာကို နံရံက ဖယ်လိုက်တော့ အုတ်နံရံထဲက အသံကိုကြားရပြန်တယ်....။

မိုးစွေက နံရံက အုတ်တုံးကိုဖယ်လိုက်တော့တစ်ဖက်က အသံကိုကြားရတယ်..မိုးစွေက အုတ်နံရံအပေါက်ထဲကိုချောင်းကြည့်နေတုန်းမှာပဲ အုတ်နံရံအပိုင်းအစတွေ ပဲ့ကျလာပြီး သူ့အခန်းထဲကိုလူတစ်ယောက်တိုးဝင်လာတယ်....။

တစ်ဖက်ခန်းကလူဟာ မုတ်ဆိတ်မွေး ပါးမြိုင်းမွေးတွေနဲ့ အသက် ၆၀ ဆယ်ဝန်းကျင် လူကြီးတစ်ယောက်ဖြစ်ပြီး ကျန်းမာရေး ချို့တဲ့နေပုံရတယ်.....။

သူက မိုးစွေရဲ့အခန်းကို မျက်လုံးဝေ့ကြည့်ပြီး

"ငါ တစ်ချိန်လုံး ကြိုးစားပမ်းစား လုပ်ခဲ့တာတွေဟာ အလကား ဖြစ်သွားပြီကွာ..ငါ ဘယ်ကိုပြေးပြေး မလွတ်နိုင်တော့ဘူး"

လို့ဆိုလိုက်တော့ မိုးစွေက လူကြီးရဲ့မျက်နှာကို ဂရုဏာသက်ဟန်နဲ့ကြည့်လိုက်ပြီး

"ဘာပဲဖြစ်ဖြစ် ကျုပ်တို့ နှစ်ယောက်ဆုံဆည်းခွင့် ရတာ အမြတ်တစ်ခုပါပဲ"

လို့အားပေးလိုက်တယ်..လူကြီးက မိုးစွေရဲ့စကားကို နားဝင်ဟန်မရှိဘဲ မိုးစွေကို နံရံ အနီးကို ကပ်ခိုင်းပြီး မိုးစွေရဲ့ပခုံးပေါ်ကိုတွယ်တက်လိုက်တယ်....။

ပြီးတော့ နံရံပေါ်မှာ ရှိတဲ့ လေဝင်ပေါက်သံတိုင် တွေကြားက မြင်ကွင်းကို ချောင်းကြည့်လိုက်ရင်း ပခုံးပေါ်က စိတ်ပျက်လက်ပျက်ပြန်ခုန်ချလိုက်တယ်..လူကြီးက ခေါင်းခါယမ်းလိုက်ပြီး





"ငါတို့အပြင်ဘက်မှာ အုတ်နံရံကြီး ရှိတယ်ကွ..ပင်လယ်ပြင်ကို အလွယ်တကူ မရောက်နိုင်တော့ဘူး..ပင်လယ်ထဲကိုရောက်ရင် အနီးဆုံး ကျွန်းတစ်ကျွန်းကို ရောက်အောင်သွားပြီး ထွက်ပြေးဖို့ကြံထားတာကွ"

လို့စိတ်ပျက်ဟန်နဲ့ ပြောဆိုတယ်..မိုးစွေက လူကြီးကို ကြည့်ပြီး

"ခင်ဗျား ထောင်ထဲကို ရောက်တာကြာပြီလား"

လို့မေးမြန်းလိုက်တော့ လူကြီးက ခြေပစ်လက်ပစ် ထိုင်ချလိုက်ပြီး

"ငါ့ကို စီလူလာထောင်မှာ ၅နှစ်ချထားတယ်.. တစ်ကျွန်းကို ရောက်တဲ့ အမှုက ကုလားဖြူ အစိုးရကို တော်လှန်မှုမှာ ပါဝင်ခဲ့လို့ပေါ့ကွာ"

လို့ ဖြေလိုက်တော့ မိုးစွေက သက်ပြင်းချပြီး

"ခင်ဗျားက တော်လှန်ရေး တပ်သားကြီးကိုး.. တစ်ကျွန်းကိုရောက်ပြီးမှ ဘာလို့ စီလူလာထောင်ကို အပို့ခံရတာလဲ"

လို့မေးမြန်းလိုက်တော့ လူကြီးက

"ကုလား တစ်ယောက်က ဆရာစံရဲ့တော်လှန်ရေးနဲ့ ပတ်သက်ပြီး လယ်သမားတွေရဲ့ အရှုံးရှုံးပန်း တော်လှန်ရေးပါ.. အင်္ဂလိပ် အစိုးရကို အာခံလို့ ဘယ်ရမလဲ..နောက်ဆုံးတော့ ဆရာစံ ရဲပြည် ရောက်သွားတာပေါ့ လို့ဝေဖန်ကဲ့ရဲ့တာကို မခံနိုင်လို့ အပြတ်ရှင်းလိုက်တာ တစ်ခါတည်း ငါ့ကို စီလူလာထောင်ကို ပို့လိုက်တာပဲ"

လို့ပြောလိုက်တယ်..လူကြီးရဲ့နံမည်ဟာ ဦးမြတ်စံ လို့ သိရတယ်...။

လူကြီးဟာ မိုးဇွေကို နံရံ အပေါက်က တစ်ဆင့် သူ့အခန်းကိုခေါ်သွားတယ်...။





ဦးမြတ်စံက သူ့အခန်းဘက်ကို ရောက်တော့ နံရံက ကျောက်တုံးတစ်တုံးကိုဖယ်ပြီးအခန်းထဲကိုဦးဆောင်ဝင်သွားတယ်..ဒီလိုနဲ့ မိုးဇွေနဲ့ဦးမြတ်စံဟာ တိတ်တဆိတ် ခင်မင်ရင်းနှီးခဲ့တယ်....။

ဒီအချိန်ကစပြီး သူတို့ နှစ်ယောက်ရဲ့အကျဉ်းသားဘဝဟာ ပိုပြီး ပျော်ရွှင်စရာ ကောင်းလာတယ်...။

မိုးဇွေဟာ ဦးမြတ်စံနဲ့ နေထိုင်ရင်း ဦးမြတ်စံဟာ အတွေးအခေါ် ဗဟုသုတတွေနဲ့ ပြည့်စုံတဲ့ လူကြီး တစ်ယောက်ဆိုတာ သတိပြုမိတယ်...။

ဒါကြောင့် ဦးမြတ်စံနဲ့ အတူနေတုန်း ဗဟုသုတ အကြားအမြင်တွေ များသထက် များအောင် ကြိုးပမ်းခဲ့တယ်.. .။

ဦးမြတ်စံဟာ ကမ္ဘာ့သမိုင်း မြန်မာ့သမိုင်းနဲ့ ဘုရားဟောငါးရာ့ငါးဆယ် နိပတ်တော်တွေထဲက မှတ်သားဖွယ်ရာ ဗဟု

သူတာ အမျိုးမျိုးကို သင်ပြပေးခဲ့တယ်...။

သဘာဝလောကကြီးမှာ ကမောက်ကမ ဖြစ်နေတဲ့ အရာတွေကို မြင်နိုင် ကြားနိုင်အောင်လဲ လမ်းညွှန်ပြခဲ့တယ်...။

ဒီလိုနဲ့ ဦးမြတ်စံဟာ မိုးစွေရဲ့ ဆရာဖြစ်မှန်းမသိ ဖြစ်လာတယ်..သူတို့နှစ်ယောက်ဟာ စီလူလာထောင်ရဲ့ကြမ်းကြုတ်ရက်စက်မှုတွေကို ဒီနည်းနဲ့ တုန်ပြန်ပြီး တွန်းလှန်ခဲ့ကြတယ်....။

❋✳❋





တစ်နေ့ဟာ ဦးမြတ်စံရဲ့ အခန်းဘက်က ညည်းညူသံတိုးတိုးကြားရလို့ မိုးစွေ အပြေးအလွှား သွားကြည့်တဲ့အခါ အားအင်ချိနဲ့ပြီး မျက်နှာ တစ်ခုလုံး ဖြူဖတ်ဖြူရော် ဖြစ်နေတဲ့ ဦးမြတ်စံကို တွေ့ရတယ်....။

မိုးစွေက ဦးမြတ်စံကို စိုးရိမ်တကြီး ပြေးပွေ့ပြီး

"ဘယ်လိုဖြစ်တာလဲ"

လို့မေးလိုက်တော့ ဦးမြတ်စံက

"ဘာမှ မေးမနေနဲ့ ငါပြောတာကို သေသေချာချာ နားထောင်"

လို့ပြောတယ်....။

ဦးမြတ်စံရဲ့မျက်လုံးတွေက မည်းနက်နေ ပြီးမျက်ဝန်းမှာအပြာရောင်အရေးအကြောင်းတွေပေါ်နေတယ်....။

အသားအရည်လဲ ဖြူဖတ်ဖြူရော် ဖြစ်နေပြီ.. ဦးမြတ်စံက လေ သံတိုးတိုးနဲ့

"ငါမှာ ကြောက်စရာ ကောင်းတဲ့ အဖျားရောဂါ တစ်မျိုးရှိတယ်.. ငါ့ ခုတင်ကို ထောက်ထားတဲ့ ခြေထောက်တွေထဲက တစ်ခုကိုဖြုတ်ပါ..ခုတင် ခြေထောက်ထဲမှာ ကြေးကြုတ်လေး တစ်ခုရှိတယ်..ကြေးကြုတ်ထဲကအနီရောင် ဆေးရည်ကို သောက်မှ ဖြစ်မယ်"

လို့ပြောတယ်....။





မိုးစွေဟာ ခုတင်ခြေထောက်ထဲက ကြေးကြုတ်လေးကို သုတ်ပြီး ဆေးရည်တွေကို ဦးမြတ်စံ ပါးစပ်ထဲလောင်း ထည့်လိုက်တယ်....။

ခဏကြာအောင် စောင့်ကြည့်လိုက်တော့ ဦးမြတ်စံရဲ့ အခြေအနေ ဘာမှ ထူးခြားမှု ရှိမလာဘူး...။

မိုးစွေဟာ ဦးမြတ်စံရဲ့နံဘေးမှာပဲ စိုးရိမ်ကြီးစွာနဲ့ စောင့်ကြည့်နေမိတယ်..အတန်ကြာတဲ့အခါ ဦးမြတ်စံရဲ့ မျက်နှာ သွေးယောင်လွှမ်းလာတယ်....။

မိုးစွေဟာ ဒီတော့မှ စိတ်အေးချမ်းသွားရတယ်.. ဒီအချိန်မှာပဲသူ့အခန်းဘက်ကို ဦးတည် သွားနေတဲ့ အစောင့်ရဲ့ ခြေသံကိုမိုးစွေကြားလိုက်တယ်....။

မိုးစွေဟာ ဦးမြတ်စံကို စိုးရိမ်ပြီး ပြုစုစောင့်ရှောက်နေလို့ နံနက်စာလာပို့မဲ့အချိန်ကို ဂရုမပြုမိလိုက်ဘူး....။

မိုးဇွေဟာတူးဖော်ထားတဲ့ လမ်းကနေ ကိုယ့်အခန်းကို ဦးတည်ပြီး ကမူးရှူးထိုး ပြေးထွက်ခဲ့ရာ အချိန်မီလေး ရောက်သွားတယ်....။

သူ ရောက်တဲ့ အချိန်မှာ အစောင့်ဟာ နံနက်စာ ဇလုံကို ကိုင်ပြီး မိုးဇွေရဲ့ အခန်းရှေ့ကို ရောက်နေပါပြီ....။

အစောင့်ထွက်သွားတော့ မိုးဇွေဟာ ဦးမြတ်စံရဲ့အခန်းကို ပြန်ရောက်သွားတယ်....။

မိုးဇွေက ဦးမြတ်စံရဲ့ အမူအရာကို ကြည့်ပြီး

"သက်သာ သွားမှာပါ"

လို့ နှစ်သိမ့်လိုက်တော့ ဦးမြတ်စံက သက်ပြင်းချလိုက်ပြီး

"ပထမအကြိမ် အဖျားတက်တုန်းက ဆေးသောက်ပြီး နာရီဝက်အတွင်း သက်သာသွားပြီး လမ်းထလျှောက် နိုင်တယ်..။ အခုတစ်နာရီကျော်ပြီ ငါမသက်သာဘူး...လမ်းလည်း မလျှောက်





နိုင်ဘူး၊ နောက်တစ်ကြိမ် အဖျားထပ်တက်ရင် ငါသေလိမ့်မယ်"

လို့ပြောတယ်.....။

❄✳❄

ဒီလိုနဲ့ မိုးစွေဟာ စီလူလာထောင်မှာ အကျဉ်းကျနေစဉ် ကာလအတွင်း ဦးမြတ်စံနဲ့ အဆွေ ခင်ပွန်းဖွဲ့ပြီး နေထိုင်လာခဲ့ကြတယ်...။

သူတို့ နှစ်ဦးဟာ တစ်ဦးကို တစ်ဦး ကိုင်းကျွန်းမှီ ကျွန်းကိုင်းမှီ နေထိုင်ပြီး စီလူလာထောင်ရဲ့ ရက်စက်ကြမ်းကြုတ်မှုတွေကို ကျော်ဖြတ်ခဲ့ကြတယ်...။

သူတို့ဟာ တစ်ဦးနဲ့ တစ်ဦး ဆွေမျိုးရင်းချာလို နေထိုင်ပြီး





တစ်ယောက်ကိုတစ်ယောက် သံယောဇဉ်ကြီးခိုင်မာခဲ့ရတယ်....။

တစ်နေ့တော့ ဦးမြတ်စံဟာ မိုးစွေ ထောင်ကျလာရတဲ့ အကြောင်းကို မေးမြန်းပြီး ခေါင်းတဆတ်ဆတ်ညိတ်ကာ

"မိန်းမမှုကြောင့် မင်းကိုဝိုင်းပြီး လုပ်ကြံလိုက်ကြတာကွ"

လို့ဆိုလိုက်တော့ မိုးစွေက နားမလည်ဟန်နှင့် မျက်မှောင်ကြုတ်ပြီး

"ဘာ...ကျုပ်ကိုဝိုင်းပြီး လုပ်ကြံလိုက်ကြတာ ဟုတ်လား"

လို့ ရေရွတ်လိုက်တယ်..ဦးမြတ်စံက ခေါင်းညိတ်ပြီး

"ငါ့အနေနဲ့ အမှုသွား အမှုလာကို နားထောင်ပြီးတော့ မင်းထောင်ကျရင် အကျိုးများမဲ့ သူဆိုတာ မရှိဘူး..မင်းရဲ့ ယွန်းတိုက်ကို သေသူ နိုင်ငံခြားသားကို လာပို့တဲ့ မြင်းလှည်းသမားကို မသင်္ကာဘူး...။ ဒီကောင်ဟာ နိုင်ငံခြားသားကို သတ်ပြီး မင်းရဲ့ ယွန်းတိုက်မှာ လာထားမယ် ဆိုတာ တွက်ဆလို့ရတယ်..ဒီပြင်

မင်းရဲ့အမှုမှာ သက်သေ အဖြစ်ပါဝင်တဲ့ အင်္ဂလိပ် ကျောင်းသား နှစ်ယောက်ကိုလည်း မသင်္ကာဘူး..ငါ့အထင် မနန်းမူနဲ့ မင်းကို မနာလို ဖြစ်ပြီး ဝိုင်းလုပ်ကြံ လိုက်တယ်လို့ တွက်ဆမိတယ်.. ဒီအချိန်မှာ မင်းက မနန်းမူရဲ့ မေတ္တာကို ရထားတာ မကြာသေး တော့ ဒီကောင်တွေဟာ မနန်းမူကို အသေရရ အရှင်ရရ လိုချင် နေတဲ့ကောင်တွေလို့လဲ မှတ်တယ်"

လို့ဆိုလိုက်တော့ မိုးစွေက သက်ပြင်းချလိုက်ပြီး

"သူတို့ သုံးယောက်စလုံး မနန်းမူနဲ့ ပတ်သက်ပြီး ကျုပ်နဲ့ ရန်ဖြစ်ခဲ့ဖူးတယ်"

လို့ဆိုလိုက်တော့ ဦးမြတ်စံက ခေါင်းတဆတ်ဆတ် ညိတ်ပြီး

"သေချာတာပေါ့ကွာ ...မင်း မတရား အမှုဆင်ခံလိုက်ရ တာပဲ..ငါ့အထင်ပြောရရင် မင်းကို ချောက်ချဖို့အတွက် အကွက်





ဆင်ပေး လိုက်တာက အင်္ဂလိပ်ကျောင်းသား နှစ်ယောက်ထင် တယ်..ဘာဖြစ်လို့လဲ ဆိုတော့ ပညာတတ် ဆိုတဲ့ကောင်တွေဟာ ပိုပြီး ကောက်ကျစ် ကြလို့ပဲ"

လို့ဆိုလိုက်တော့ မိုးစွေကခေါင်းတဆကြီး တက်ခေါက်ပြီး

"သိပ်ဟုတ်တာပေါ့ကွာ..ကျုပ်ရဲ့အမှုမှာ ဒီကောင်တွေ အားလုံး မတရားသက်သေခံပြီး ကျုပ်ကို ထောင်ထဲ ပို့လိုက်ကြ တယ်..တစ်နေ့ ကျုပ်ထောင်က ထွက်ပြေးနိုင်တဲ့ တစ်နေ့မှာ သုံးယောက်စလုံးကို သေရွာပို့ ပစ်လိုက်မယ်"

လို့ဆိုလိုက်တော့ ဦးမြတ်စံက သက်ပြင်းချပြီး

"တကယ်တော့ သူတို့ သုံးယောက်ကို မင်းပြန် လက်စား ချေရင်လည်းဘာမှ မထူးပါဘူး..အားလုံးက လွန်ခဲ့ပြီကွ.. ငါ့ အထင် မင်းရဲ့ချစ်သူမနန်းမူကိုတောင် သူတို့ သုံးယောက်ထဲက တစ်ယောက်ယောက်က သိမ်းပိုက် လိုက်ပြီထင်တယ်..အင်္ဂလိပ်

ကျောင်းသား နှစ်ယောက်ထဲက တစ်ယောက်ယောက် ဖြစ်ပုံရတယ်...။ ဘာပဲဖြစ်ဖြစ် လောကကြီးမှာ ဘယ်အရာမှ အကြာကြီး တည်မြဲမနေပါဘူး..မင်းသူတို့ကို လက်စားချေနိုင်ရင်လဲ အချိန်တိုလေး အတွင်းမှာပဲ ပျော်ရွှင်နိုင်မှာပါ...။နောက်တော့ မင်းရဲ့ပျော်ရွှင်မှုတွေ ပျောက်ဆုံးသွားမှာပါ..ဒါကို နားလည်ရင် လောကမှာ နေတတ်သွားလိမ့်မယ်"

လို့ဆိုလိုက်တော့ မိုးစွေက ခေါင်းခါယမ်းပြီး

"အို..ဘယ်လိုပဲဖြစ်ဖြစ် သူတို့ကို ကျုပ်ခွင့်မလွှတ်နိုင်ဘူး"

လို့ ဒေါသတကြီး အော်ဟစ်လိုက်တော့ ဦးမြတ်စံက သက်ပြင်းချပြီး

"အဲဒီ ဒေါသလည်း ကြာကြာမခံပါဘူးကွာ.. ပျောက်သွားမှာပါ"

လို့ပြောပြီး ငြိမ်သက် သွားတယ်..မိုးစွေကတော့ သူရန်သူ





သုံးယောက်ရဲ့ ယုတ်မာမှုကို တမြှေမြှေတွေးပြီး အမုန်းမီးတွေ တောက်လောင်လာတယ်....။

သူတို့ နှစ်ယောက်ဟာ တစ်ယောက်အခန်းကို တစ်ယောက် နေ့တိုင်းသွားလည်ပြီး အစောင့်တွေ အခန်းကို အစားအစာလာမပို့မီ အခန်းကို ရောက်အောင် ပြန်ကြတယ်...။

ဦးမြတ်စံဟာ ပညာဗဟုသုတ မျိုးစုံနဲ့ ပြည့်စုံ ကြွယ်ဝသူဖြစ်ပြီး မြန်မာ့သမိုင်း ကမ္ဘာ့သမိုင်းက မှတ်သားဖွယ် အမျိုးမျိုးကို သင်ကြားပြသပေးခဲ့တယ်...။

မိုးစွေဟာ ဦးမြတ်စံနဲ့ နေထိုင်တဲ့ ကာလအတွင်း အတွေ့အကြုံရင့်ကျက်တဲ့ လူတစ်ယောက်ဖြစ်လာခဲ့တယ်....။ စိတ်သဘောလည်း ရင့်ကျက်လာတယ်...။

သူတို့ နှစ်ယောက် တစ်ယောက်နဲ့ တစ်ယောက် ဆွေမျိုးရင်းချာတွေလိုပဲ သံယောဇဉ် တွယ်လာကြတယ်....။

တစ်နေ့တော့ သူတို့ဟာ လိုဏ်ခေါင်း အသစ်တူးပြီး စီလူလာထောင်က လွတ်မြောက်နိုင်မဲ့ နည်းလမ်း တစ်ခုကို ကြံစည်ခဲ့တယ်…။

ဒီလိုဏ်ခေါင်းအသစ်ဟာ ကင်းသမားရဲ့ကင်းတဲအောက်က ဖြတ်သွားပြီး ကင်းသမားကို လိုဏ်ခေါင်းထဲ ပြုတ်ကျအောင် စီမံထားတယ်…။

ဒါပေမယ့် တူးဖော်တဲ့ လိုဏ်ခေါင်း မပြီးဆုံးမီမှာ ဦးမြတ်စံရဲ့ ကျန်းမာရေး ညံ့ဖျင်းလာလို့ လိုဏ်ခေါင်းတူးတဲ့ အလုပ်ကို ရပ်ထားလိုက်ရတယ်…။

ဒီလိုနဲ့ ဦးမြတ်စံရဲ့ ရောဂါဟာ တဖြည်းဖြည်း ပိုသည်းလာတယ်….။

ထောင်အာဏာပိုင်တွေဟာ ဦးမြတ်စံရဲ့ ကျန်းမာရေးကို အလေးဂရုမပြုဘဲ နေတယ်….။





မိုးစွေဟာ ဦးမြတ်စံကို ကိုယ်ဖိရင်ဖိ ပြုစုပေးခဲ့တယ်…။

ဒါပေမဲ့ ဦးမြတ်စံရဲ့ ကျန်းမာရေးက ပြန်ကောင်း မလာပါဘူး…..။

❋✳❋

တစ်နေ့တော့ ဦးမြတ်စံက မိုးဇွေကို ခေါ်ပြီး

" ငါမနေရတော့ဘူး..မင်းကို အရေးကြီးတဲ့ စကား ပြောမယ်.. သေသေချာချာ နားထောင်ကွာ"

လို့ဆိုပြီး သူ့ခုတင်ခြေထောက်ထဲက သားရေစလေးတစ်စကိုထုတ်လိုက်တယ်....။

ပြီးတော့ သားရေစကို မိုးဇွေ လက်ထဲကို ထည့်လိုက်ပြီး

"ဒါကို သေသေချာချာ သိမ်းထားပါ..မင်းအတွက် အကျိုး





များလိမ့်မယ်..ငါတို့ အရှင်နှစ်ပါး ပါတော်မူ ပြီးတဲ့ နောက်ပိုင်းမှာ သူတစ်ပါးကျွန် မခံလိုတဲ့ သတ္တိခဲတွေဟာ နယ်ချဲ့အစိုးရကို နှစ်ပေါင်းများစွာ တော်လှန်ခဲ့ကြတယ်....။ နယ်ချဲ့တွေဟာ ငါတို့ မြန်မာတွေရဲ့ မျိုးချစ်စိတ်ကို အံ့မခန်း မြင်တွေ့ခဲ့ရတယ်..ဒီလိုနဲ့ နယ်ချဲ့တွေကိုတွန်းလှန်ရင်းနဲ့ ငါတို့တပ်တွေဟာ သာစည်ဘက်ကို ရောက်တော့ သချိုင်းဟောင်း တစ်ခုမှာ စခန်း ချကြတယ်....။ ဒီလိုစခန်းချရင်း နယ်ချဲ့တွေ သတင်းရသွားပြီး ငါတို့ကို အင်အားအလုံးအရင်းနဲ့ ဝင်တိုက်တယ်....။ ငါတို့တပ်သား တွေဟာ နယ်ချဲ့တွေရဲ့ အလစ်ဝင်တိုက်မှုကြောင့် အလူးအလဲ ခံရပြီး အကုန်ကျဆုံးကုန်တယ်....။

ငါကတော့ အုတ်ဂူပျက်ကြီး တစ်လုံးထဲမှာ ဝင်ပုန်းအောင်းရင်း အသက်ဘေးက လွတ်မြောက်ခဲ့တယ်.. ဒါပေမဲ့ နယ်ချဲ့တပ်တွေဟာ သချိုင်း ပတ်ဝန်းကျင်မှာ တပ်စွဲထားတော့

တော်တော်နဲ့ အုတ်ဂူထဲက မထွက်ရဲဘူး..ဒီလိုနဲ့ အုတ်ဂူထဲမှာ ပုန်းအောင်းရင်း မမျှော်လင့်ဘဲ အုတ်ဂူရဲ့ အပျက်အစီးပုံတွေကြားထဲမှာ ကြေးသော့ကြီး တစ်လုံးနဲ့ ခတ်ထားတဲ့သေတ္တာ တစ်လုံးကို စမ်းသပ်မိသွားတယ်...။

ငါဟာ စူးစမ်းချင်စိတ်နဲ့ သေတ္တာကို ဖွင့်ကြည့်လိုက်တော့ သေတ္တာထဲမှာ ဒေါင်းတံဆိပ် ရွှေဒင်္ဂါးတွေကို တွေ့တော့တာပဲ.. တကယ်တော့ ဒီအုတ်ဂူကြီးဟာ စစ်ဘေးက တိမ်းရှောင်ရင်း နတ်ရွာစံသွားတဲ့ စော်ဘွား တစ်ဦးရဲ့ အုတ်ဂူဘဲ..ဒီလိုနဲ့ပဲ ငါဟာ မမျှော်လင့်ဘဲ ရတနာတွေကိုရရှိခဲ့တယ်..ငါဟာ နယ်ချဲ့တပ်တွေ မရှိတော့တဲ့ အချိန်မှာ ရတနာ သေတ္တာကို ယူပြီး ခရီးဆက်ခဲ့တယ်.. ဒီလိုခရီးဆက်ရင်း ရတနာတွေနဲ့ ခရီးသွားရတာ ငါ့အတွက် အန္တရာယ်များလွန်းလို့ စမုံချောင်း အနီးက ကူမဲဆိုတဲ့ မြို့ကလေး အနီးမှာ ရွှေဒင်္ဂါးတွေကို မြှုပ်နှံထားခဲ့တယ်.. တစ်နေ့





ဒီနေရာကို လာပြီး ရတနာတွေ တူးဖော်မယ် ဆိုတဲ့ စိတ်ကူးရှိခဲ့တယ်..ဒါပေမဲ့ အခုတော့ ငါ့ကျန်းမာရေးအရ ရတနာတွေကို ရယူဖို့ မဖြစ်နိုင်တော့ပါဘူး..ငါ့ကိုယ်စား မင်းပဲ ရတနာတွေကို တူးဖော်ယူလိုက်ပါ"

လို့ဆိုတဲ့ အခါမှာ မိုးစွေက သက်ပြင်းချပြီး

"ကျုပ်လည်းဘယ်လိုလုပ်ပြီး ရယူနိုင်မှာလဲဗျာ"

လို့စိတ်ပျက်လက်ပျက် ပြောလိုက်တယ်....။

ဦးမြတ်စံက

"စိတ်ဓါတ်မကျပါနဲ့ကွာ..မင်းအသက် ငယ်ငယ်လေး ရှိသေးတယ်..ဒီနေရာက လွတ်မြောက်နိုင်ပါတယ်"

လို့ပြောတယ်၊ ဒါပေမဲ့ မိုးစွေကတော့ သူ့အတွက် မျှော်လင့်ချက်မရှိသလို ခံစားရတယ်....။

❄✳❄

တစ်နေ့သော မနက်ခင်းမှာ မိုးစွေဟာ အစောင့်တွေရဲ့ အရိပ်အကဲကြည့်ပြီး ဦးမြတ်စံရဲ့အခန်းကို သွားတယ်…။

ဒီအခါမှာ ဦးမြတ်စံဟာ ခုတင်ပေါ်မှာ ချွေးသီးချွေးပေါက်တွေကျပြီး အမောဖောက်နေတယ်..မိုးစွေဟာ ဦးမြတ်စံကို အနီးကပ် ကြည့်ရှုလိုက်တော့ ဦးမြတ်စံက ယဲ့ယဲ့လေး ပြုံးပြပြီးတော့





"ငါသွားတော့မယ် နှုတ်ဆက်ခဲ့ပါတယ်ကွာ"

လို့ပြောပြီး ငြင်သာစွာ အသက်ထွက် သွားတယ်…။ မိုးစွေဟာ ဦးမြတ်စံရဲ့ အလောင်းကို အတန်ကြာအောင် ဖက်ထားပြီး ဝမ်းပန်းတနည်း ဖြစ်နေမိတယ်…။

ခဏကြာမှ အစောင့်တွေ ရောက်လာရင် ခက်မယ်ဆိုပြီး ဦးမြတ်စံကို နောက်ဆုံးနှုတ်ဆက်တဲ့အနေနဲ့ အတန်ကြာအောင် စိုက်ကြည့်နေမိတယ်…။

ပြီးတော့ သူ့အခန်းထဲက ထွက်ခဲ့တယ်….။

ဒီအချိန်ကစပြီး သူ့ဘဝဟာ အထီးကျန် ပြန်ဖြစ် သွားပြီ….။

ဦးမြတ်စံရှိတုန်းက သူ့ဘဝဟာ စိုစိုပြည်ပြည် ရှိနေသေးတယ်..အခုတော့ ဦးမြတ်စံ လူ့ဘဝ ထွက်ခွာသွားတော့ သူ တစ်ယောက်တည်း အထီးကျန် ပြန်ဖြစ်သွားပြီ…။

နေ့လယ်ကိုရောက်တော့ ဦးမြတ်စံ အခန်းက ဆူဆူညံညံ

အသံတွေကိုကြားရတယ်..အစောင့်တွေဦးမြတ်စံ သေဆုံးသွားတာကို သိရှိသွားပုံရတယ်....။

ခဏကြာတော့ တစ်ကြိမ်တစ်ခါမှ လာရောက်လေ့မရှိတဲ့ ထောင်ဆရာဝန် ရောက်ရှိလာပြီး ဦးမြတ်စံ သေဆုံးကြောင်း အတည်ပြုပေးတယ်....။

ခဏကြာတော့ သူ့အခန်းဝကို အစောင့် တစ်ယောက် ရောက်လာပြီး

"ဟိုဘက်ခန်းက အဘိုးကြီးတော့ ရေပြည်ကို ရောက်သွားပြီ..ကိုယ့်လူ့အလှည့်ပဲကျန်တော့တယ်..သေရင်လည်းမြန်မြန်သေကွာ..မင်းတို့ကိုစောင့်ရတာ ငါတို့ သိပ်အလုပ်ရှုပ်တယ်"

ဆိုပြီး ရိုင်းပြ စော်ကားတဲ့ စကားကို လာပြောတယ်.. မိုးစွေဟာ နေ့လယ်ပိုင်း လူခြေတိတ်တဲ့ အချိန်မှာ ဦးမြတ်စံရဲ့ အခန်းဘက်ကို ကူးသွားပြန်တယ်..ဒီအခါမှာ ဦးမြတ်စံရဲ့





အလောင်းကို အဝတ်အိတ်တစ်အိတ်နဲ့ ထုပ်ထားတာ မြင်ရတယ်....။

မိုးစွေဟာ ဦးမြတ်စံရဲ့ အလောင်းကို ကြည့်ပြီး

"ဩော်..ဦးမြတ်စံ သေတော့မှ ဒီနေရာက လွတ်မြောက်ရှာတယ်..ငါလည်းသူ့လိုပဲ သေတော့မှ လွတ်မြောက်မယ် ထင်ပါရဲ့"

လို့ပြောပြီး တစ်စုံတစ်ရာကို တွေးမိပြီး မျက်မှောင်ကြုတ်လိုက်မိတယ်....။

ဦးမြတ်စံ နေရာမှာ သူဝင်နေလိုက်ရင် သူလည်း လွတ်မြောက်နိုင်တယ် ဆိုတဲ့ အတွေးဖြစ်တယ်..မိုးစွေဟာ တစ်ကျွန်းရောက်တာ ၁၀ နှစ်ရှိပြီ၊ ဒီနေ့အထိ မလွတ်မြောက်နိုင်သေးဘူး။ ဒါကြောင့် စွန့်စားမှ ဖြစ်တော့မယ်လို့ ဆုံးဖြတ်လိုက်တယ်....။

မိုးစွေအတွက် အချိန် မရှိတော့ဘူး....၊ အာဏာပိုင်တွေ

မလာမီ အမြန်ဆုံး လုပ်မှ ဖြစ်တော့မယ်..မိုးစွေဟာ ဦးမြတ်စံရဲ့ အလောင်းကိုအိတ်ထဲက ထုတ်ပြီးတော့မြေအောက်လမ်းကနေ သူ့အခန်းကို သယ်ထုတ် သွားတယ်....။

သူ့အခန်းထဲ ရောက်တော့ ဦးမြတ်စံကို ခုတင်ပေါ်မှာ တင်ပြီး စောင်ခြုံထားလိုက်တယ်..ပြီးတော့ဦးမြတ်စံရဲ့အခန်းကို ပြန်သွားပြီး ခုတင်အောက်က ဓားတိုလေးကို ယူလိုက် တယ်....။

ပြီးတော့ ဦးမြတ်စံ အလောင်းထည့်ထားတဲ့ အိတ်ထဲကို ဝင်နေပြီး အလောင်းကောင်လို ငြိမ်သက်ပြီး နေခဲ့တယ်...။

စီလူလာထောင်မှာအကျဉ်းသားတွေသေဆုံးရင်ပင်လယ် ထဲကိုပစ်ချပြီး သင်္ဂြိုဟ်တယ်လို့ကြားဖူးတယ်.အစောင့်တွေဟာ သူ့ခန္ဓာကိုယ်ကို ဦးမြတ်စံရဲ့ခန္ဓာကိုယ် မှတ်ပြီး ပင်လယ်ထဲ ပစ်ချ လိမ့်မယ်....။

ရေထဲကို မရောက်မှ အိတ်ကို ဓားနဲ့ ထိုးခွဲပြီး လွတ်မြောက်





ထွက်ပြေးမယ်လို့ဆုံးဖြတ်ထားတယ်....။

ဒီအချိန်မှာပဲ အခန်းထဲကို အစောင့်တွေ ရောက်လာပြီး တစ်ယောက်က

"မသာထည့်တဲ့အိတ်ကိုကြိုးချည်ကွာ"

လို့ ပြောသံ ကြားရပြီး တစ်ယောက်က မိုးစွေ ဝင်နေတဲ့ အိတ်ကိုကြိုးချည်လိုက်တယ်...။

မိုးစွေဟာ အဝတ်အိတ်ထဲမှာ သေသူ တစ်ယောက်လို ငြိမ်သက်နေကြတယ်....သူတို့ဟာ မိုးစွေကို ထမ်းထုတ်ပြီး စီလူ လာ ထောင် အပြင်ဘက်ကို ခေါ်သွားတယ်..ပြီးတော့ မိုးဝေရဲ့ ခန္ဓာကိုယ်ကို လှေပေါ်တင်ပြီး ပင်လယ်ထဲ လှော်ခတ်သွား တယ်....။ကမ်းနဲ့ ခပ်လှမ်းလှမ်း နေရာကို ရောက်တော့ အစောင့် နှစ်ယောက်ဟာ မိုးစွေရဲ့ ခန္ဓာကိုယ်ကို မ .ပြီး ပင်လယ်ထဲ ပစ်ချ လိုက်တယ်..ပြီးတော့ကမ်းဆီကိုပြန်လှော်ခတ်သွားကြတယ်...။

မိုးစွေဟာ အသက်အောင့်ထားပြီး ပင်လယ်အောက်ကို ရောက်တာနဲ့ လက်ထဲက ဓားနဲ့ အိတ်ကို ခွဲထွက်လိုက်တယ်..။

သူဟာ အိတ်အပြင်ကို ရောက်တော့ ရေပေါ်ကို ကိုယ်ဖော့တက်ပြီး အသက်ကို တဝကြီး ရှူလိုက်တယ်..အစောင့်တွေရဲ့ လှေကတော့ ကမ်းစပ် ဝေးဝေးကို ရောက်သွားပါပြီ..

❄✳❄





မိုးစွေဟာ အေးစက်နေတဲ့ ရေထဲမှာ ကူးခတ်ရင်း စီလူလာ ထောင်ကြီး ဘက်ကို လှမ်းကြည့်လိုက်တော့ ကြောက်မက်ဖွယ် သတ္တဝါကြီး တစ်ကောင် လဲလျောင်း နေသလို မြင်တွေ့ရတယ်။

သူဟာ စီလူလာထောင်ကြီးကို အသက်ရှင်လျက် ဘယ်တော့မှ ပြန်မသွားဘူးလို့ ဆုံးဖြတ်လိုက်တယ်...။

မိုးစွေဟာ ရေကူးရင်း စီလူလာထောင်ကြီး မှာကျန်ရစ်တဲ့ လူတွေ အကြောင်း စဉ်းစားမိတယ်....။

"နောက် နာရီအနည်းငယ်အတွင်း ညစာ လာပို့တဲ့ အစောင့်ဟာ ငါ့ကို ခေါ်မရတော့ အခန်းထဲ ဝင်ကြည့်လိမ့်မယ်.. ဒီအခါမှာ ငါ့ကို မတွေ့ဘဲ သေဆုံးနေတဲ့ ဦးမြတ်စံရဲ့ ခန္ဓာကိုယ်ကြီးကို မြင်ရင် ပွက်လောရိုက်သွားလိမ့်မယ်..၊ ကျွန်း လုံခြုံရေး တပ်သားတွေဟာ ငါတို့လှိုဏ်ဖောက်ပြီး တူးဖော်ထားတဲ့ မြေအောက်လမ်းကို မြင်တွေ့သွားလိမ့်မယ်...၊ ဒါဆိုရင် ငါ ဘယ်လိုနည်းနဲ့ လွတ်မြောက်သွားသလဲ ဆိုတာ ရိပ်စားမိသွားလိမ့်မယ်...၊ ဒီအခါမှာ ကျွန်းပတ်ဝန်းကျင် အနှံ့ကို လုံခြုံရေးတပ်သားတွေက ပိုက်စိတ်တိုက် ရှာဖွေပြီး ငါ့ကို တွေ့ရင်တော့ အသေပစ်သတ်ပြီး ဖမ်းကြလိမ့်မယ်"

လို့တွေးပြီး တုန်လှုပ်ချောက်ချားသွားမိတယ်.. သူဟာ ရေထဲမှာ တစ်ညလုံး ကူးခတ်ပြီးတော့ အလွန် ပင်ပန်းနွမ်းနယ်လာတယ်..အေးစက်နေတဲ့ ရေက ကိုယ်ခန္ဓာကို ခိုက်ခိုက် တုန်





အောင် အေးမြစေတယ်.. ..၊

နောက်တစ်နေ့ကို ရောက်တော့ မိုးဇွဲဟာ သူကိုယ်သူ ပင်လယ်ထဲမှာပဲ ဘဝဆုံးတော့မယ်လို့ ထင်မြင်နေမိတယ်....၊

ဒီအချိန်မှာပဲ ပင်လယ်ပြင်မှာ သင်္ဘောငယ်လေး တစ်စီးကို တွေ့ရတယ်..သင်္ဘောငယ်လေးကို အနီးကို ရောက်တော့ မိုးဇွဲက အသံကုန် ဟစ်အော်လိုက်တယ်....၊

ကံကောင်း ထောက်မစွာနဲ့ သင်္ဘောပေါ်က လူတွေ ကြားသွားပြီး လှေငယ်လေး တစ်စီးချလိုက်တယ်...၊

လှေနဲ့အတူ လူသုံးယောက်ပါလာတယ်....၊

လှေငယ်လေးအနီးကိုရောက်တာနဲ့ မိုးဇွဲစိတ်ကိုလျော့ချလိုက်တယ်..သူဟာ အလွန် ပင်ပန်းနွမ်းနယ်နေတဲ့ အတွက် လှေငယ်ပေါ်ကို ရောက်တာနဲ့ မေ့မြောသွားတယ်....၊

❄✳❄

မိုးဇွေ သတိရလာတဲ့အခါ သူ့အနီးမှာ သင်္ဘောသားတွေ စုပုံပြီး ရှိနေတယ်...။

သင်္ဘောကပ္ပတိန်က မိုးဇွေကို ကရုဏာသက်ဟန်နဲ့ ကြည့်ပြီး

"တစ်ကျွန်းက ထွက်ပြေးလာတာလား"

လို့မေးမြန်းလိုက်တော့ မိုးဇွေက ထိတ်လန့်တုန်လှုပ်သွား





ဘယ်...။

သင်္ဘောကပ္ပတိန်က လက်ကာပြပြီး

"မကြောက်ပါနဲ့ဗျာ..တစ်ကျွန်းက ထွက်ပြေးခြင်း ထွက်မပြေးခြင်း ဆိုတာ ကျုပ်တို့နဲ့ သင်္ဘောနဲ့ ဘာမှ မပတ်သက်ပါဘူး..ကျုပ်တို့ အလုပ်က ပင်လယ်ထဲမှာ ဒုက္ခရောက်နေသူကို ကယ်တင်ဖို့ပါပဲ"

လို့ပြောတယ်..မိုးဇွေကို ကယ်တင်လာတဲ့ သင်္ဘောဟာ ကော့သောင်းနဲ့ မလေးကျွန်းဆွယ်ကို ကုန်ကူးသန်း ရောင်းဝယ်နေတဲ့ သင်္ဘောဖြစ်တယ်....။

သင်္ဘော ကပ္ပတိန်ဟာ စိတ်သဘောထား ကောင်းမွန်ပြီး မိုးဇွေကို ဂရုတစိုက် ပြုစုပေးတယ်....။

သူတို့ဟာ မိုးဇွေကို ကော့သောင်းအနီးက ရွာကြီး တစ်ရွာမှာ ချပေးခဲ့တယ်...။

မိုးစွေဟာ သင်္ဘောပေါ်က ဆင်းကာနီးမှာ သင်္ဘော ကပ္ပတိန်ရဲ့ပခုံးကို ဖက်ပြီး

"မိတ်ဆွေရဲ့ကျေးဇူးကိုတစ်သက်မမေ့ပါဘူးဗျာ..တစ်နေ့ အခွင့်ကြုံရင် ပြန်ဆပ်ချင်လို့ မိတ်ဆွေရဲ့နံမည်ကို ပြောပါ"

လို့မေးမြန်းလိုက်တော့ ကပ္ပတိန်က ခေါင်းညိတ်လိုက်ပြီး

"ကျုပ်နံမည် မဲဇာလို့ ခေါ်ပါတယ်..ကျေးဇူး သိတတ်ခြင်း ဟာမင်္ဂလာ တရားတော်နဲ့ညီလို့ကောင်းပါတယ်..ဒါပေမဲ့ကျုပ်ရဲ့ ကျေးဇူးကို တုံ့ပြန်ချင်တယ်ဆိုရင် တစ်နေ့ ခင်ဗျားလို ဒုက္ခ ရောက်နေသူနဲ့ ကြုံရင် ကျုပ်ကိုယ်စား ကူညီပေးလိုက်ပါ"

လို့ပြောတယ်....။

မိုးစွေဟာ နန်းကင်းဆိုတဲ့ ရွာကြီး တစ်ရွာမှာ ဆင်းပြီး ကုန်စုံဆိုင်မှာ အဝတ်သစ် အစားသစ်တွေ ဝယ်ယူ ဝတ်ဆင်ခဲ့ တယ်....။





ကုန်စုံဆိုင်က မှန်ကြီးမှာ သူ့ရဲ့ပုံရိပ်ကို မြင်တဲ့အခါ မိုးစွေ ဟာ သူ့ရုပ်ကို သူ မမှတ်မိတော့ဘူး....။

ဟိုး..အရင်က နုပျိုပြီး ဝိုင်းစက်တဲ့ မျက်နှာဟာ မုတ်ဆိတ် မွေး၊ ပါးမြိုင်းမွေးတွေနဲ့ရင့်ရော်ပြီး ပိန်ခြုံးကျနေတယ်....။

မိုးစွေဟာ မှန်ထဲမှာ မြင်ရတဲ့ ရုပ်ကို မယုံနိုင်ဟန်နဲ့ ကြည့် ပြီး

"စီလူလာထောင်ရဲ့ကြမ်းတမ်းရက်စက်မှုတွေကြောင့် ၁၀ နှစ်အတွင်းမှာ ငါ့ရုပ်ကို ငါ မမှတ်မိတော့အောင် အိုမင်း ရင့် ရော်သွားပါလား"

လို့ရေရွတ်လိုက်မိတယ်....။

မိုးစွေဟာကုန်းတွင်းပိုင်းကို ရောက်အောင် တရွေ့ရွေ့ ဝင်ရောက်သွားပြီး ကျေးဇူးရှင် ဦးမြတ်စံဆီက ရခဲ့တဲ့ ရတနာ မြေပုံအညွှန်းအတိုင်း ရှာဖွေဖို့ ဆုံးဖြတ်ခဲ့တယ်....။

သူဟာ ရှမ်းပြည်နယ် စမုံချောင်းအနီး ကူမဲမြို့ကလေးကို မြေပုံညွှန်းအတိုင်း ရောက်အောင် သွားခဲ့တယ်...။

ကူမဲမြို့ကို ရောက်တဲ့အခါ မြေပုံညွှန်းအတိုင်း ဆက်ပြီး ရှာဖွေတော့ မကြာမီမြို့ပြင် သစ်တောအနီးက ရွှေဒင်္ဂါးတွေ မြှုပ်ထားတဲ့နေရာကို ရောက်ခဲ့တယ်...။

မိုးဇွေဟာ စိတ်လှုပ်ရှားစွာနဲ့ မြေကြီးတွေကို တူးဆွနေမိတယ်..မကြာမီမြေကြီးထဲက သေတ္တာနဲ့တူတဲ့အရာကို ပေါက်တူးနဲ့ ပေါက်မိတယ်..မိုးဇွေဟာ စိတ်လှုပ်ရှားလွန်းလို့ ရင်တွေ တဒိတ်ဒိတ်ခုန်နေတယ်....။

သူဟာ သေတ္တာကို မြေကြီးထဲက အသာအယာဆွဲယူပြီး ဖွင့်ကြည့်လိုက်တော့အရောင်တဖိတ်ဖိတ်တောက်ပြောင်နေတဲ့ ဒေါင်းတံဆိပ် ရွှေဒင်္ဂါးတွေကိုတွေ့တယ်....။

မိုးဇွေဟာ ရွှေဒင်္ဂါးတွေကို လက်နှစ်ဖက်နဲ့ အားပါးတရ





ဆုပ်ကိုင်ပြီး ဝမ်းသာလွန်းလို့

"ဦးမြတ်စံရေ ကျုပ်သူဌေးဖြစ်ပြီဗျ"

လို့အော်ဟစ်လိုက်တယ်....။

မိုးဇွေဟာ ရွှေဒင်္ဂါးတွေကို ဂုန်နီအိတ်တစ်လုံးနဲ့ ထည့်ပြီး တောထဲက ဟန်မပျက်ပြန်လာခဲ့တယ်....။

သူဟာတစ်ကျွန်းမှာ ၁၀ နှစ်နီးပါး ဘဝပျက်ခဲ့ရပေမဲ့ ကျေးဇူးရှင် ဦးမြတ်စံရဲ့ ကျေးဇူးကြောင့် ကံကောင်းထောက်မစွာနဲ့ ဥစ္စာစီးပွားတိုးတက်ခဲ့တယ်....။

သူဟာ မမျှော်လင့်ဘဲ လူချမ်းသာဘဝကိုရရှိခဲ့တဲ့ အတွက် ရန်သူတော်တွေကို ရှာဖွေပြီး လက်စားချေဖို့ ဆုံးဖြတ် ခဲ့တယ်...။

ကွဲကွာနေတဲ့ချစ်သူ မနန်းမူကိုလည်းအောက်မေ့သတိရ နေမိတယ်....။

ဒါကြောင့် သူရဲ့ဇာတိ ရပ်မြေ ပုဂံ ရွာလေးကို ပြန်သွားပြီး

မနန်းမှုနဲ့ ရန်သူတော်တွေ အကြောင်းကို စုံစမ်းမယ်လို့ ဆုံးဖြတ်ခဲ့တယ်....။

❋✳❋





မိုးစွေဟာ ပုဂံကိုပြန်မသွားမီ ရန်ကုန်မြို့မဂိုလမ်းကို သွားပြီး စိန်ဘာဘူတွေ ဆီမှာ ရွှေဒင်္ဂါးတွေထဲက တစ်ဝက်ကိုရောင်းချလိုက်တယ်....။

သူဟာ ရွှေဒင်္ဂါးရောင်းလို့ရတဲ့ငွေတွေကို မက္ကဇင့် ဘဏ်ထဲ အပ်ထားပြီး တရုတ်တန်းက ဟိုတယ် တစ်ခုမှာတည်းခဲ့တယ်..သူဟာ ရန်ကုန်မြို့မှာ သူဌေး တစ်ယောက်လို နေပြီး ရှေ့ဆက်ရမဲ့ စီမံကိန်းတွေကို ရေးဆွဲတယ်...။

ဒီအချိန်မှာ ပုဂံက ရွာလေးကို ပြန်ရောက်ရင် သူ့ကို တစ်ကျွန်းက ထွက်ပြေးလာတဲ့ မိုးစွေ ဆိုတာ ဘယ်သူမှ မှတ်မိ မှာ မဟုတ်ဘူး၊ ဒါကြောင့် မုတ်ဆိတ်မွေး၊ ပါးမြိုင်းမွေးတွေ ဆက်ထားဖို့ ဆုံးဖြတ် လိုက်တယ်..။

သူဟာ တစ်ကျွန်းမှာ နေထိုင်ရုံမကဘူး စီလူလာထောင်ရဲ့ အလုံပိတ် အခန်းထဲမှာ ၉နှစ် နီးပါး မနေလာခဲ့တယ် ဆိုတော့ သူ့ရဲ့ ရုပ်ရည်က မမှတ်မိလောက်အောင် ပြောင်းလဲနေမိတယ်... ရုပ်ရည် ထက် ပိုပြီး ပြောင်းလဲတာက သူ့ရဲ့အသိဉာဏ်ပဲ...။

သူဟာ ကျေးဇူးရှင် ဦးမြတ်စံနဲ့ နေထိုင်စဉ် ကာလအတွင်း ပညာဗဟု သုတနဲ့ ပြည့်စုံလာခဲ့တယ် ဆိုတော့ သူ့ရဲ့ လောကနဲ့ ပတ်သက်တဲ့အတွေးအမြင်တွေ အများကြီး ပြောင်းလဲ သွားတယ်...။

မိုးစွေဟာ ပုဂံရွာပေါင်းက ယွန်းသမားလေး တစ်





ယောက် မဟုတ်တော့ဘူး....။.. အသိဉာဏ် ဗဟုသုတနဲ့ ဘဝ အတွေ့အကြုံတွေပြည့်စုံနေပြီ..။

မိုးစွေဟာ ရန်ကုန်မြို့ ဝင်ဒါမီယာမှာ ခမ်းနားကြီးကျယ်တဲ့ အိမ်ကြီး တစ်လုံးကိုဝယ်ခဲ့တယ်...။

အိမ်ကြီးနဲ့ လိုက်ဖက်ညီအောင် အစေခံတွေ.. ခြံစောင့်တွေကိုလည်း ငှားရမ်းခဲ့တယ်...။

သူ သွားလိုရာ သွားဖို့အတွက် မောရစ်မိုင်နာ ဆိုတဲ့ ကား တစ်စီးကိုဝယ်ယူခဲ့တယ်....။

ကားမောင်းတဲ့ ကုလားဒရိုင်ဘာ တစ်ယောက်ကိုလည်း ထားရှိခဲ့တယ်..။

ဒီအချိန်မှာ မိခင်ကြီးနဲ့ မနန်းမူ အနီးမှာ ရှိနေရင် ဘယ်လောက်ကောင်းမလဲလို့တွေးမိတယ်....။

မိုးစွေဟာ အလုံးစုံကိုပြင်ဆင်ပြီးတော့ သူ့ရင်ထဲမှာ စူးနစ်

ဝင်နေတဲ့ဆူးတစ်ချောင်းကိုနုတ်ယူဖို့အတွက်ပုဂံကိုခရီးထွက်ဖို့ ပြင်ခဲ့တယ်....။

ဒီရက်ပိုင်းမှာ ချစ်သူကိုမကြာခဏ သတိရနေ မိတယ်....။

မနန်းမူသူ့ကို စောင့်နေဆဲပဲလား.....။

***





မိုးစွေဟာ ရန်ကုန်မြို့ကနေ ပုဂံကို ရောက်တော့ အာနန္ဒာဘုရားကို သွားပြီး မနန်းမူအကြောင်းကို စုံစမ်းကြည့်တော့ မနန်းမူအိမ်ထောင်ကျသွားပြီ ဆိုတဲ့ သတင်းကို ကြားရတော့ မျက်လုံးထဲမှာ အမှောင်တိုက်ကြီး ဖုံးလွှမ်းသွားသလို ခံစားရတယ်....။

သူ့ရင်ထဲက မျှော်လင့်ချက်တွေ ရေစုန်မြောသွားပြီ..

အရာအားလုံး ပြီးဆုံးခဲ့ပြီ မနန်းမူရယ်...။

မိုးစွေဟာ မနန်းမူအိမ်ထောင်ကျသွားတဲ့ သတင်းကို ကြားတော့ သူ့မှာ ချစ်ခြင်းမေတ္တာ အဟွက် မျှော်လင့်ချက် မရှိတော့ဘူး......။

သူ့ရန်သူတွေကိုသာ ရှာဖွေပြီး လက်စားချေမယ်လို့ ဆုံးဖြတ်လိုက်တယ်...။

မုတ်ဆိတ်မွေး ပါးမြိုင်းမွေးတွေနဲ့ ရုပ်ပြောင်းနေတဲ့ မိုးစွေကို ဇာတိရပ်မြေမှာ ဘယ်သူမှ မမှတ်မိကြဘူး.. ရန်ကုန်မြို့က သူဌေးကြီးတစ်ယောက်လို့သာ ထင်မြင်ကြတယ်...။

မိုးစွေဟာ သူ့ရန်သူမြင်းလှည်းသမား ဘစိန်ရဲ့အကြောင်းကိုအရင်ဆုံး စုံစမ်းတယ်..ဒီအခါမှာ ဘစိန်ဟာမြင်းလှည်းမောင်းတဲ့ အလုပ်ကို မလုပ်တော့ဘဲ အရက်နဲ့တွဲရောင်းတဲ့ ထမင်းဆိုင်လေးတစ်ဆိုင်ဖွင့်ထားတယ်လို့ သိရတယ်...။





ဒီလိုနဲ့ မိုးစွေဟာ ဘစိန်ရဲ့စုတ်ချာချာ ထမင်းဆိုင်လေးကို ရောက်သွားတယ်..ဘစိန်ဟာ သူ့ရဲ့စုတ်ချာချာ ဆိုင်လေးရှေ့မှာ မိုးစွေရဲ့ခမ်းနားလှပတဲ့ ကားထိုးဆိုက်လိုက်တော့ အလွန် အံ့သြပြီး ဆိုင်ရှေ့ကိုထွက်ရပ်လိုက်တယ်...။

မိုးစွေဟာ ဘစိန်ကို မြင်မြင်ချင်း သူ့ရဲ့ခန္ဓာကိုယ်က သွေးတွေ ဆူပွက်လာဘသလို ခံစားရတယ်...။

မိုးစွေဟာ မိမိကိုယ်မိမိ ထိန်းချုပ်ပြီး ကားပေါ်က အိခြွေ မပျက် ဆင်းလိုက်တယ်....။

ဘစိန်ဟာ မိုးစွေကို မှတ်မိဟန် မရှိဘဲ မယုံမရဲနဲ့

"ဘာ.သုံးဆောင်မှာလဲ ခင်ဗျာ"

မိုးစွေက သက်ပြင်းချပြီး

"ကျုပ်စားခဲ့ပြီးပါပြီ..ကျုပ်ဒီဆိုင်ကိုရောက်လာတာ ကိုဘစိန် ဆိုသူနဲ့ တွေ့ချင်လို့ပါ"

လို့ဆိုလိုက်တော့ ဘစိန်က အံ့ဩဟန်နဲ့

"ကျုပ်နံမည် ဘစိန်ပါ..ကျုပ်ကို ဘာလို့ တွေ့ချင်တာလဲ"

လို့မေးမြန်းလိုက်တယ် ဒီအခါမှာ မိုးစွေက ဘစိန်ကို စူးစမ်းဟန်နဲ့ ကြည့်လိုက်ပြီး

"သြော်..ကိုမိုးစွေ တွေ့ချင်တာ ခင်ဗျားကိုး"

လို့ဆိုလိုက်တော့ ဘစိန်ဟာ မိုးစွေ ဆိုတဲ့ နံမည်ကြောင့် မျက်နှာကွက်ခနဲ ပျက်သွားတယ်....။

ဒါပေမဲ့ မသိဟန်ဆောင်ပြီး

"မိုးစွေ ဆိုတာ ဘယ်သူလဲ"

လို့မေးမြန်းလိုက်တယ်....။

ဒီအခါမှာ မိုးစွေက

"တစ်ကျွန်း ကျသွားတဲ့ ခင်ဗျား သူငယ်ချင်း မိုးစွေလေ.. ဒါပေမဲ့ ခင်ဗျား သူငယ်ချင်းကတော့ လူ့လောကမှာ မရှိတော့ပါ





ဘူး"

လို့ဆိုလိုက်တော့ ဘစိန်ဟာ မျက်မှောင် ကြုတ်ပြီး

"သြော်..မိုးစွေ သေပြီကိုး..သူက ကျုပ်ကို ဘာလို့ တွေ့ချင်ရတာလဲ"

လို့မေးမြန်းလိုက်တယ်....။

မိုးစွေက သက်ပြင်းချပြီး

"တကယ်တော့ မိုးစွေက တစ်ကျွန်းမှာ ခဏလေးပဲ အပြစ်ဒဏ် ခံလိုက်ရတယ်..မြန်မာပြည်ကို ဝေလမင်းသားလာလည်တဲ့ အထိမ်းအမှတ်နဲ့ ကျွန်းသားတွေကို မဲဖောက်ပြီး အပြစ်ဒဏ်က လွတ်ငြိမ်းခွင့် ပေးတော့ မိုးစွေ အပြစ်ဒဏ်က လွတ်ခဲ့တယ်..မိုးစွေဟာ အပြစ်က လွတ်ပေမဲ့ ပြည်မကို မပြန်တော့ဘဲ တစ်ကျွန်းမှာပဲ ပုလဲကောက်တဲ့ အလုပ်ကို လုပ်တာ ပိုက်ဆံတွေ အများကြီး ချမ်းသာသွားတယ်..ဒါပေမဲ့ လူကံကြမ္မာဆိုတာ အင်မတန်

ဆန်းကြယ်တယ်ဗျာ...။ မိုးဇွေ စီးပွားရေး အဆင်ပြေတော့ ကျန်းမာရေးက ဖောက်လာတယ်..သူ့မှာ ချောင်းဆိုးသွေး ပါ ရောဂါ ရလာတယ်..ဒီရောဂါနဲ့ပဲ လွန်ခဲ့တဲ့ လက သူဆုံးသွားတယ်"

လို့ပြောလိုက်တော့ ဘစိန်က နားမလည်ဟန်နဲ့

"မိုးဇွေ ဆုံးတာက ဟုတ်ပါပြီ..ကျုပ်ကို ဘာလို့တွေ့ချင်ရတာလဲ"

လို့မေးလိုက်တယ်..မိုးဇွေက ဘစိန်ရဲ့မျက်နှာကိုကြည့်ပြီး

"ဒီလိုပါ..မိုးဇွေဟာ သူသေကာနီးမှာ သူကျူးလွန်တဲ့ အပြစ်တွေအတွက် နောင်တ တော်တော်ရ သွားတယ်.. သူအမှုကိုစီရင်ချက် ချတဲ့အချိန်မှာ ကိုဘစိန်ကိုအထင်လွဲပြီး ထမင်းဝဝ စားထားတစ်နေ့မှာပြန်လက်စားချေမယ်လို့ကြုံးဝါးခဲ့တယ်ဆို"

လို့ဆိုလိုက်တော့ ဘစိန်ဟာ မျက်နှာ အနည်းငယ်ပျက်





သွားပြီး

"ဟုတ်ပါတယ်...သူ့ ကျုပ်ကို အထင်မှားတာပါ..ကျုပ်က သူ့ကိုဖွေ မယူပါဘူး"

လို့ပြောတယ်..မိုးဇွေက ဘစိန်ရဲ့မျက်နှာကို ကြည့်ပြီး

"ပုဂံမှာ အင်္ဂလိပ်ကျောင်းသား မောင်ကောင်း နဲ့ တိုက်လှ ဆိုတာလဲ ရှိသေးတယ်ဆို"

လို့ ဆိုလိုက်တော့ ဘစိန်က ခေါင်းခါယမ်းပြီး

"ဒီလူတွေ မရှိတော့ပါဘူးဗျာ..သူတို့ ကောင်းစားပြီး ရန်ကုန် ရောက်နေပြီဗျ.. တိုက်လှက ရန်ကုန်မှာ သင်္ဘောတိုက် ပိုင်ရှင် အဘွားကြီး တစ်ယောက်ကို ယူပြီး ချမ်းသာသွားတယ်.. မောင်ကောင်းလည်း သူဌေးကြီး ဖြစ်နေပြီ"

လို့ဆိုလိုက်တော့ မိုးဇွေက ရင်ထဲက ဝေဒနာကို ချုပ်ထိန်း လိုက်ပြီး

"မိုးစွေမှာချစ်သူတစ်ယောက်ရှိသေးတယ်ဆို..သူ့ချစ်သူက ဘယ်ရောက်သွားသလဲ"

လို့မေးလိုက်တော့ ဘစိန်က မကျေမချမ်းနဲ့

"မနန်းမူက သူ့ဒွေးမောင်ကောင်းနဲ့ လက်ထပ် သွားပြီလေ..မောင်ကောင်းက သူ့ဒွေးဖြစ်တော့ မနန်းမူ မိခင် ကြီးကို ငွေနဲ့ပေါက်ပြီး မနန်းမူကို ဝယ်သွားတယ်.."

လို့ဆိုလိုက်တော့ မိုးစွေရဲ့ရင်ထဲမှာ ကျင်ခနဲ ခံစားလိုက်ရတယ်....။

သူ့ကို ထောင်ထဲ ရောက်အောင် ပိုင်းပြီး ချောက်ချ ရုံမကဘူး..သူ့ချစ်သူကိုလည်းငွေနဲ့ သိမ်းပိုက် သွားသေးတယ်....။

"တွေ့ကြသေးတာပေါ့ မောင်ကောင်းရယ်"

လို့ကြုံးဝါးလိုက်တယ်..ဘစိန်က ဆက်လက်ပြီး

"သူတို့နှစ်ယောက်စလုံးကောင်းစားနေပြီ..ပုဂံမှာဆင်းရဲ





ပြီး ကျန်ခဲ့တာ ကျုပ် တစ်ယောက်တည်းပဲ"

လို့ပြောတယ်..မိုးစွေက ဘစိန်ရဲ့မျက်နှာကိုကြည့်ပြီး

"ဒီအကြောင်းတွေ ပြောပြတာ ကျေးဇူးတင်ပါတယ်..မိုးစွေက သူ့ သေကာနီးမှာ ပိုင်ဆိုင်သမျှ စည်းစိမ်ဥစ္စာ တွေကို အလှူဒါန လုပ်သွားခဲ့တယ်ဗျ..ကိုဘစိန်ကိုလည်းတောင်းပန်တဲ့အနေနဲ့ ရွှေဒင်္ဂါး ၅ ပြားကို လက်ဆောင်အဖြစ် ပေးခိုင်းလိုက်တယ်..ဒါနဲ့ကျုပ်လည်းမြန်မာပြည်ကိုပြန်ရောက်တာနဲ့ကိုဘစိန်ကို ရွှေဒင်္ဂါးတွေ လာပေးတာပါ"

လို့ဆိုလိုက်တယ်..ဘစိန်ဟာ အရောင်ပြိုးပြိုးပြက်ပြက်ဝင်းလက်နေတဲ့ရွှေဒင်္ဂါးတွေကိုမယုံနိုင်ဟန်နဲ့ကြည့်ပြီး ဝမ်းသာအားရလက်ခံယူလိုက်တယ်...။

သူဟာရန်သူဟောင်းတစ်ယောက်ဆီက ရွှေဒင်္ဂါးတွေကိုလက်ဆောင် အဖြစ်ရတာ အိပ်မက်များ ဖြစ်နေမလားလို့ သူ့

လက်ကိုသူမသိမသာ ဆိတ်ကြည့်လိုက်တယ်....။

လက်က စစ်ခနဲနာကျင်သွားလို့ အိပ်မက်မဟုတ်တာ သေချာသွားတယ်....။

❋✳❋





မြင်းလှည်းသမား ဘစိန်ဟာ ရွှေဒင်္ဂါးတွေကို မမျှော်လင့်ဘဲ လက်ဆောင်အဖြစ်ရခဲ့တာကို နားမလည်နိုင်ဘူး.. .။

တကယ်ဆိုရင် မိုးစွေကို အပြစ်မရှိဘဲ တစ်ကျွန်းရောက်အောင် မိမိနဲ့မောင်ကောင်းတို့ သုံးယောက် ဝိုင်းပြီး ကြံစည်ခဲ့တယ်..မိုးစွေက သူတို့သုံးယောက်ရဲ့အကောက်ကြံပုံကိုရိပ်မိလို့ တစ်နေ့ ပြန်လက်စားချေမယ်လို့ ကြုံးဝါးသွားခဲ့သေးတယ်...။

အခု မိုးစွေက အမြင်မှန်ရပြီး မိမိကို ရွှေဒင်္ဂါးတွေ လက်ဆောင်အဖြစ်ပေးတယ်ဆိုတာ သေကာနီးကယောင်ချောက်ချားနဲ့ ပေးသွားတာဖြစ်မယ်...။

ဘာပဲဖြစ်ဖြစ်အဘိုးတန် ရွှေဒင်္ဂါးတွေ အချောင်ရလိုက်တာ ငါ့အတွက်အမြတ်ပဲလို့တွေးလိုက်မိတယ်...။

ဘစိန်ဟာ ရွှေဒင်္ဂါးတွေကို တစ်နေကုန် ထိုင်ကြည့်ပြီး ညနေစောင်းတော့

"ရွှေတွေကို ထိုင်ကြည့်နေရင်တော့အလကားပဲ..ဆိုင်မှာသွားရောင်းပြီး သုံးလိုက်ဖြုန်းလိုက်တာ အကောင်းဆုံးပဲ"

လို့ စဉ်းစားပြီး မြို့ထဲမှာ ရှိတဲ့ ဒေါ်မမ ရွှေဆိုင်ကို ထွက်ခဲ့တယ်.....။

ဒေါ်မမရွှေဆိုင်ကိုရောက်တော့ဆိုင်ပိတ်သွားလို့မြို့စွန်က ဒေါ်မမရဲ့တစ်ထပ်ပျဉ်ထောင် အိမ်လေးကိုလိုက်သွားတယ်..။





ဘစိန်ဟာ ဒေါ်မမရဲ့ အိမ်ရှေ့ကအသံပြုကြည့်တယ်.. အတန်ကြာတဲ့အထိ တုံ့ပြန်သံ မကြားလို့ မျက်မှောင်ကြုတ်ပြီး အိမ်ထဲကိုဝင်ကြည့်တယ်...။

ဒီအချိန်မှာ အပျိုကြီး ဒေါ်မမဟာ ရွှေဆိုင်က ပြန်လာပြီး ပင်ပန်းလို့ အိပ်ယာပေါ်မှာ ခဏ လှဲရာကနေ မှေးခနဲ အိပ်ပျော်သွားတယ်.....။

ဘစိန်ဟာ ဒေါ်မမရဲ့အိပ်ခန်းဝကို ရောက်သွားပြီး ခန်းဆီးကို အသာလှပ်ကြည့်လိုက်တော့ ဒေါ်မမရဲ့ထဘီ ပြေလျော့ကျနေတာ တွေ့ပြီး စိတ်မိုက်စိတ်ရိုင်းတွေ ဝင်သွားတယ်...။

ဒေါ်မမဟာ အသက် ၄၀ ကျော်ပေမဲ့ အလှသွေးကြွယ်ပြီး ဖြူဖြူဖွေးဖွေး ရေဆေးငါးဖြစ်နေတုန်းပဲ...။

ဘစိန်ဟာ ဒေါ်မမရဲ့ အလှကို မြင်ပြီး အသိဉာဏ်နည်းသူပီပီ မတော်မတရား ပြုကျင့်ဖို့ ကြိုးစားတယ်...။

ဒီအချိန်မှာ ဒေါ်မမ ရုတ်တရက် လန့်နိုးလာပြီး

"ဟင်.. နင် ဘယ်သူလဲ လွှတ်..လွှတ် မတရား မလုပ်နဲ့.. ကယ်ကြပါဦးရှင်"

လို့အော်ဟစ်ပေမဲ့ လူသူကင်းရှင်းတဲ့ အရပ်မို့ ကယ်သူကင်းမဲ့တဲ့အခြေအနေကိုရောက်သွားတယ်...။

ဘစိန်ဟာ ဒေါ်မမကို စိတ်တိုင်းကျ ကျူးလွန်ပြီး အိပ်ယာပေါ်မှာ ခဏအနားယူနေတယ်...။

ဒေါ်မမက ဒီတော့မှ ဘစိန်ရဲ့ မျက်နှာကို သေသေချာချာကြည့်ပြီး မြင်းလှည်းသမား ဘစိန်ဆိုတာ သိသွားပြီး မုန်းတီးရွံရှာသွားတယ်...။

အပျိုကြီးဘဝကိုတစ်သက်လုံး လုံလုံခြုံခြုံ ထိန်းသိမ်းခဲ့ပြီးမှ အဆင့်အတန်းမရှိတဲ့ ဘစိန်လို လူမျိုးနဲ့မှ အပျိုရည်ပျက်ရတာ ရင်နာသွားတယ်...။





ဒါကြောင့် ဘစိန်ကို နာနာကြည်းကြည်း ဆဲဆိုပြီး

"တဏှာရူးဘစိန် နင့်ကို ပုလိပ်သွားတိုင်မယ်"

လို့ကြိမ်းမောင်းလိုက်တယ်....။

ဘစိန်က ဒေါ်မမ စကားကို နားမဝင်ဘဲ နောက်တစ်ကြိမ်ထပ်ပြီး ချစ်ပွဲနွှဲလိုက်တယ်....။

ဒီတစ်ကြိမ်တော့ ဒေါ်မမ စိတ်လျော့လိုက်ပြီး ဘစိန် ပြုသမျှ နုရရှာတယ်....။

ဝါ မကျတ်မီ ဘစိန်ကို လူကြီးစုံရာနဲ့ တောင်ရမ်းခိုင်း မယ်လို့ တွေးနေတုန်း အိမ်နီးချင်း မိန်းမကြီး တစ်ယောက် အိမ်ပေါ်ကို တက်လာပြီး

"မမရေ..မမ"

လို့အသံပြုလိုက်တယ်....။

ဒေါ်မမဟာ တုန်လှုပ်ချောက်ချားသွားပြီးသူ့အရှက်

အတွက် ဘစိန်ကိုမငဲ့ကွက် နိုင်တော့ပဲ....

"ကယ်ကြပါဦးရှင်...ကယ်ကြပါဦး..."

လို့အော်ဟစ်လိုက်တယ်....။

ဒီအခါမှာဘစိန်လည်း ပုဆိုး တောင် မဝတ်နိုင်ဘဲ ပြတင်းပေါက်က ခုန်ချတာ အခန်မသင့်တော့ ခြေကျိုးပြီး ဆက်မပြေးနိုင်ဘဲ ပုလိပ်လက်ကိုရောက်ရရှာတယ်...။

❄✳❄





ဘစိန် မုဒိန်းမှုနဲ့ ထောင်ကျသွားတဲ့ သတင်းကိုမိုးဇွေကြားတဲ့အခါ သဘောကျလွန်းလို့ဟားတိုက် ရယ်မောလိုက်တယ်..

ဟား.ဟား..ဘစိန်..ဘစိန် မင်းကို ငါကိုယ်တိုင်တောင် လက်စား မချေလိုက်ရဘဲ ထောင်နန်းစံသွားပါလား..ဒါပေမဲ့ ငါ မကျေနပ်သေးဘူး..မင်းကို အခွင့်ကြုံရင် လက်စားချေဦးမယ်"

လို့ကြုံးဝါးလိုက်တယ်....။

တစ်နေ့တော့ မိုးစွေဟာ သူရဲ့အိမ်အသစ်ကြီးအတွက် ပိုက်တဝေးတိုက်ကနေ အိမ်ထောင်ပရိဘောဂအသစ်တွေ သွား ဝယ်တယ်....။

ဒီလိုဝယ်ရင်းပိုက်တဝေးတိုက်က ဝန်ထမ်းတစ်ယောက် ကိုဖမ်းဆီးဖို့ပုလိပ်တွေ ရောက်လာတာ တွေ့တယ်....။

အဖမ်းခံရမဲ့ဝန်ထမ်းရဲ့အသက်ကာမိုးစွေနဲ့ရွယ်တူလောက် ဖြစ်ပြီး သူမှာ အပြစ်မရှိဘူးလို့ ပုလိပ်တွေကိုသနား စဖွယ် ငြင်းဆန်နေတယ်..ဒီအခါမှာ ဆိုင်မန်နေဂျာက

"မင်းရဲ့ငွေသေတ္တာထဲမှာ ပိုက်ဆံတွေ ပျောက်နေ တာ တောင် မင်းမှာ အပြစ်မရှိဘူးလို့ငြင်းနေတာလဲ"

လို့ကြိမ်းမောင်းလိုက်တယ်..ငွေကိုင်စာရေးက

"ပိုက်ဆံတွေ နိုးတာလုသောင်းဆိုတဲ့ကောင်ပါ..ဒီကောင်





ဒုက္ခရောက်နေလို့ ကျုပ်ကယ်တင်ထားတာပါ..အခုတော့ ဒီကောင်ဟာ သေတ္တာထဲက ငွေတွေ သာမကဘူး..ကျုပ် ညီမ ကိုလည်း ခိုးယူသွားသေးတယ်"

လို့ နာကြည်းစွာ ပြောဆိုနေတယ်..ဒီအခါမှာ ပုလိပ်က

"မင်းညီမ အခိုးခံရတာ ကျုပ်တို့ စိတ်မဝင်စားဘူး.. သေတ္တာထဲက ငွေတွေ ပျောက်တာပဲ စိတ်ဝင်စားတယ်.. ကဲ.. ပုလိပ်ဌာနကိုသာ လိုက်ခဲ့ပေတော့"

လို့ပြောပြီး စာရေးကိုလက်ထိတ် ခတ်လိုက်တယ်...။

ငွေကိုင် စာရေးဟာ မန်နေဂျာနဲ့ ပုလိပ်တွေကို သနား စဖွယ် တောင်းပန်နေတယ်....။

မိုးစွေဟာ ဒီမြင်ကွင်းကို ကြည့်ပြီး ငွေကိုင်စာရေးကို ဂရုဏာ သက်သွားတယ်..ဒါကြောင့် မန်နေဂျာ ဆီကို သွားပြီး

"နေပါဦးဗျာ..ခင်ဗျားတို့ ကုမ္ပဏီက ငွေ ဘယ်လောက်

ပျောက်သွားလို့လဲ"

လို့မေးမြန်းလိုက်တော့ မန်နေဂျာက

"ငွေ ကိုးရာကျော် တစ်ထောင်နီးနီးပါ"

လို့ပြန်ဖြေတယ်..မိုးစွေဟာ ငွေကိုင်စာရေးကို ကရုဏာသက်သွားလို သူ့အခက်အခဲကို ရင်ဆိုင်ဖြေရှင်းပေးဖို့ ဆုံးဖြတ်လိုက်တယ်...။ မိုးစွေက မန်နေဂျာကို ကြည့်ပြီး

"တကယ်လို့များ ခင်ဗျားတို့ကုမ္ပဏီရဲ့ပျောက်ဆုံးသွားတဲ့ငွေတွေ ပြန်ရရင် ဒီလူကို အရေးယူဦး မှာလား"

လို့မေးလိုက်တော့ မန်နေဂျာက

"သူ့ကို အရေးတော့ မယူတော့ပါဘူး...ဒါပေမဲ့ အကျင့်ပျက်ဝန်ထမ်း တစ်ယောက်ကို အလုပ်မှာ ဆက်ထားလို့ မဖြစ်နိုင်ပါဘူး"

လို့ပြောတယ်.. မိုးစွေဟာ ငွေကိုင်စာရေးကို ကယ်တင်ဖို့





ဆုံးဖြတ်လိုက်ပြီး

"ကောင်းပြီ..ဒါဆိုရင် သူပျောက်ဆုံးသွားတဲ့ ငွေ ကိုးရာကျော်ကို ကျုပ် စိုက်လျော်ပေးမယ်၊သူ့ကို အရေးမယူပါနဲ့တော့"

လို့ဆိုလိုက်တော့ပုလိပ်တွေက စာရေးကိုမဖမ်းတော့ဘဲ လက်ထိတ်ပြန် ဖွင့်ပေးတယ်....။

စာရေးဟာ သူ့အဖြစ်ကို သူ မယုံနိုင်ဘူး ဖြစ်နေတယ်...။ ပြီးတော့ မိုးစွေကို တအံ့တသြ ကြည့်ပြီး

"ကျေးဇူးကြီးလှပါတယ် ခင်ဗျာ"

လို့ဆိုပြီး ထိုင်ကန်တော့ဖို့ကြိုးစားတယ်....။

မိုးစွေက ကမန်းကတန်း လက်ကာပြပြီး

"မကန်တော့ပါနဲ့ဗျာ..ခင်ဗျား သေတ္တာထဲက ငွေတွေ ဘယ်လိုပျောက်ဆုံး သွားတယ်ဆိုတာသာ ကျုပ်ကို အေးအေးဆေးဆေး ပြောပြပါ"

ဆိုပြီး စာရေးကို တရုတ်ပေါ်တယ် တစ်ခုကို ခေါ်သွားတယ်...။

ဟိုတယ်ကို ရောက်တော့ စားသောက်ဖွယ်ရာတွေ မှာပြီး စာရေးရဲ့ဘဝကို နားထောင်တယ်....။

စာရေးက

"ကျုပ် နံမည် တင်မောင်လို့ ခေါ်တယ်..လွန်ခဲ့တဲ့ သုံးနှစ်လောက်က ကျုပ်တို့ အမျိုးတွေ ရှိတဲ့ သာယာဝတီဘက်ကို ခရီးထွက်ရင်း အလုပ်အကိုင် မယ်မယ်ရရ မရှိဘဲ အိမ်တကာလည်ပြီး တောက်တိုမယ်ရ အလုပ်လေးတွေ လုပ်ကိုင် စားသောက်နေတဲ့ လှသောင်း ဆိုတဲ့ ကောင်လေး တစ်ယောက်ကို ကျုပ် သနားပြီး ရန်ကုန်က သူငယ်ချင်းရဲ့ ဒန်အိုးစက်မှာ အလုပ်ပေးထားတယ်.. နေတာထိုင်တာကိုလဲ ကျုပ်အိမ်မှာပဲ နေထိုင်စေခဲ့တယ်.. လှသောင်း ဆိုတဲ့ကောင်ဟာ လူကသာ ယုတ်မာတာ ရုပ်





ကလေးကတော့ သနားကမားလေးဗျ....။ မြင်သူတိုင်းသူ့ကို သနားကရုဏာ သက်စေတယ်..ကျုပ်ညီမ မိဆုံလည်း သူ့ကို မောင်လေး တစ်ယောက်လို သဘောထားပြီး ဆက်ဆံခဲ့တယ်.. နောက်တော့လဲ အနေနီးစပ်ပြီး အိုးချင်းထားအိုးချင်းငြိ ဆိုသလို ကျုပ်ညီမလည်း ခွေးမသား နောက်ကို ပါသွားတာပါပဲ.. လွန်ခဲ့တဲ့ရက်က ဒီကောင် ပိုက်တဝေးတိုက်ကို လိုက်လာပြီး ကျုပ်အတွက် လက်ဆောင်ဆိုပြီး သက္ကလပ်ဘောင်းဘီ တစ်ထည်လာပေးတယ်..သူ့လုပ်အားခထဲက ကျုပ်ကို ဦးဦးဖျားဖျား ကန်တော့တာပါလို့လဲ ပြောတယ်..ကျုပ်လည်း သူ့ကို ကျေးဇူး သိတတ်တယ်လို့ ချီးကျူးပြီး အနောက်ခန်းထဲမှာ ဘောင်းဘီကို ဝင်ဝတ်ကြည့်တယ်..ကျုပ်ဘောင်းဘီလဲနေတုန်း ဒီကောင် သေတ္တာထဲက ငွေတွေကို ခိုးသွားတာပဲ"

လို့ဒေါ်သတကြီး ပြောတယ်..မိုးဇွဲက တင်မောင်ကို

ကရုဏာ သက်ဟန်နဲ့ကြည့်ပြီး

"လောကမှာကျေးဇူးရှိမှကျေးဇူးစွတ်တယ်ဆိုတာ ဒီကောင်မျိုးတွေကြောင့် ဖြစ်လာတာဗျ…ခင်ဗျား သူ့အကြောင်းကို ခေါင်းထဲက ထုတ်ပစ်လိုက်ပါဗျာ"

လို့ဆိုလိုက်တော့ တင်မောင်က အံကိုကြိတ်ပြီး

"ဒီလို လွယ်လွယ်နဲ့ မေ့လို့ ဘယ်ရမလဲ သူ့ငွေးရယ်.. သူ့ကြောင့် ကျုပ်အလုပ်ထုတ် ခံလိုက်ရပြီ..ကျုပ် စားဝတ်နေရေးအတွက် ရှေ့ဆက်ပြီး ဘယ်လိုဖြေရှင်းရမှာလဲ"

လို့မေးလိုက်တယ်..မိုးစွေဟာ တင်မောင်ရဲ့အလုပ်အကိုင်အတွက် စဉ်းစားထားပြီး ဖြစ်လို့

"ဒီအတွက်မပူပါနဲ့ ကျုပ်ဆီမှာ အလုပ်လုပ်ပါ..ကျုပ်က ခင်ဗျားကို ပိုက်တဝေးတိုက်က ပေးတဲ့ လခအတိုင်း ပေးမှာ ပါ"

လို့ဆိုတော့ တင်မောင်ဟာ ဝမ်းသာအားရ ဖြစ်သွားပြီး





"ကျွန်တော့် အတွက်တော့ ဆရာဟာ သမ္မာဒေဝ နတ်ကောင်းနတ်မြတ်တွေ စေလွှတ်လိုက်တဲ့ ပုဂ္ဂိုလ်ထူးပါပဲ"

လို့ပြောလိုက်တယ်…။

မိုးစွေဟာ ဒီအချိန်ကစပြီး တင်မောင်ကို သူ့ရဲ့အိမ်ကြီးမှာ ဘဏ္ဍာစိုးရာထူးကို ခန့်အပ်လိုက်တယ်….။

❋✳❋

မိုးစွေဟာ ရန်ငြိုးရန်စ ကြီးတယ်..အပြစ်မဲ့တဲ့ သူ့ဘဝကို ပြောင်းဆန်အောင်လုပ်ပြီး အသားလွတ် ထောင်ထဲထည့်ခဲ့တဲ့ တိုက်လှ၊မောင်ကောင်းနဲ့မြင်းလှည်းသမားဘစိန်ကို ယနေ့တိုင် မမေ့နိုင်သေးဘူး...။

ဒါပေမဲ့ သူ့ဆရာ ဦးမြတ်စံရဲ့ အဆိုအမိန့်တွေ ရင်ထဲ စွဲဝင်နေတဲ့ အတွက် ရန်သူကို ကိုယ်ထိ လက်ရောက် မကျူးလွန်ဘဲ ပညာသားပါပါနဲ့ လက်စားချေဖို့ ဆုံးဖြတ်ထား တယ်...။

သူ့ရန်သူတွေ ရန်ကုန်မြို့ကို ရောက်နေတယ် ဆိုတဲ့





သတင်း ကြားလို့ စုံစမ်းလိုက်တော့ တိုက်လှဟာ ရွှေတိဂုံဘုရား အရှေ့ဘက်မုခ်မှာ သက်န်းပရိက္ခရာတိုက်ကြီး ဖွင့်ပြီး ကြီးပွားနေတာ တွေ့ရတယ်...။တိုက်လှရဲ့ကြီးကျယ်ခမ်းနားတဲ့ ခြံကြီးဟာ ရှင်စောပု လမ်းထဲမှာ ရှိတယ်...။

မောင်ကောင်းလည်း ဘုရား ဒါယိကာ သူဌေးကြီး ဖြစ်နေပြီး ကန်တော်ကြီး အနီးမှာ ခမ်းနားကြီးကျယ်တဲ့ အိမ်ကြီးနဲ့ နေထိုင်တယ်...။

မိုးစွေဟာ သူ့ရန်သူနှစ်ယောက်ကို စုံစမ်းပြီးတော့ ဒီလူတွေကို လက်စားချေဖို့ နည်းလမ်းတွေကို တဖြည်းဖြည်း စဉ်းစား ဆင်ခြင်တယ်...။

နောက်တော့သူတို့အုပ်စုထဲကိုအနီးကပ်ဝင်ပြီးတော့ ရန်သူတွေကိုတဖြည်းဖြည်းအမှည့်ခြွေခြွေမယ်လို့ဆုံးဖြတ်လိုက်တယ်...။

❄✳❄

တစ်နေ့တော့ မိုးစွေဟာ တစ်ကျွန်းမှာ တိုက်ပိတ်ခံရတုန်းက ရလာတဲ့ အဆုတ်အအေးမိ ရောဂါကို ဆေးဆရာကြီး ဦးဘဂျမ်းဆီမှာ သွားရောက်ကုသရင်း ဦးဘဂျမ်းရဲ့ ဆေးတိုက်မှာ စောက်တိုမယ်ရ လုပ်ကိုင်ပေးနေတဲ့ မိန်းမလှလေး တစ်ယောက်ကိုသတိပြုမိတယ်...။

မိုးစွေဟာ မိန်းမလှလေးအကြောင်းကို စိတ်ဝင်စားလို့ ဆေးဆရာကြီးဆီမှာ မိန်းကလေးအကြောင်း စုံစမ်းကြည့်





တဲ့အခါ ဆရာကြီး ဦးဘဂျမ်းက စိတ်မကောင်းဟန်နဲ့

"မိန်းကလေးရဲ့နံမည်က မဝါန လို့ခေါ်တယ်..မဝါနဟာ ချမ်းသာကြွယ်ဝတဲ့မျိုးရိုးက ဆင်းသက်လာခဲ့တယ်..မဝါနရဲ့မိဘနှစ်ပါးဟာမမျှော်လင့်ဘဲ ကားမတော်တဆ ဖြစ်ပြီး သေဆုံးခဲ့ရတယ်..မိဘတွေရဲ့နာရေးကိစ္စ ရက်မလည်မီ သူ့အဖေရဲ့လူယုံတော်က ပိုက်ဆံတွေကိုခိုးယူပြီး ထွက်ပြေးခဲ့တယ်..."

မိုးစွေက မဝါနရဲ့အကြောင်းကိုကြားလိုက်ရတဲ့အခါ စိတ်မကောင်းဖြစ်သွားပြီး မဝါနကို အနီးကိုခေါ်ခိုင်းလိုက်တယ်..။

မဝါနအနီးကို ရောက်လာတော့

"မဝါနရဲ့ဘဝကို ဆရာကြီး ပြောပြလို့ ကျုပ်ကြားသိရပါတယ်..စိတ်မကောင်းစရာလဲ ကောင်းပါတယ်..မဝါနရဲ့မိဘတွေရဲ့ပိုက်ဆံတွေကိုခိုးယူသွားတဲ့ လူယုတ်မာက ဘယ်သူလဲ"

လို့မေးမြန်းလိုက်တယ်..ဒီအခါမှာ မဝါနက

"ဒီလူကြီးဟာ အင်္ဂလိပ်စာတတ်ပြီး လူကြီးလူကောင်း ဟန်ဆောင်တတ်တယ်..သူ့ကို အဖေက အထင်ကြီးပြီး အလုပ်မှာ မန်နေဂျာခန့်လိုက်တယ်..ဒီအချိန်ကစပြီး ကျွန်မ တို့ မိသားစု ကံဆိုးမိုးမှောင်ကျခဲ့တာပဲ"

လို့ပြောတော့ မိုးစွေက မဝါနကို ကရုဏာသက်ဟန်နဲ့ ကြည့်ပြီး

"မဝါန မိဘတွေဆီက ပိုက်ဆံတွေကို ခိုးယူသွားတဲ့ လူယုတ်မာရဲ့နံမည်က ဘယ်သူလဲ"

လို့မေးလိုက်တယ်..မဝါနက အံကိုကြိတ်ပြီး

"ဒီလူကြီးနံမည်က မောင်ကောင်းတဲ့ လူပုံစံကို ကြည့်ရင်တော့ ဥပတိရုပ် ကောင်းကောင်းနဲ့ အထင်ကြီးလောက်တယ်"

လို့ဆိုလိုက်တော့ မိုးစွေဟာ မောင်ကောင်း ဆိုတဲ့ နံမည်ကြောင့် မျက်မှောင်ကြုတ်လိုက်ပြီး





"မောင်ကောင်း ဟုတ်လား သူရဲ့နှုတ်ခမ်းပေါ်မှာ စံပယ်တင်မှဲ့ကြီး ရှိသလား"

လို့မေးလိုက်တော့ မဝါနက လှုပ်လှုပ်ရှားရှား ဖြစ်သွားပြီး

"ရှိတယ်ရှင့် သူဌေးကဒီလူကြီးကို သိလို့လား"

လို့မေးမြန်းလိုက်တယ်..မိုးစွေက သက်ပြင်းချလိုက်ပြီး

"သိတာပေါ့ကွာ..မောင်ကောင်း ဆိုတဲ့လူကို ကျုပ်ကောင်းကောင်း သိတာပေါ့..တိုက်ဆိုင်လိုက်တာ မောင်ကောင်းရယ်..."

လို့ ပြောပြီး တစ်စုံတစ်ရာကို လေးနက်စွာ စဉ်းစား နေမိတယ်..ခဏကြာတော့ ဆရာကြီးဦးဘဂျမ်းဘက် လှည့်ပြီး

"မဝါနကို ကျွန်တော့်ရဲ့အလုပ်မှာ လစာ ကောင်းကောင်း ပေးပြီး ခေါ်လိုပါတယ်..ဆရာကြီး ခွင့်ပြုပါသလား"

လို့မေးမြန်းတယ်....။

ဆရာကြီး ဦးဘဂျမ်းက ဝမ်းသာအားရနဲ့

"မဝါနရဲ့ ကောင်းကျိုးအတွက် ကျုပ် ခွင့်မပြုစရာ မရှိပါဘူး..မဝါနရဲ့ သဘောထားကိုသာ မေးမြန်းကြည့်ပါ"

လို့ပြောလိုက်တယ်..မဝါနကလည်း မိုးစွေရဲ့ အလုပ်မှာ လုပ်ကိုင်ဖို့ ဆန္ဒရှိတဲ့အတွက် သူမကို ခေါ်ဆောင်လာခဲ့တယ်...။

မိုးစွေဟာ အိမ်ကို ရောက်တာနဲ့ မဝါနကို လောလောဆယ် ဘာအလုပ်မှ မလုပ်ဘဲ အိမ်မှာပဲ နားနားနေနေ နေခိုင်းတယ်...။

သူ့ရဲ့ ခမ်းနားကြီးကျယ်တဲ့ အိမ်ကြီးမှာ မဝါန နေထိုင်ဖို့ အခန်းတစ်ခန်း စီစဉ်ပေးထားတယ်..မဝါန ဝတ်ကောင်းစားလှတွေ ဝယ်ယူဖို့ ပိုက်ဆံ သီးသန့် ထုတ်ပေးတယ်...။

မဝါနဟာ မိုးစွေ သူ့အပေါ် ညီမအရင်းတစ်ယောက်လို သဘောထားပြီး ဆက်ဆံနေတာ အလွန်အံ့ဩမိတယ်...။





မိုးစွေ ပေးတဲ့ အခွင့်အရေးတွေကို မယူချင်လို့ ငြင်းဆန်ပေမဲ့ မိုးစွေက အတင်းလက်ခံခိုင်းတဲ့အတွက် မငြင်းဆန်ရက်တော့ဘူး...။

သူမ အခုလို အိမ်နီမ့်စံ ဘဝနဲ့ နေထိုင်ခိုက်မှာ ဒီလိုလူမျိုးနဲ့ တွေ့ရတာ သူမအဖို့ ဘုရားမ.တာပဲလို့ တွေးမိတယ်..

❈✳❈

မိုးစွေဟာ ရန်သူတော်တွေရဲ့ လှုပ်ရှားမှုကို လေ့လာနေခဲ့တယ်....။

ဒီအခါမှာ သူချစ်သူမနန်းမူနဲ့ သူ့ဌေး မောင်ကောင်းမှာ မောင်စိန်ဝင်းဆိုတဲ့ သားတစ်ယောက် ရှိကြောင်း သိလိုက်ရတယ်....။

မိုးစွေဟာ သူတပည့်တင်မောင်ကို မောင်စိန်ဝင်းရဲ့ နေပုံထိုင်ပုံ တွေကို လေ့လာခိုင်းတော့ မောင်စိန်ဝင်းဟာ လောင်းကစား ဝါသနာပါပြီး ညဘက်တွေမှာ တရုတ်တန်းက လောင်း





ကစားဝိုင်းတွေမှာ အချိန်ဖြုန်းတတ်ကြောင်း သိရတယ်...။

တစ်ညတော့ မောင်စိန်ဝင်း နောက်ကို တကောက်ကောက် လိုက်နေတဲ့ တင်မောင်က မိုးစွေကို အရေးတကြီး ဖုန်းဆက်တယ်....။

"ဆရာရေ ..မောင်စိန်ဝင်းတစ်ယောက် တရုတ်တန်းက ကလပ်မှာ မူးပြီး သောင်းကျန်းလို့ လူမိုက်ဖိုးတုတ်တို့ အဖွဲ့က ကြည့်မြင်တိုင်မှာ ဖမ်းထားတယ်"

လို့ဆိုလိုက်တော့ မိုးစွေဟာ လူမိုက်ဖိုးတုတ်နဲ့ မိမိ သိကျွမ်းဖူးတာ အမှတ်ရတယ်....။

တစ်ကျွန်းမှာ နေတုန်းက လူမိုက်ဖိုးတုတ်ရဲ့ ဖခင် ဦးမိုက်ကြီးဟာ မိုးစွေလက်မှာပဲ အသက်ထွက်ခဲ့တယ်....။

ဦးမိုက်ကြီးဟာ နောက်ဆုံးအချိန်မှာ သူတို့ မိသားစုရဲ့ လျှို့ဝှက်ချက်ကိုမိုးစွေသိအောင် ပြောပြခဲ့တယ်...။

ဒီလျှို့ဝှက်ချက်အရ လူမိုက်ဖိုးတုတ်ရဲ့မိခင်ဟာ ပြဇာတ်မင်းသမီးကြီး ဒေါ်မေရီဆိုတာ သိခဲ့ရတယ်...။

မိုးစွေဟာ တစ်ကျွန်းက လွတ်မြောက်လာပြီးနောက်ပိုင်း မိမိသိထားတဲ့ လူမိုက်ဖိုးတုတ် မိသားစုရဲ့ လျှို့ဝှက်ချက်ကို ဖိုးတုတ်သိအောင် ပြောပြခဲ့တယ်...။

မိုးစွေရဲ့ကျေးဇူးကြောင့် လူမိုက်ဖိုးတုတ်ဟာ တစ်သက်လုံး ကွဲကွာနေတဲ့ မိခင်နဲ့ ပြန်ဆုံခွင့် ရလို့ မိုးစွေကို ကျေးဇူးတင်မဆုံးဖြစ်ခဲ့တယ်...။

တစ်နေ့ မိုးစွေ အကူအညီလိုရင် အသက်နဲ့လဲပြီး ကူညီပါ့မယ်လို့ ကတိပြုခဲ့တယ်..မိုးစွေက ဒီအခွင့်အရေးကို အသုံးချပြီး ရန်သူတော် မောင်ကောင်းနဲ့ မနန်းမူရဲ့သား မောင်စိန်ဝင်းကို ကယ်တင်မယ်လို့ဆုံးဖြတ်ခဲ့တယ်...။

မိုးစွေဟာ ကြည့်မြင်တိုင်မှာ နေတဲ့ လူမိုက်ဖိုးတုတ်ကို





သွားတွေ့ပြီး မောင်စိန်ဝင်းဟာ သူ့မိတ်ဆွေရဲ့ သားဖြစ်တဲ့အတွက်ပြန်လွှတ်ပေးဖို့ပြောတယ်..လူမိုက်ဖိုးတုတ်ဟာ မိုးစွေရဲ့စကားကိုကြားတော့အနူးအညွတ်တောင်းပန်ပြီး မောင်စိန်ဝင်းကို ချက်ချင်းပြန်လွှတ်ပေးတယ်.....။

မောင်စိန်ဝင်းက သူ့ကို လူမိုက်တွေဆီက ကယ်တင်လာတဲ့ မိုးစွေကို ကျေးဇူးတင်စကားပြောပြီး

"ကျေးဇူးတင်ပါတယ်..ဦးလေးရယ်..ဒါနဲ့ဦးလေးကျုပ်ကို လူမိုက်ဖိုးတုတ် လက်က ဘာကြောင့် ကယ်တင်လာတာလဲ"

လို့မေးလိုက်တော့ မိုးစွေက သူ့နံမည် အမှန်ကို မပြောဘဲ

"ဦးလေးက မိုးကုတ်က သူဌေးဦးရွှေမိုးပါ..လူမိုက် ဖိုးတုတ်ကို တစ်ချိန်က ဦးလေး ကူညီဖူးလို့ သူ့အပေါ် ဦးလေးရဲ့ကျေးဇူးရှိတယ်..ဒီနေ့ လူမိုက်ဖိုးတုတ် ဆီကို အကြွေးတောင်းဖို့သွားရင်း မောင်စိန်ဝင်းကို ဖမ်းဆီးထားတာ မြင်လို့ ကရုဏာ သက်ပြီး ပြန်

လွှတ်ပေးဖို့ ပြောတာပါ"

လို့ဆိုတော့မောင်စိန်ဝင်းဟာမိုးစွေကိုကျေးဇူးတင်သွားပြီး

"ကျေးဇူးကြီးလှပါတယ်..ဦးလေးရယ်.. တစ်နေ့ ကျုပ်အိမ်ကို လိုက်ခဲ့ပါ...၊ ကျုပ်ရဲ့မိဘတွေနဲ့ မိတ်ဆက် ပေးပါ့မယ်"

လို့ပြောတော့ မိုးစွေဟာ သူ့ရန်သူတော် မောင်ကောင်းနဲ့ ချစ်သူ မနန်းမူကို မြင်ပြီး ရင်ထဲမှာ နာကျင်သွားတယ်.. ..။

သူ့စိတ်ထဲက

"မင်းအဖေ မောင်ကောင်းဟာ လူယုတ်မာ.. ငါ့ကို မတရား ထောင်ထဲပို့ပြီး ငါ့ချစ်သူကို သိမ်းပိုက်ခဲ့တာကွ"

လို့ပြောနေမိတယ်.....။

❄✳❄





ဒီလိုနဲ့ ရက်အနည်းငယ် ကြာတော့ မိုးစွေရဲ့ အိမ်ကို မောင်စိန်ဝင်း ရောက်လာပြီး သူတို့အိမ်မှာ ဘုရားကိုးဆူပွဲလုပ်မဲ့အတွက် ဆက်ဆက်လာဖြစ်အောင် လာဖို့ မိုးစွေကို ဖိတ် ခေါ်တယ်....။

ဘုရားကိုးဆူပွဲကို နေ့ကို ရောက်တော့ မိုးစွေ စိတ်တွေ လှုပ်ရှားနေတယ်....။

သူရန်သူ မောင်ကောင်းနဲ့ ချစ်သူဟောင်း မနန်းမူတို့ကို ပြန်တွေ့ရမယ်လေ....။

အဲဒီညက ဘုရားကိုးဆူပွဲမှာ မောင်စိန်ဝင်းဟာ မိုးစွေကို ဖခင်ဖြစ်သူ သူဌေးမောင်ကောင်းနဲ့ မိတ်ဆက်ပေးတယ်..။

မောင်ကောင်းဟာ မိုးစွေကို မိုးကုတ်က သူဌေးကြီး တစ်ယောက်လို့ထင်ပြီးအထင်တကြီး ဆက်ဆံတယ်...။

မိုးစွေကို လုံးဝ မှတ်မိဟန် မရှိဘူး...။

ဒီအချိန်မှာပဲ သူတို့အနီးကိုမိုးစွေရဲ့ချစ်သူဟောင်းမနန်းမူ ရောက်ရှိလာတယ်...။

မိုးစွေဟာ ရင်ထဲမှာ လှုပ်ခါသွားပြီး မနန်းမူ မျက်နှာကို လှမ်းကြည့်လိုက်တယ်...။

မနန်းမူနဲ့ မိုးစွေဟာ မျက်လုံးချင်းဆုံအောင် ကြည့်မိပြီး မနန်းမူရဲ့မျက်လုံးတွေ ဝိုင်းစက်သွားသလိုပဲ....။





မနန်းမူဟာ မိုးစွေရဲ့မျက်နှာကိုစူးစိုက်ကြည့်ပြီး အိမ်ထဲကို အလျင်စလိုပြန်ဝင်သွားတယ်...။

မိခင်ဖြစ်သူကို အရိပ်တကြည့်ကြည့်ကြည့်နေတဲ့ မောင်စိန်သောင်းက အိမ်ထဲကို လိုက်ဝင်သွားပြီး

"အမေ ပင်ပန်းနေပြီလား"

လို့မေးလိုက်တော့ မနန်းမူဟာ မောင်စိန်ဝင်းရဲ့အမေးကို မဖြေဘဲ

"သားနဲ့ မိုးကုတ်သူဌေး ဦးရွှေမိုးဆိုတာ ဘယ်လိုလုပ်သိတာလဲ"

လို့မေးမြန်းတော့ မောင်စိန်ဝင်းက မိခင်ကို အံမှန် မပြောဘဲ တရုတ်ဟန်းက လောင်းကစားဝိုင်းမှာ ခင်မင်ခဲ့ကြောင်း ပြောဆိုတယ်...။

မောင်စိန်ဝင်းဟာ မိခင် ဖြစ်သူ သူဌေးဦးရွှေမိုးကို ဘာ

ကြောင့်စိတ်ဝင်စားနေသလဲဆိုတာ တွေးမရဘူး..တစ်ခုခုတော့ ထူးခြားနေတယ်ထင်မိတယ်....။

❋✳❋





ဘုရားကိုးဆူညက မိုးစွေအဖို့တော့ ဒဂ်ါရာဟောင်းတွေ အကုန်လုံးပြန်တူးဆွမိသလိုခံစားရတယ်....။

သူဌေး မောင် ကောင်းက မိုးစွေကို စားပွဲ တစ်လုံးကို ဖိတ် ခေါ်သွားပြီး လူတစ်ယောက်နဲ့ မိတ်ဆက်ပေးတယ်....။

အဲဒီလူက မိုးစွေရဲ့ ရန်သူဟောင်းကြီး တိုက်လှဖြစ်နေ

တယ်...။

တိုတ်လုက ဒီနေ့တော့ ဘုရားဒါယိကာ သူတော်ကောင်းကြီး တိုက်လှဖြစ်နေပြီ၊

တိုက်လှလဲ မိုးစွေကို မမှတ်မိဘူး...မိုးကုတ်သူဌေးကြီး ဦးရွှေမိုးဆိုပြီး တလေးတစား ဆက်ဆံတယ်...။

မိုးစွေရဲ့ရင်ထဲမှာတော့ ဗလောင်ဆူလို့ နေတယ်...။

"ငါ့ကိုလူချမ်းသာဘဝရောက်တော့မင်းတို့ကငွေမျက်နှာနဲ့ တလေးတစား ဆက်ဆံပြီပေါ့၊ ငါဆင်းရဲပြီး နင်းပြားဘဝရောက်နေတုန်းက ဝိုင်းပြီး နှိပ်စက်လိုက်ကြတာ၊ ငါ့ကို ထောင်ထဲပို့ပြီး ငါ့ချစ်သူကို ရက်ရက်စက်စက် သိမ်းပိုက်ခဲ့ကြတယ်....။ ဒီနေ့ မင်းတို့ အလှည့်ပြန်ရောက်တော့မယ်...ထမင်း ဝဝ စားပြီး ပျော်ပျော်ကြီး စောင့်နေပေတော့"

လို့ကြုံးဝါးလိုက်တယ်...။





သူဌေးမောင်ကောင်းက လူယုတ်မာ တိုက်လှရဲ့ပခုံးကို ဖက်ပြီး

"မိတ်ဆွေကြီးကို ပြောရဦးမယ်...ဟောဒီက တိုက်လှနဲ့ ကျုပ်နဲ့က ပုဂံမြို့မှာ အတူတူကြီးပြင်းလာတဲ့ ငယ်ပေါင်းကြီးဖော်တွေဗျ...နောက်ဆိုရင် ကျုပ်တို့ နှစ်ယောက်ဟာ အမျိုးတောင်တော်ကြဦးမှာ...ကျုပ်ရဲ့သား မောင်စိန်ဝင်းနဲ့ ကိုတိုက်လှရဲ့ သမီး မအေးမိတို့ကို လူကြီးချင်း သဘောတူ ထားကြတယ်ဗျ"

လို့ဆိုတော့ မိုးစွေဟာ ရင်ထဲမှာ နာကျင်နေပေမဲ့

"ကောင်းပါပေ့ဗျာ...ရွှေ ရွှေချင်းထပ်တော့ မြတ်တယ် ဆိုတဲ့စကားလည်းရှိတယ်လေ..."

လို့ဆိုလိုက်တော့ လူယုတ်မာ နှစ်ယောက်က သဘောကျဟန်နဲ့ တဟီးဟီး တဟားဟား ရယ်မောကြတယ်...။

မိုးစွေကတော့ ပုဂံမြို့ဟောင်းက တရားရုံးကြီးမှာ မတရား

အပြစ်ဒဏ်ခံရတဲ့ ယွန်းသမားလေး တစ်ယောက်ရဲ့ မျက်နှာကိုပဲ ပြန်မြင်နေတယ်...။

ယွန်းသမားလေးကို တစ်သက်တစ်ကျွန်း အပြစ်ဒဏ် ချမှတ်လိုက် တယ် ဆိုတော့ ယွန်းသမားလေးရဲ့ ချစ်သူဟာ မြေပေါ်ကို မူးမေ့လဲကျ သွားတယ်...။

ယွန်းသမားလေးရဲ့ မိခင်ကတော့ ဘဝ တစ်ပါးကို ပြောင်းလဲ သွားရှာတယ်....။

အဲဒီတုန်းက ယွန်းသမားလေးဟာ ရင်ကွဲမတတ် နာကျင်လို့ တရားရုံးတစ်ခွင်လုံး ကြားအောင် ပေါက်ကွဲထွက်ခဲ့တယ်....။

ဒါပေမဲ့ သူ့ရဲ့ နာကျင်မှုတွေဟာ မစာနာ တတ်သူတွေ အတွက် ရယ်စရာ ဟာသ တစ်ပုဒ် ဖြစ်သွားတယ်..ဒီနေ့တော့ နာကျင်မှုတွေဟာ ရန်ငြိုးရန်စ အဖြစ် ပြောင်းလဲ သွားပြီလေ...။

❄✳❄





တစ်နေ့တော့ မိုးစွေဟာ သူရဲ့ ၃၈ နှစ်မြောက် မွေးနေ့ ရောက်တဲ့ အတွက် လူယုံတော် တင်မောင်ကို ခေါ်ပြီး ရွှေတိဂုံ ဘုရားထွက်ခဲ့တယ်...။

ဘုရားရောက်တော့ ပန်းရေချမ်း ဆီမီး ဆက်ကပ်ပြီးတော့ ဘုရား ရင်ပြင်တော်က ပြန်ဆင်းခဲ့တယ်....။

ဘုရားအောက်ကို ရောက်တော့ တင်မောင်က တစ်နေရာကို စူးစိုက်ကြည့်ပြီး ဒေါသတကြီးနဲ့

"ခွေးမသား လုသောင်းပါလား"

လို့ရေရွတ်လိုက်တယ်....။

မိုးစွေက တင်မောင် ညွှန်ပြရာကို ကြည့်တော့ သစ်ပင်ရိပ်အောက်မှာ ငှက်ရောင်အိမ် တစ်လုံးကိုင်ပြီး ထိုင်နေတဲ့ လူငယ်တစ်ယောက်ကို တွေ့တယ်...။

တင်မောင်ဟာ လုသောင်းကို မြင်တာနဲ့ ဒေါသ အလိပ်လိပ် တက်လာပြီး

"ကျုပ်ရဲ့ ငွေတွေ ခိုးသွားရုံမကဘူး...ကျုပ် ညီမလေးကိုလည်း ဖြားယောင်းသွေးဆောင် သွားသေးတယ်...။ဒီကောင်ကို အသေသတ်မယ်"

လို့ကြုံးဝါးတဲ့အခါ မိုးစွေက လက်ကာပြပြီး

"စိတ်ထိန်းပါ..ကိုတင်မောင်၊ ဒီကောင်ကို ကျုပ်ကိုင်ပါ့မယ်....။ကျုပ် လက်ကိုသာ အပ်လိုက်ပါ"





လို့ ဆိုလိုက်တော့ တင်မောင်ဟာ မိုးစွေရဲ့မျက်နှာကို အံ့ဩဟန်နဲ့ကြည့်ပြီး

"ဆရာမှာ ဘယ်လိုအကြံရှိလို့လဲ"

လို့မေးတယ်.. မိုးစွေက သက်ပြင်းချပြီး

"ရှိတာပေါ့ဗျာ...အကြံမှ အကြီးကြီး ကိုရှိတယ်...ကျုပ်သူနဲ့ သွားတွေ့လိုက်မယ်.. ခင်ဗျားအိမ်ကိုပြန်ပေတော့.. ဩော်..ကျုပ် သူ့ကိုအိမ်ခေါ်လာတဲ့အခါ ခင်ဗျားထွက်မတွေ့ဖို့တော့လိုတယ်"

လို့မှာကြားပြီး တင်မောင်ကို အိမ်ပြန်လွှတ်လိုက်တယ်...။

မိုးစွေဟာ လုသောင်းအနီးကို ချဉ်းကပ်သွားတော့ လုသောင်းက

"ငှက်ကလေးတွေ လွှတ်ပြီး ကုသိုလ် ယူပါဦးလားဗျာ... ကျွန်တော် ဈေးလျှော့ပေးပါ့မယ်"

လို့ ရှိုသာတဲ့ အမူအရာနဲ့ ဖိတ်ခေါ်တယ်..မိုးစွေက

လှသောင်းရဲ့အနီးမှာ ထိုင်လိုက်ပြီး

"ဒီနေ့က ဦးလေးရဲ့ မွေးနေ့လေ..ဒါကြောင့် ငှက်တွေ အားလုံးလွှတ်ချင်တယ်..ဘယ်လောက်ပေးရမလဲ"

လို့ဆိုလိုက်တော့ လှသောင်း မျက်နှာ ဝင်းပသွားပြီး

"ငှက်အားလုံး လွှတ်မယ်ဆိုရင်တော့ ဦးလေး ကုသိုလ်တွေအများကြီးရမှာပဲ..ငှက်အားလုံးအတွက်ပိုက်ဆံတစ်ဆယ်ပဲ ပေးပါ"

လို့ဆိုပြီးမတန်တဆ ဈေးကိုတောင်းလိုက်တယ်....။

လှသောင်း တောင်းတဲ့ ဈေးက များလွန်းလို့ အနီးမှာ ပန်းရောင်းနေတဲ့ ပန်းသည်တွေ မျက်လုံးပြူးသွားတယ်...။

ဒါပေမဲ့ လှသောင်း ရန်လုပ်မှာစိုးလို့ ဘယ်သူမှ ဝင်မပြောရဲဘူး....။

မိုးဇွေဟာ ဘုရားမှာ မကြာခဏ ငှက်တွေ လွှတ်ဖူးလို့ လှ





သောင်း တောင်းတဲ့ ဈေးဟာ နှစ်ဆလောက်များနေတယ် ဆိုတာသိတယ်...။

ဒါပေမဲ့ လှသောင်းကို စောဒက မတက်တော့ဘဲ ငှက်တွေကိုကုသိုလ်ကောင်းမှုလုပ်ပြီး လွှတ်ပေးလိုက်တယ်...။

လှသောင်းကတော့ ဒီနေ့ သူ့အတွက် အမြတ်အစွန်း နှစ်ဆလောက်ထွက်သွားလို့ ဝမ်းမြောက်ဝမ်းသာ ဖြစ်နေတယ်။

❄✳❄

မိုးစွေဟာ ငှက်တွေ လွှတ်ပြီးတော့ လှသောင်းရဲ့ မျက်နှာကိုကြည့်ပြီး

"မောင်ရင့်ရဲ့ ရုပ်ကလေး သနားကမားနဲ့ ငှက်ရောင်းတဲ့ အလုပ်ကို နေပူမရှောင် မိုးရွာမရှောင် လုပ်ရတာ ပင်ပန်းလိုက်တာ"





လို့ဆိုလိုက်တော့ လှသောင်းက

"သမုဒ္ဒရာ ဝမ်းတစ်ထွာဆိုတဲ့ စကားရှိတယ်လေ ဦးလေးရဲ့....၊ ဒါကြောင့် စားဝတ်နေရေးအတွက် နေပူမရှောင် မိုးရွာမရှောင် အလုပ်လုပ်ရတာပေါ့"

လို့ပြောတယ်..မိုးစွေက လှသောင်းကိုကြည့်ပြီး

"မောင်ရင်မှာ မိဘနစ်ပါး မရှိဘူးလား"

လို့မေးလိုက်တယ်..လှသောင်းက ခေါင်းခါယမ်းပြီး

"ကျွန်တော့်မိဘတွေ မရှိတော့ပါဘူးဗျာ..ကျွန်တော်က တစ်ကိုယ်တည်း အထီးကျန် နေခဲ့တာပါ"

လို့ဆိုလိုက်တယ်..ဒီအခါမှာ မိုးစွေက

"မောင်ရင် ငှက်ဖမ်းသမားဘဝကို စွန့်လွှတ်လိုက် ပါလား"

လို့ တိုက်တွန်းလိုက်တော့ လှသောင်းက ရယ်မောပြီး

"ကျုပ် စားဝတ်နေရေးကို ဦးလေး တာဝန်ယူမလား"

လို့မေးမြန်းလိုက်တယ်....။

မိုးစွေက လှသောင်းကို ကြည့်ပြီး

"ပေးနိုင်တာပေါ့ကွာ...ကျုပ်နောက်ကိုလိုက်ရင် မောင်ရင်ရဲ့လက်ရှိဘဝထက် အများကြီး သာလွန်နိုင်တယ်"

လို့ပြောတယ်....။

မိုးစွေရဲ့ စကားကြောင့် လူလယ်လူရှုပ် လှသောင်းဟာ စိုင်ကော်လို့ ချုံပေါ်ရောက်တာပဲ လို့တွေးပြီး မိုးစွေရဲ့အနောက်ကို ဝမ်းသာအားရ လိုက်ပါလာတယ်...။

မိုးစွေဟာ လှသောင်းကို သူ့ရဲ့ခမ်းနားကြီးကျယ်တဲ့ အိမ်ကြီး ကိုခေါ်သွားတယ်....။

လှသောင်းဟာ မိုးစွေရဲ့ အိမ်ကြီးကို ကြည့်ပြီး ရတနာပုံဆိုက်တာပဲလို့ တွေးလိုက်မိတယ်....။

မိုးစွေဟာ လှသောင်းကို အိမ်မှာခေါ်ပြီး ကောင်းကောင်း မွန်မွန် ကျွေးမွေးပြုစုထားတယ်....။





ဘာအလုပ်မှ မယ်မယ်ရရ မလုပ်ခိုင်းဘဲ အိမ်မှာပဲ စားလိုက် အိပ်လိုက် လုပ်နေရလို့ လှသောင်း အလွန် သဘောကျနေတယ်....။

မိုးစွေဟာ လှသောင်းကို အိမ်မှာ ကျွေးမွေးထားရုံ မကဘူး...လှသောင်းကို ပိုက်ဆံ ထုတ်ပေးပြီး ရိုးတိုက်က အဘိုးတန် အဝတ်အစားတွေ ဝယ်ယူစေတယ်....။

မကြာမီ အချိန်အတွင်းမှာ လှသောင်းဟာ လူကုံထံ သူဌေးသား တစ်ယောက်လို ပုံစံမျိုး ဖြစ်သွားတယ်....။

တစ်နေ့ မိုးစွေဟာ လှသောင်းကို ခေါ်ပြီး

"မောင်လှသောင်းကို ဦးလေး မိတ်ဆွေတွေက လူကုံထံ သူဌေးသား တစ်ယောက်လို့ပဲ ထင်မြင်နေကြပြီ... မောင်လှသောင်း ရဲ့ ဘဝမှန်ကို ဦးလေး မိတ်ဆွေတွေ သိသွားရင် အထင်သေးမှာပဲ... ဒါကြောင့် မောင်လှသောင်းရဲ့ ဘဝမှန်ကို အသိပေး

လို့မဖြစ်ဘူး"

လို့ဆိုလိုက်တော့မောင်လှသောင်းကမျက်မှောင်ကြုတ်ပြီး

"ဒါဆိုရင် ဘယ်လိုပြောမှာလဲ ဦးလေး"

လို့ မေးမြန်းလိုက်တော့ မိုးစွေက မောင်လှသောင်းကို မျက်မှောင်ကြုတ် ကြည့်ပြီး

"ဦးလေးရဲ့ မိတ်ဆွေ မိုးကုတ်သူဌေးကြီး တစ်ယောက်ရဲ့သားလို့ မိတ်ဆက်ပေးမယ်..ဒါဆိုရင် မောင်လှသောင်းကို ဘယ်သူမှ အထင်မသေးဝံ့တော့ဘူး"

လို့ဆိုလိုက်တော့ ဗမောင်လှသောင်းက သဘောကျဟန်ဖြင့် ဟားတိုက်ရယ်မောနေတယ်.....။

❄✳❄





မကြာမီ ရက်ပိုင်းအတွင်း သက်န်းတိုက်ပိုင်ရှင် တိုက်လှဟာ လှသောင်းကို မြင်တွေ့သွားပြီး မိုးကုတ်သူဌေးသားမှန်းသိလို့အလွန်စိတ်ဝင်စားသွားတယ်...။

သူ့သမီးမအေးမိကို သူဌေး မောင်ကောင်းရဲ့သား မောင်စိန်ဝင်းနဲ့ သဘောတူ ထားပေမဲ့ မိုးကုတ်သူဌေးသား လှသောင်းဟာ သူ့သမီးမအေးမိနဲ့ ပိုပြီး လိုက်ဘက်ညီကြောင်း

တွေးမိတယ်.....။

ဒါကြောင့် မိုးကုတ်သူဌေးသားလှသောင်းရဲ့အကြောင်းကို မိုးစွေဆီမှာ မသိမသာ စုံစမ်းကြည့်တယ်....။

ဒီအခါမှာ မိုးစွေကလည်း လုပ်ကြံထားတဲ့ကြွယ်ဝချမ်းသာမှုတွေကို တိုက်လှ မက်လောက်အောင် ပြောပြလိုက်တယ်..

"ကျုပ်သိရသလောက်တော့ လှသောင်းအဖေဟာ သိန်းကျော့က်တွေ အများကြီး အောင်ထားပြီး မိုးကုတ်မှာ အချမ်းသာဆုံး သူဌေးသုံးယောက်ထဲမှာ တစ်ယောက်အပါအဝင်ပဲဗျ.. နောက်ပြီးတော့ လှသောင်းရဲ့အမေတွေဘက်ကလဲ မန္တလေးမှာ ပိုးထည်လုပ်ငန်းတွေ အများကြီး ရှိတယ်လို့ ကြားဖူးတယ်"

လို့ပြောလိုက်တယ်....။

တိုက်လှဟာ လှသောင်းရဲ့ကြွယ်ဝချမ်းသာပုံတွေကို ကြားတဲ့အခါ သူ့သမီးရဲ့ဖူးစာ ဖက်အမှန်ဟာ လှသောင်းပဲ ဖြစ်





သင့်တယ်လို့ ဆုံးဖြတ်လိုက်တယ်....။

ဒါကြောင့် လောဘစိတ်ကို မထိမ်းချုပ်နိုင်ဘဲ

"ကျုပ်သမီးကို မောင်စိန်ဝင်းလိုလူနဲ့ သဘောတူမဲ့အစား မောင်လှသောင်းလို လူမျိုးနဲ့ သဘောတူလိုက်ရင် အကောင်းသားဗျာ"

လို့ဆိုလိုက်တော့ မိုးစွေက အံ့သြဟန်နဲ့ကြည့်လိုက်ပြီး

"မောင်စိန်ဝင်းကလည်း သူဌေး ဦးကောင်းရဲ့သား လူကုံထံမိသားစုက ဆင်းသက်လာတာ မဟုတ်လား"

လို့မေးလိုက်တော့ တိုက်လှက မျက်နှာ ရှုံ့မဲ့ပြီး

"မောင်ကောင်းဟာ ကျုပ်နဲ့ ပုဂံမှာ အတူတူကျောင်းတက်ခဲ့တဲ့ သူပါ..ဒီကောင် အကြောင်းကို ကျုပ်ကောင်းကောင်းသိတယ်.. ဒီကောင် ချမ်းသာတယ် ဆိုတာ ကျုပ်လို ရိုးရိုးသားသား လုပ်ပြီးချမ်းသာတာ မဟုတ်ဘူး"

လို့ဆိုလိုက်တော့ မိုးစွေက မသိဟန်ဆောင်ပြီး

"ဦးကောင်းက ဘယ်လိုချမ်းသာ လာတာလဲ..ရိုးရိုးသား သား ချမ်းသာတာမဟုတ်ဘူး လား"

လို့မေးလိုက်တယ်..တိုက်လှက ခေါင်းခါယမ်းပြီး

"မဟုတ်ဘူးဗျ..ဒီကောင်ဟာ သူဌေးကြီး တစ်ယောက်ဆီ မှာ ဘဏ္ဍာစိုးလိုလို လုပ်ခဲ့ သေးတယ်..သူဌေးကြီး သေတော့ ပစ္စည်းတွေ အားလုံး မောင်ပိုင်စီးပြီး ချမ်းသာလာတာလို့ ကြား ဖူးတယ်"

လို့ဆိုလိုက်တော့ မိုးစွေကဟာ မဝါနှရဲ့ စကားတွေကို ကြားယောင်ပြီး သက်ပြင်းချလိုက်မိတယ်....။

❄✳❄





မိုးစွေဟာ ရန်ကုန်မြို့ လူကုံထံ အသိုင်းအဝိုင်းမှာ ဝင်ဆံ့ အောင် အလှူပွဲတွေ အမျိုးမျိုး ကျင်းပခဲ့တယ်....။

တစ်ညမှာ မိုးစွေရဲ့ ဝင်ဒါမိယာ အိမ်မှာ ပြုလုပ်တဲ့ ဘုရား ကိုးဆူပွဲမှာ မိုးစွေနဲ့ မောင်စိန်ဝင်း အတူ ယှဉ်တွဲ ထိုင်နေကြ ဘယ်....။

ဒီအချိန်မှာ မိုးကုတ် သူဌေးသား အယောင်ဆောင် လှ

သောင်းနဲ့ တိုက်လှရဲ့ သမီးမအေးမိဟာ တတွဲတွဲ လုပ်နေကြတယ်....။

ဒီမြင်ကွင်းကို ကြည့်ပြီး မိုးစွေက မောင်စိန်ဝင်းဘက်ကို လှည့်ပြီး

"မင်း ရင်ထဲမှာ ဘယ်လို ခံစားနေရသလဲ"

လို့ မေးလိုက်တယ်..မောင်စိန်ဝင်းက

"ဘယ်လိုမှ မခံစားရဘူး..ကျုပ်မှ မအေးမိကို မကြိုက်တာ..၊သူတို့နှစ်ယောက် အနေနီးသွားရင် ပိုတောင် ကောင်းသေးတယ်"

လို့ပြောတယ်.. ဒီအခါမှာ မိုးစွေက ခေါင်းညိတ်ပြီး

"ဒါဆိုရင်တော့ မင်းယောက္ခမ ဦးတိုက်လှ အကြိုက် ဖြစ်သွားမယ်ထင်တယ်"

လို့ပြောတယ်....။





မောင်စိန်ဝင်းက မျက်မှောင်ကြုတ် ကြည့်ပြီး

"ဘာလဲ..ပိုက်ဆံမက်တဲ့လူကြီးက မိုးကုတ်သူဌေးသားကို သမက်တော်ချင် နေပြီပေါ့"

လို့ဆိုလိုက်တယ်.. မိုးစွေက ခေါင်းညိတ်ပြီး

"ငါတော့ ဒီသဘောပဲလို့ထင်တယ်"

လို့ပြောလိုက်တယ်..ဒီအချိန်မှာ အနီးကို မိုးစွေရဲ့ ချစ်သူဟောင်း မနန်းမူ ရောက်လာပြီး

"ကိုမိုးစွေက အိမ်ထောင် တစ်ခါမှ မပြုဘူးလား"

လို့မေးမြန်းလိုက်တယ်....။

မိုးစွေက မနန်းမူရဲ့ မျက်နှာကို စူးစိုက်ကြည့်ပြီး

"ကျုပ်တစ်သက်မှာ အိမ်ထောင် ဘယ်တော့မှ ပြုဖြစ်မယ် မထင်ဘူး..ဘာကြောင့်လဲဆိုတော့ဘဝမှာ အင်မတန် ချစ်ရတဲ့ ချစ်ဦးသူ တစ်ဦးရှိခဲ့ဖူးတယ်..သူနဲ့ဝေးပြီးတဲ့ နောက်ပိုင်းမှာကျုပ်

တစ်သက်လုံးအိမ်ထောင်မပြုတော့ဘူးလို့ ဆုံးဖြတ်လိုက်တယ်၊ ကျုပ် သူနဲ့ဝေးနေပေမဲ့ သူ့ကိုပဲ အမြဲ သတိရနေမိတယ်”

လို့ဆိုလိုက်တော့မနန်းမူရဲ့မျက်နှာကွက်ခနဲ ပျက်သွားပြီး

“ရှင့်အကြောင်းကြားရတာ စိတ်မကောင်းလိုက်တာ ရှင်.. ဘာပဲဖြစ်ဖြစ် အချိန်တွေ ကြာခဲ့ပြီပဲ.. မေ့နိုင်အောင်ကြိုးစား ပေါ့”

လို့ ဆိုတော့ မိုးဇွေက

“လွယ်လွယ်လေး မေ့လို့ရမယ် ဆိုရင်တော့ ကောင်းတာ ပေါ့ဗျာ”

လို့ဆိုလိုက်တယ်..မနန်းမူက မိုးဇွေကို စိတ်မကောင်း ဟန်နဲ့ ကြည့်ပြီး

“ကျွန်မ သွားတော့မယ်”

လို့တီးတိုးပြောပြီး အနီးက ထွက်သွားတယ်....။

မနန်းမူကို ကြည့်ရတာ သူ့ကို မှတ်မိနေသလိုပဲလို့ မိုးဇွေ





ခံစားနေရတယ်....။

မိုးဇွေဟာ အဲဒီညက တစ်ညလုံး အိပ်မပျော်ဘဲ မနန်းမူနဲ့ ငယ်စဉ်က နှစ်ကိုယ်တူ သစ္စာထားခဲ့ပုံတွေကို မြင်ယောင်နေမိတယ်....

❋✳❋

အဲဒီညက မိုးကုတ်သူဌေးသား အယောင်ဆောင် လှသောင်းဟာ မအေးမိကို ခြံပြင်အထိ လိုက်ပို့ပေးတယ်…။

ဒီမြင်ကွင်းကို ကြည့်ပြီး ဦးတိုက်လှက သူ့သမက်ကောင်း ကောင်းရတော့မယ် ဆိုပြီး ကျေနပ်နေတယ်…။

ခဏကြာတော့ ဦးတိုက်လှတို့ ကားထွက်ပြီး လှသောင်း ဟာ ခြံထဲကို ပြန်ဝင်ဖို့ပြင်ခဲ့တယ်…။





ဒီအချိန်မှာပဲ အမှောင်ထဲက လူတစ်ယောက် ပေါ်လာပြီး လှသောင်းရဲ့လက်ကိုလှမ်းဆွဲလိုက်တယ်….။

လှသောင်းက ရုတ်တရက် သူ့လက်ကို ဆွဲတဲ့သူကို အထိတ်တလန့်ကြည့်လိုက်ပြီး

"ခင်ဗျား..ဘယ်သူလဲ ကျုပ်ကို ဘာကြောင့်ဆွဲတာလဲ"

လို့မေးလိုက်တယ်….။

ဒီအခါမှာ အမှောင်ထဲကလူက သဘောကျဟန်နဲ့ တီးတိုး ရယ်မောလိုက်ပြီး

"လှသောင်း..လှသောင်း မင်း မယုံနိုင်လောက်အောင် ကြီးပွားနေလို့ ကိုယ်နဲ့ ဘဝတူ လူတွေကိုတောင် မေ့နေပြီလား.. ငါက မင်းရဲ့မိတ်ဆွေဟောင်းကြီး ဘစိန်လေ..ငါတို့ထောင်ထဲမှာ ဝတ်တစ်လှည့်ပြတ်တစ်လှည့် နေထိုင်လာခဲ့တာကို မေ့နေပြီ လား"

လို့ဆိုလိုက်တော့ လှသောင်းရဲ့ မျက်နှာ အကြီးအကျယ် ဖျက်ယွင်းသွားပြီး

"ဟင်..ဦးဘစိန် ခင်ဗျား..ဘာလာလုပ်တာလဲ..ထောင်ထဲက ဘယ်တုန်းက လွတ်လာတာလဲ"

လို့မေးမြန်းလိုက်တယ်....။

ဦးဘစိန် ဆိုသူက လေသံတိုးတိုးနဲ့

"ငါလုပ်ခဲ့တဲ့ ပြစ်မှုတွေနဲ့ ထောင်ထဲက ဘယ်လွတ် နိုင်ပါ့မလဲကွာ..ထောင်ဆူတုန်း ထောင်က ထွက်ပြေး လာ တာကွ"

လို့ပြောတယ်....။

လှသောင်းဟာ လိမ်လည်မှုနဲ့ ထောင်ကျတုန်းက မုဒိန်းမှုနဲ့ ထောင်ကျလာတဲ့ ဦးဘစိန်က ထောင်ထဲမှာ အကူအညီ ပေးဖူးတယ်....။

လှသောင်းဟာ သူ့အခုလို ကြီးပွားချမ်းသာ နေချိန်မှာ





ဦးဘစိန်နဲ့ ပြန် မတွေ့ချင်ဘူး...။

ဦးဘစိန်က လှသောင်းကို ကြည့်ပြီး

"ဒါနဲ့ နေပါဦး၊မင်းဘယ်လိုပွပေါက်တိုးပြီး အခုလိုကြီးပွား ချမ်းသာ နေတာလဲ"

လို့ဆိုလိုက်တော့ လှသောင်းက ခေါင်းခါယမ်းပြီး

"ကျုပ်ဘယ်လိုပွပေါက်မှ မတိုးပါဘူးဗျာ..မိုးကုတ်သူဌေး ကြီး ဦးရွှေမိုးက ကျုပ်ကို ကျွေးမွေး စောင့်ရှောက်ထားတာ"

လို့ပြောလိုက်တော့ ဦးဘစိန်က မယုံနိုင်ဟန်နဲ့ ကြည့်ပြီး

"မင်းကို သူစိမ်း တစ်ယောက်က ဆွေမတော်မျိုးမတော်ဘဲ ကျွေးမွေး စောင့်ရှောက်ထားတယ်..ဟုတ်လား..ဒါအခွင့်အရေးပဲ၊ ဒီအခွင့်အရေးကို လက်လွှတ်ခံလို့မဖြစ်ဘူး"

လို့ပြောလိုက်တယ်...။

ဦးဘစိန်ရဲ့ စကားကြောင့် လှသောင်းက ထိတ်ထိတ်

ပြာပြာ ဖြစ်သွားပြီး

"ဘာ..ခင်ဗျားက သူဌေးကြီးကို ဒုက္ခပေးပြီး ကျုပ် ထမင်းအိုးကွဲအောင် လုပ်မလို့လား"

လို့ပြောလိုက်တော့ ဦးဘစိန်က မျက်နှာရှုံ့မဲ့လိုက်ပြီး

"ဒီလောက်လဲ ကြောက်မနေပါနဲ့ကွာ..မင်းက ငါ့ကို ပိုက်ဆံဘယ်လို ရှာရမလဲဆိုတာ လမ်းညွှန်ပြရုံပါပဲ"

လို့ပြောတယ်။

လှသောင်းဟာ ဦးဘစိန်ရဲ့ စကားကြောင့် မျက်မှောင်ကြုတ်ပြီး စဉ်းစားလိုက်တယ်....။

"ဒီလူကြီးကို ငြင်းဆန်လိုက်ရင် ငါ့ကို ဒုက္ခပေးမှာ သေချာတယ်"

လို့တွေးမိတယ်....။

ဒါကြောင့် အတန်ကြာအောင် မျက်မှောင်ကြုတ် စဉ်းစား





ပြီး

"သူဌေးကြီးဟာ လပြည့်ညတိုင်း ရွှေတိဂုံဘုရား တက်ပြီး ပုတီးစိတ်လေ့ရှိတယ်..ဒီအချိန်မှာ ခင်ဗျား လှုပ်ရှားလို့ရတယ်"

လို့ဆိုလိုက်တော့ ဦးဘစိန်က မျက်မှောင်ကြုတ်ပြီး

"လပြည့်ညတွေမှာ အိမ်မှာ ဘယ်သူရှိမလဲ"

လို့မေးမြန်းတယ်..လှသောင်းက ခေါင်းခါယမ်းပြီး

"အိမ်မှာ ဘယ်သူမှ မရှိဘူး.. သူဌေးမရှိရင် အိမ်စေတွေ အားလုံး ပြန်တာပဲ"

လို့ပြောတော့ ဦးဘစိန်က လက်ဖျစ်တီးပြီး

"ကောင်းလိုက်တာ..ပိုက်ဆံတွေအများကြီး ရတော့မှာပဲ"

လို့ ဝမ်းသာအားရ ပြောပြီး လှသောင်းလည်ပင်းကို လှမ်းကြည့်လိုက်တယ်....။

ဒီအခါမှာ လည်ပင်းက ပြောင်လက်လက် ဖြစ်နေတဲ့

ဆွဲကြိုးကိုမြင်သွားပြီး

"ဟိုက်..ဆွဲကြိုးတွေ ဘာတွေနဲ့ ကြီးပွားနေလိုက်တာ.. လောလောဆယ် ငါ့စားဝတ်နေရေးအတွက် ဆွဲကြိုးလေးပေးပါလား"

လို့ဆိုလိုက်တော့လှသောင်းကဒေါသတကြီးနဲ့

"ခင်ဗျားကြီး မလွယ်ပါလား..ကျုပ်ဆီက ကြံရည် ညှစ်သလို ညှစ်နေတယ်"

လို့ဆူဆူဆောင့်ဆောင့်ပြောပြီး ဆွဲကြိုးကိုချွတ်ပေးလိုက်တယ်....။

ဦးဘစိန်ဟာ ဆွဲကြိုးကို ယူပြီး အမှောင်ထဲကို ဝင်ရောက်ပျောက်ကွယ်သွားတယ်...။

ဦးဘစိန် ထွက်ခွာသွားတော့မှ လှသောင်းက ရယ်မောလိုက်ပြီး





"ဟား..ဟား လောဘသားကြီး တော့သွားပြီ..လပြည့်ညမှာ သူ့ငွေကြီးက ဘယ်ဘုရားကိုမှ မသွားဘူးဗျ.. ခင်ဗျားကြီးနိုးမှုနဲ့ အဖမ်းခံရင် ခံရ.. အဖမ်းမခံ ရရင် သေဘေးနဲ့ ကြုံပြီမှတ်"

လို့ပြောပြီး တဟားဟား ရယ်မောနေလေတယ်.....။

❄✳❄

လပြည့်ည ရောက်တော့ ဘစိန်ဟာ အမှောင်ရိပ်ခိုပြီး မိုးဇွေရဲ့ဝင်ဒါမီယာ ခြံကြီးအနီးကိုတိုးကပ်ခဲ့တယ်...။

အုတ်တံတိုင်း အနီးကို ရောက်တော့ အုတ်တံတိုင်းကို လှာခနဲ ကျော်တက်ပြီး ခြံထဲကို ဝင်ရောက်သွားတယ်...။

ခြံထဲကိုရောက်တော့ အိမ်နံရံအနီးကိုကပ်ပြီး အပေါ်ထပ် ဝရန်တာကို ခိုဆွဲပြီး တက်ခဲ့တယ်..ဝရန်တာကို ရောက်တော့ တံခါးမှန်ကနေ အိမ်ကြီးထဲကိုချောင်းကြည့်လိုက်တယ်....။





အိမ်ကြီးထဲမှာ လူသူ အရိပ်အယောင်ကို မမြင်ရတော့ တံခါးမကြီးမှန်ကိုစက္ကူနဲ့ကပ်ပြီး စိန်သွားနဲ့ဖြတ်ဖို့ ကြံစည်လိုက်တယ်။

ဒီအချိန်မှာ မိုးဇွေဟာ အိမ်ရှေ့ပက်လက်ကုလားထိုင်မှာ စာဖတ်ပြီး အိပ်ပျော်သွားရင်း တစ်စုံတစ်ရာကို ကုတ်ခြစ်သံကြောင့်အိပ်ယာက လန့်နိုးလာတယ်....။

မိုးဇွေဟာ အိပ်ယာက နိုးကာစမှာ ဇဝေဇဝါဖြစ်နေသေးတယ်..နောက်တော့မှ အိမ်ရှေ့တံခါးရှေ့ကအသံကြားလို့ ကြည့်လိုက်တော့ ဝရန်တာ တံခါးမှန်ကိုစက္ကူနဲ့ ကပ်ပြီး စိန်သွားနဲ့ဖြတ်တောက်နေတာမြင်လို့ သူခိုး တစ်ယောက် ရောက်နေပြီဆိုတာ ရိပ်စားမိသွားတယ်....။

မိုးဇွေဟာ အိပ်ခန်းထဲကို အသံ မကြားရအောင် ဝင် သွားပြီး လိုင်စင်နဲ့ကိုင်တဲ့သေနတ်ကိုအံဆွဲ ထဲက ထုတ်လိုက်တယ်။

မိုးဆွေလက်ထဲကို သေနတ်ရောက်တဲ့အချိန်မှာပဲ သူခိုးဟာမှန်ချပ်ကိုဖယ်ရှားရင်း အပေါက်ထဲကိုလက်နဲ့နှိုက်ပြီးတံခါးချက် ဖွင့်လိုက်တယ်....။ တံခါးချက် ပွင့်သွားတော့ အိမ်ထဲကို တရွေ့ရွေ့ဝင်လာတယ်....။

မိုးစွေက တံခါးကြားမှာ ပုန်းပြီး မီးအလင်းရောင်နဲ့ သူခိုးကိုကြည့်လိုက်တော့ကိုယ့်မျက်လုံးကိုကိုယ်မယုံတဲ့ပါးစပ်အဟောင်းသားဖြစ်သွားတယ်....။

သူခိုးကအခြားသူ မဟုတ်ဘဲ သူ့ရန်သူတော်ကြီး ဘစိန်ဖြစ်နေတယ်....။

ဘစိန် မုဒိန်းမှုနဲ့ ထောင်ကျပြီး လွတ်မြောက်လာပြီလို့ယူဆလိုက်တယ်....။

ဘစိန်ဟာ မိုးစွေရဲ့အိပ်ခန်းထဲကို ဝင်ရောက်သွားပြီး မီးခံသေတ္တာကိုဖွင့်ဖို့ကြိုးစားနေတယ်....။





မိုးစွေက အခန်းမီးကို ထောက်ခနဲ ဖွင့်လိုက်ပြီး

"မလှုပ်နဲ့"

လို့အော်လိုက်တယ်..ဘစိန်ဟာ အခန်းမီး ရုတ်တရက်လင်းလာပြီး သေနတ်နဲ့ ချိန်ခံလိုက်ရလို့ ထောင်ထဲကို တကျော့ပြန် ဝင်ရတော့မယ်လို့ အောက်မေ့လိုက်တယ်..။

လပြည့်ညဆိုရင် သူဌေးကြီးအိမ်မှာ မရှိဘူးလို့ လက်ထောက်ချလိုက်တဲ့လှသောင်းကိုလည်းကြိတ်ပြီးကျိန်ဆဲလိုက်တယ်....။

မိုးစွေက ရန်သူတော် ဘစိန်ကို သေနတ်နဲ့ ချိန်ပြီး

"မင်္ဂလာ ညပါ၊ ကိုဘစိန် အချိန်မတော် ခင်ဗျား ကျုပ်အိမ်ထဲကို ရောက်နေတယ် ဆိုတော့ ကျုပ်ကို ရိုးရိုးသားသားတွေ့ချင်လို့တော့ ဟုတ်ပုံမရဘူး"

လို့ဆိုလိုက်တော့ ဘစိန်ဟာ မိုးစွေကို မျက်မှောင်ကြုတ်

ကြည့်ပြီး တစ်ခါက သူ့ကို ရွှေဒင်္ဂါးတွေ ရက်ရက်ရောရော ပေးခဲ့တဲ့ သူဌေး ဦးရွှေမိုး ဖြစ်ကြောင်း တွေ့လိုက်ရတယ်...။

မိုးစွေက ဘစိန်ကို သေနတ်နဲ့ ချိန်ရင်း

"ခင်ဗျား မုဒိန်းမှုနဲ့ ထောင်ကျသွားတယ် မဟုတ်လား.. အခု ဘယ်လို ကျုပ်အိမ်ထဲကို ရောက်နေတာလဲ"

လို့ မေးမြန်းလိုက်တော့ ဘစိန်က မထူးတော့ဘူးလို့ သဘောထားပြီး

"ကျုပ် အပြစ်က ကြီးတယ်ဗျ..ထောင်ထဲက မလွတ်နိုင်သေးပါဘူးဗျာ..အခုဟာက ထောင်ဆူတုန်း ထွက်ပြေးလာတာဗျ"

လို့ဆိုလိုက်တယ်....။

မိုးစွေက သဘောကျဟန်နဲ့ ရယ်မောလိုက်ပြီး

"ခင်ဗျား တော်တော်မိုက်တဲ့ လူပဲ..ထောင်ဆူလို့ ထွက်ပြေးလာတဲ့ သူက ထောင်ထဲကို တစ်ကျော့ပြန်မဲ့ အလုပ်ကို





လုပ်ရသလားဗျာ"

လို့ဆိုလိုက်တော့ ဘစိန်က နောင်တရဟန်နဲ့ သက်ပြင်းချပြီး

"ကျုပ် ကျေးဇူးရှင်ကို ပစ်မှားလို့ ဒုက္ခရောက်ရတာနဲ့ တူပါတယ်ဗျာ..မိတ်ဆွေရဲ့ အိမ်မှန်းမသိရင် ကျုပ်ခိုးဖို့ မကြံစည်ပါဘူးဗျာ..ကျုပ်ကို ခွင့်လွှတ်ပါ"

လို့တောင်းပန်လိုက်တယ်....။

မိုးစွေက သက်ပြင်းချပြီး

"ခင်ဗျားဟာ မကောင်းမှုနဲ့ အတော်မွေ့လျော်တဲ့လူပဲ.. ခင်ဗျားကို ကျုပ်က ခွင့်လွှတ်ပေမဲ့ တရားဥပဒေကတော့ ခွင့်မလွှတ်ဘူးဗျ"

လို့ပြောလိုက်တယ်....။

ဒီအခါမှာ ဘစိန်ရဲ့ဟာ လူယုတ်မာပီပီ သူ့လွတ်မြောက်ရေး အတွက် လှသောင်းကို ဖော်ကောင် လုပ်ဖို့ ဆုံးဖြတ်လိုက်

တယ်....။

ဒါကြောင့် ခေါင်းညိတ်ပြီး

"သူဌေးခွင့်မလွတ်ရင်လဲ ကျုပ် ထောင်ထဲပြန်သွားရတာပေါ့ဗျာ..ဘစိန်နဲ့ထောင်ဆိုတာ မစိမ်းတော့ပါဘူး..ဒါပေမဲ့ သူဌေးရဲ့ ပတ်ဝန်းကျင်မှာ လူဆိုးလူညစ် တစ်ယောက်ကို မြွေပွေး ခါးပိုက်ပိုက်ထားရတာ သူဌေးအတွက် နစ်နာလွန်းပါတယ်"

လို့ဆိုလိုက်တယ်....။ မိုးစွေဟာ လှသောင်းအကြောင်းကို ဘစိန် ဖော်ကောင်လုပ်တော့မယ်လို့ ရိပ်စားမိသွားတယ်....။

မိုးစွေက နားမလည်ဟန်နဲ့

"ခင်ဗျား ဘာအဓိပ္ပာယ်နဲ့ ပြောတာလဲ..ကျုပ်က ဘာကို မြွေပွေးခါးပိုက်ပိုက်ထားတာလဲ"

လို့မေးလိုက်တယ်....။

ဘစိန်က မိုးစွေရဲ့မျက်နှာကို အကဲခတ်သလို ကြည့်ပြီး





"ဒီအကြောင်းတွေ ပြောပြရင် သူဌေး ကျုပ်ကို ပြန်လွှတ်ပေးမှာလား"

လို့မေးလိုက်တယ်....။ မိုးစွေက ခေါင်းညိတ်ပြီး

"ပြောမှသာ ပြောပါ..ကျုပ်အတွက် အကျိုးရှိရင် လွှတ်ပေးပါ့မယ်"

လို့ဆိုလိုက်တယ်..ဒီအခါမှာ ဘစိန်က မိုးစွေ မြှောက်စားထားတဲ့ လှသောင်းဟာ ထောင်ထွက် လူလိမ် တစ်ယောက် ဖြစ်ကြောင်း ဖော်ထုတ်ပြောဆိုလိုက်တယ်....။

မိုးစွေက အံ့သြဟန်ဆောင်ပြီး

"ဟုတ်ရဲ့လားဗျာ..လှသောင်းလို လူမျိုးက ထောင်ထွက် တစ်ယောက်ဖြစ်တယ် ဆိုတာ ကျုပ်ဘယ်လိုယုံရမလဲ"

လို့ရေရွတ်လိုက်တယ် ဘစိန်က ခေါင်းညိတ်ပြီး

"ယုံပါ သူဌေးရယ်..လှသောင်းဟာ လူလိမ် ထောင်ထွက်

အစစ်ပါ..ဒီနေ့ည သူဌေးအိမ်ထဲကို ဖောက်ထွင်း ဝင်ဖို့ သူကိုယ်တိုင် လက်ထောက်ချ လိုက်တာပါ"

လို့ဆိုတော့မှ မိုးစွေဟာ ဘစိန်ရဲ့စကားကို ယုံကြည် ဟန်ဆောင်လိုက်ပြီး

"အံ့ဩစရာဗျာ....၊ ခင်ဗျား ပြောတဲ့ အတိုင်း ဆိုရင်တော့ ကျုပ်မြေပွေးခါးပိုက်ပိုက်မိတာ အမှန်ပဲ..ဒီကောင်ကို အမြန်ဆုံး ကျုပ် အိမ်ပေါ်က မောင်းချလိုက်မယ်..ခင်ဗျားကိုလည်း ကျုပ် ပုလိပ်လက် မအပ်တော့ပါဘူး..ဒါပေမဲ့ ကျုပ်ကို လုသောင်း လူလိမ် ဖြစ်ကြောင်း သက်သေ အနေနဲ့ စာလေး တစ်စောင် ရေးပေးလိုက်ပါ"

လို့ဆိုလိုက်တော့ ဘစိန်ဟာ ဝမ်းသာအားရနဲ့ ရေးပေးဖို့ သဘောတူပြီး မိုးစွေ ခေါ်ပေးတဲ့အတိုင်း ရေးလိုက်တယ်....။

❄✳❄





*မိုးကုတ်သူဌေးသား အယောင်ဆောင် လုသောင်းဟာ လူလိမ် တစ်ယောက်ဖြစ်ပါတယ်....သူဟာ သားကြီး မယားကြီး ရှိပြီး မိန်းမပျိုလေးတွေကို လိမ်ညာလှည့်စားတတ်ပါ တယ်.. သူဟာ ထောင်ထဲကို အကြိမ်ကြိမ် ဝင်ထွက်နေသူ ဖြစ်ကြောင်း ထောင်မှတ်တမ်းတွေကို သက်သေပြနိုင်ပါတယ်....။*

*(ထောင်ပြေး ဘစိန်)*

မိုးစွေက သူရေးခိုင်းတဲ့ စာကို ဘစိန်က ရေးပေးပြီးတော့

"ခင်ဗျား သွားလိုရာ သွားနိုင်ပြီ..နောက်ထပ် မကောင်းမှု ကျူးလွန်ရင်တော့ ကျုပ်ခွင့်မလွှတ်ဘူး"

လို့ဆိုလိုက်တော့ ဘစိန်ဟာ အပေါ်ထပ် ဝရန်တာကနေ ကမန်းကတန်းပြန်ဆင်းသွားတယ်....။

ဘစိန်အုတ်တံတိုင်းကို ကျော်တက်ပြီး ခုန်ချလိုက်တဲ့ အချိန်မှာ သူ့အနီးကိုလူတစ်ယောက်ရောက်လာပြီး လက်ထဲက ဓားနဲ့ ဘစိန်ကိုထိုးစိုက် လိုက်တယ်....။

ဘစိန် အသံနက်ကြီးနဲ့ အော်ပြီး ယိမ်းယိုင်သွားတဲ့ အချိန် မှာအမှောင်ထဲက လူက ဓားနဲ့ထပ်ထိုးစိုက်လိုက်တယ်....။

ဘစိန်က အထိတ်တလန့်နဲ့

"ကယ်ကြပါဦးဗျို့..ကျုပ်ကိုသက်နေပါတယ်"

လို့အော်ဟစ်လိုက်တယ်....။





ဒါပေမဲ့ကယ်သူမဲ့ပြီး ဓားနဲ့တစ်ချက်ပြီးတစ်ချက်အထိုးခံ လိုက်တော့ ဘစိန် မအော်နိုင်တော့ဘဲ ငြိမ်သက်သွားတယ်....။

ဒီတော့မှ လူသတ်သမားဟာ အမှောင်ထဲကို ဝင်ရောက် ပျောက်ကွယ်သွားတယ်....။

လူသတ်သမား လွတ်မြောက်သွားတော့ မိုးစွေနဲ့ တင်မောင်ဟာ မီးအိမ်တွေကိုင်ဆွဲပြီး ဘစိန် အနီးကိုရောက်လာ တယ်..မိုးစွေက ဘစိန်ရဲ့အဖြစ်ဆိုးကို ကြည့်ပြီး

"ဖြစ်မှဖြစ်ရလေဗျာ..ကျုပ်က ခွင့်လွှတ်ပေမဲ့ခင်ဗျားရဲ့ဝဋ် ကြွေးတွေက ခင်ဗျားနောက်ကို တကောက်ကောက် လိုက်နေ တာပဲ"

လို့ဆိုပြီး အစေခံတွေ အကူအညီနဲ့ ဘစိန်ကို အိမ်ထဲကို ခေါ်ခဲ့တယ်...။

အိမ်နီးချင်း ဆရာဝန်ကိုလဲ ပင့်ခိုင်းလိုက်တယ်...။

ဒီအခါမှာ ဘစိန်က သွေးတွေ အန်ချလိုက်ပြီး

"ဆရာဝန် မပင့်ပါနဲ့တော့ဗျာ...ကျုပ်အခြေအနေ ကျုပ်သိတယ်....၊ ကျုပ်ကို သတ်တဲ့လူကို ကျုပ်ဖွင့်ဟချင်တယ်.. ပုလိပ်အရာရှိ တစ်ယောက်သာ ခေါ်ပေးပါ"

လို့ဆိုတဲ့အတွက် မိုးစွေက သူ့မိတ်ဆွေ ပုလိပ်အရာရှိကို ညကြီးအချိန်မတော် ခေါ်ခိုင်းလိုက်တယ်.. မိုးစွေက အစေခံတွေကို အပြင်ထွက်ခိုင်းပြီး

"ခင်ဗျားကို ဓားနဲ့ထိုးတဲ့သူ ဘယ်သူလဲ"

လို့ နှစ်ကိုယ်ကြား မေးလိုက်တော့ ဘစိန်က လေသံတီးတိုးနဲ့

"လူယုတ်မာ လှသောင်းပေါ့ဗျာ..သူဌေးရဲ့ အိမ်ကို ခိုးဖို့ လက်ထောက်ချခဲ့တာလဲ လှသောင်းပဲ..သူဟာ ထောင်ထဲကို ဝင်လိုက်ထွက်လိုက်လုပ်နေတဲ့ကောင်ပဲ..သူနဲ့ကျုပ် ထောင်ထဲမှာပဲ ရင်းနှီးခဲ့တာပဲ..သူ့အကြောင်းကို ကျုပ်က သိတဲ့အတွက် သူလုပ်ရပ်တွေ ပေါ်မှာစိုးလို့ ကျုပ်ကို ခိုးမှုနဲ့ အဖမ်းခံရင်ခံ၊ အဖမ်းမခံရရင် သူကိုယ်တိုင် သတ်မယ်ဆိုပြီး ကြံစည် ခဲ့တာပဲ"

လို့ပြောတယ်....။

ဒီတော့မှ မိုးစွေဟာ လှသောင်းရဲ့ရက်စက်မှုကို ရိပ်စားမိသွားတယ်....။

လှသောင်းဟာ လွန်ခဲ့တဲ့ ရက်ကပဲ ကျိုက်ထီးရိုးဘုရားဖူးဆိုပြီး အိမ်က ထွက်သွားဟန် ဆောင်ခဲ့တယ်...။

လူသတ်မှုအတွက် အလီဘိုင် ကောင်းကောင်းပြဖို့ ကြိုတင်ကြံစည်ခဲ့ပုံရတယ်။

မိုးစွေဟာ ဘစိန်ရဲ့ ဒဏ်ရာကို ကြည့်ပြီး ပုလိပ်အချိန်မီ မရောက်မှာစိုးရိမ်တဲ့အတွက် စာရွက်လွတ် တစ်ရွက်မှာ သူ့လက်ရေးနဲ့

*ကျွန်ပ်ကို ဓားနဲ့ထိုးသွားသူမှာ ကျွန်ပ်နှင့် ထောင်ထဲမှာ အတူနေခဲ့သော လှလိမ်ထောင်ထွက် လှသောင်းဖြစ်ပါသည်..*

*ဘစိန်*

လို့ရေးလိုက်ပြီး သေအံမူးမူးဖြစ်နေသော ဘစိန်ကိုလက်မှင်္ဂထိုးခိုင်းလိုက်ရုံမက လက်ဗွေပင် နှိပ်ခိုင်းလိုက်တယ်..။

ပြီးတော့ မိုးစွေက ဘစိန်ကို စူးစိုက်ကြည့်ပြီး

"ခင်ဗျား ဘဝရဲ့ နောက်ဆုံးအချိန်ကို ရောက်နေပြီ.. ခင်ဗျားလုပ်ခဲ့တဲ့အမှားတွေအတွက်နောင်တရဖို့သင့်ပြီ..လွန်ခဲ့တဲ့ နှစ်ပေါင်းများစွာက ပုဂံမှာ မြင်းလှည်းသမားဘဝနဲ့ နေထိုင်ရင်း ယွန်းသမား တစ်ယောက်ကို ခင်ဗျား ဒုက္ခပေးခဲ့တာ မှတ်မိသလား.. ယွန်းသမားဟာ အပြစ်မရှိဘဲ ခင်ဗျားနဲ့ အဂ္ဂလိပ်ကျောင်းသားနှစ်ယောက်ရဲ့ ပယောဂကြောင့် တစ်သက် တစ်ကျွန်း အပြစ်ဒဏ် ကျခဲ့တယ်.. နောက်တော့ ခင်ဗျားဟာ စိုင်





ကော်လို့ ခြုံပေါ်ရောက်ပြီး ရွှေဒင်္ဂါးတွေ ရခဲ့တယ်.. ဒီအချိန်မှာတော့ ခင်ဗျားက မိုက်မဲတုန်းပဲ..ရွှေဒင်္ဂါးတွေ ရောင်းမယ်ဆိုပြီး ရွှေဆိုင်ပိုင်ရှင် အပျိုကြီးကို မုဒိန်းကျင့်ခဲ့လို့ ထောင်ကျခဲ့ပြန်တယ်.. နောက်တော့ ထောင်က ထွက်ပြေးပြီး ကျုပ်အိမ်ကို ဖောက်ထွင်းဖို့ ကြိုးစားပြန်တယ်.. နောက်ဆုံးတော့ခင်ဗျားရဲ့ မိုက်ပြစ်တွေကို ကံကြမ္မာက မျက်နှာသာ ပေးတော့မှာ မဟုတ်ဘူး..ခင်ဗျား နောင်တ တရားရသင့်ပြီ"

လို့ပြောလိုက်တယ်....။

မိုးစွေရဲ့စကားကြောင့် သေကာနီး ဆဲဆဲဖြစ်နေတဲ့ဘစိန်က တုန်တုန်ယင်ယင်နဲ့

"ကျုပ်..ကျုပ်ရဲ့ ဘဝနောက်ကြောင်းကို ခင်ဗျား အကုန်လုံး သိနေတယ်..ခင်ဗျား ဘယ်သူလဲ"

လို့ မေးမြန်းလိုက်တော့ မိုးစွေက ဘစိန်ရဲ့ နားရွက်ကို

တပ်ပြီး

"ကျုပ်နံမည် မိုးစွေလို့ခေါ်တယ်..လွန်ခဲ့တဲ့ ၁၀ နှစ်ကျော်က မစ္စတာဟာယ်ရီကို သတ်တဲ့ အမှုနဲ့ အမှုဆင်ပြီး ခင်ဗျားနဲ့ အင်္ဂလိပ်ကျောင်းသား နှစ်ယောက် ပေါင်းပြီး ကျုပ်ကို တစ်ကျွန်းပို့ခဲ့တယ်..ခင်ဗျားတို့ကြောင့် ကျုပ်ချစ်သူနဲ့ ရှင်ကွဲကွဲ ခဲ့ရတယ်.. ခင်ဗျားတို့ သိပ်ယုတ်မာ ကောက်ကျစ်ကြတယ်"

လို့ဆိုလိုက်တော့ ဘစ်နိရဲ့မျက်နှာ တစ်ခုလုံး သွေးဆုတ်သွားပြီး

"ကျုပ်..ကျုပ်မှားပါတယ်..ကျုပ်အပြစ်အတွက် ငရဲအိုးမှာ ဖောက်ထိုးကျတော့မယ်..ကျုပ်ကို ခွင့်လွှတ်ပါ..ကျုပ် နောင်တရပါပြီ"

လို့ပြောပြီး သွေးပွက်ပွက်အန်ရင်း သေဆုံးသွားတယ်..။

မိုးစွေက ဘစ်နိရဲ့အလောင်းကို ကြည့်ပြီး





"ပထမဆုံး ကလဲ့စား"

လို့တီးတိုး ရေရွတ်လိုက်တယ်..။

❋✳❋

ခဏကြာတော့ မိုးစွေရဲ့မိတ်ဆွေ ပုလိပ်အရာရှိ ရောက်လာတော့ မိုးစွေက ဘစိန်ရဲ့အလောင်းကိုပြလိုက်ပြီး ဒီသူခိုးဟာ မိမိရဲ့အိမ်ကို ဝင်ရောက် ခိုးယူသူဖြစ်ကြောင်း..အစေခံများ သိသွားတဲ့အတွက် အိမ်က ထွက်ပြေးလွတ်မြောက်သွား ကြောင်း.. နောက်တော့ အိမ်အပြင်က သူခိုးရဲ့အော်သံကြားလို့ ထွက်ကြည့်တဲ့ အခါ သွေးသံရဲရဲနဲ့ မြေပေါ်ကို လဲကျနေတဲ့ သူခိုးကို တွေ့ရကြောင်း ပြောဆိုခဲ့တယ်....။





နောက်ပြီး ဘစိန် လက်မှတ်ထိုးထားတဲ့ လူသတ်သမားရဲ့ အမည်ပါတဲ့စာကို ပုလိပ်လက်အပ်လိုက်တယ်....။

ပုလိပ်တွေဟာ ထောင်ထွက်လူလိမ် လှသောင်းဆိုတဲ့ လူကို ရှာဖွေဖို့ ဆုံးဖြတ်လိုက်တယ်..ဒါပေမဲ့ လှသောင်းဆိုတာ မိုးစွေအိမ်မှာ ရောက်နေတဲ့ အယောင်ဆောင် မိုးကုတ်သူဌေးသား ဆိုတာ မရိပ်မိကြဘူး....။

❋✳❋

မကြာမီအချိန်မှာပဲ သက်နိုးတိုက် ပိုင်ရှင် တိုက်လှရဲ့သမီး မအေးမိနဲ့ လှသောင်းတို့ ချစ်သူတွေ ဖြစ်သွားကြတယ်..။

မအေးမိ ဟာ မိဘ စကားကို မြေဝယ်မကျ နားထောင်တဲ့ သမီးအလိမ္မာလေး ဖြစ်တယ်..ဖခင်က မောင်ကောင်းရဲ့ သား မောင်စိန်ဝင်းထက် လှသောင်းကို သဘောကျနေကြောင်း သိတဲ့အတွက် မအေးမိဟာ လှသောင်းဘက်ကို ယိမ်းယိုင်သွား





တယ်...။

ဒီအကြောင်းတွေကို မောင်စိန်ဝင်း သိပေမဲ့ ဝမ်းမနည်းဘူး.. ဘာကြောင့်လဲဆိုတော့ သူကိုယ်တိုင် မအေးမိကို မချစ်တဲ့ အပြင် မိုးစွေအိမ်မှာ ရှိနေတဲ့ မဝါနုကို မမတ္တာ ရှိနေလို့ပဲ...။

❋❋❋

ဒီရက်ပိုင်းအတွင်းမှာ တိုက်လှရဲ့သဘော်တစ်စီး လေပြင်းမိလို့ ဧရာဝတီမြစ်ထဲမှာ နစ်မြုပ်သွားတယ်....။

တိုက်လှဟာ သဘော်လုပ်ငန်းကို တိုးချဲ့လုပ်တာ မကြာသေးဘူး..အရှုံးပေါ်သွားလို့အင်မတန် စိတ်ဆင်းရဲသွားတယ်..။

ဒါကြောင့် သမီးဖြစ်သူကို ချမ်းသာတဲ့ သမက်နဲ့ မြန်မြန်





လက်ထပ်ပေးဖို့ဆုံးဖြတ်လိုက်တယ်....။

လှသောင်းက တိုက်လှသမီးမအေးမိနဲ့ သူ လက်ထပ်မဲ့အကြောင်း မိုးစွေကို အသိပေးတော့ မိုးစွေဟာ ဝမ်းသာလွန်းလို့ဟားတိုက်ရယ်မောလိုက်တယ်....။

"ငါကြံစည်ထားသမျှတွေ အရာထင်လာတော့မယ်...။

ငါ့ရန်သူတွေ တစ်ယောက်ပြီး တစ်ယောက်ငါ ခြေဖဝါးအောက်မှာ ပြားပြားဝပ်တော့မယ်"

လို့ကြွေးဝါးလိုက်တယ်....။

မိုးစွေက လှသောင်းရဲ့ပခုံးကို ပုတ်ပြီး

"မင်းတော်တယ် မောင်လှသောင်း မင်္ဂလာပွဲကို အကြီးကျယ်ဆုံးဖြစ်အောင်မြို့တော်ခန်းမမှာ လုပ်ရမယ်..ငွေရေးကြေးရေးအတွက် မင်းဘာမှ မပူနဲ့ ဦးလေး စီစဉ်ပေးမယ်"

လို့ပြောလိုက်တယ်....။

မင်္ဂလာပွဲကျင်းပမဲ့နေ့ကို ရောက်တော့ မြို့တော် ခန်းမရှေ့မှာ လူကုံထံ ကားတွေ စီတန်းနေတာပဲ....။

စိန်ရောင်ရွှေရောင် ငွေရောင်တွေလည်း တလက်လက် တောက်ပနေတယ်....။

မင်္ဂလာပွဲ ကျင်းပပြီး အစည်ကားဆုံး အချိန်ကို ရောက်တော့ မြို့တော်ခန်းမကို ပုလိပ်တွေ ရောက်ရှိလာ တယ်...။

❄✱❄





တိုက်လုပှာ သူ့သမီးရဲ့မင်္ဂလာယူနေတဲ့ပွဲကို ပုလိပ်တွေ ရောက်လာတာကို မကျေနပ်လို့ ဒေါသတကြီးနဲ့ အနီးကို ရောက်သွားပြီး

"ဘာ..ပြဿနာပေါ်လို့လဲ.. မင်္ဂလာအခမ်းအနားကျင်းပ နေတယ် ဆိုတာလဲ ခင်ဗျားတို့ သတိရဦး"

လို့ဆိုလိုက်တော့ဌာနအုပ်က

"ခွင့်လွှတ်ပါ သူဌေးမင်း...ကျုပ်တို့က တာဝန်အရ လုပ်ရ

တာပါ"

လို့ဆိုလိုက်တော့ တိုက်လှက မကျေမချမ်းနဲ့

"ဘာ..တာဝန်လဲ ပြောစမ်းပါ"

လို့မေးလိုက်တယ်....။ ဗွာနအုပ်က ခေါင်းညိတ်ပြီး

"ကျုပ်တို့က လူသတ်မှုတရားခံ လာဖမ်းတာပါ"

လို့ဆိုလိုက်တော့ အနီးကို ရောက်လာတဲ့ သတို့သား လှသောင်းက မျက်နှာပျက်သွားပြီး

"တရားခံက ဘယ်မှာလဲ"

လို့မသိဟန်ဆောင်ပြီးမေးလိုက်တယ်....။

ဗွာနအုပ်ကခေါင်းညိတ်ပြီး

"တရားခံက သတို့သား ကိုလှသောင်းပါ ခင်ဗျာ"

လို့ဆိုလိုက်တော့ လှသောင်းကအထိတ်တလန့်ဖြစ်သွားပြီး





"ဘာ..ကျုပ်က လူသတ်သမား ဟုတ်လား..ခင်ဗျားတို့ မတရား စွတ်စွဲနေတာပဲ"

လို့မေးလိုက်တယ်..ဒီအခါမှာ ဗွာနအုပ်က

"ကျုပ်တို့မတရား စွတ်စွဲတာမဟုတ်ဘူး ကိုဘသောင်း.. သေသူ ကိုယ်တိုင်က သူ့ကို ခင်ဗျား သတ်ပါတယ် ဆိုပြီး စာမှာ လက်မှတ်ထိုးထားတယ်..လက်ဗွေလဲ နှိပ်သွားတယ်..ခင်ဗျား ပြေးလို့ မလွတ်တော့ဘူး ..ဟောဒီမှာ သေသူဦးဘစိန် ရေးသား တဲ့စာ"

လို့ဆိုပြီး ဘစိန်ကိုယ်တိုင် လက်မှတ် ရေးထိုးထားတဲ့ စာကိုပြလိုက်၏..

*ကျွန်ုပ်ကို ဓားနဲ့ထိုးသွားသူမှာ ကျွန်ုပ်နှင့် ထောင်ထဲမှာ အတူနေခဲ့သော လူလိမ်ထောင်ထွက် လှသောင်းဖြစ်ပါသည်...။*

*ဘစိန်*

တိုက်လုဟာ စာကို ဖတ်ပြီး ခေါင်းကို သွက်သွက်ခါ ယမ်းကာ

"ဟာ မဖြစ်နိုင်ဘူး..ဒါဟာ တမင်သက်သက်လုပ်ကြံထားတဲ့စာပဲ..သေကာနီး လူတစ်ယောက်က မဟုတ်တာ စွတ်စွဲတိုင်း ကျုပ်သမက်က တရားခံ ဖြစ်ရမှာလဲ.. ဟုတ်တယ်မဟုတ်လား ကိုရွှေမိုး"

လို့ဆိုပြီး မိုးစွေကို အကူအညီတောင်းဟန်နဲ့ လှမ်းကြည့်လိုက်တယ်..မိုးစွေက သက်ပြင်းချပြီး

"လှသောင်းဟာ တရားခံ အစစ်ဗျ.. ဘာကြောင့်လဲ ဆိုတော့ လူသတ်မှုက ကျုပ်ခြုံပြင်မှာ ဖြစ်တာ..သေသူက ကျုပ်ကို တောင်စာတစ်စောင်ရေးပေးသွားသေးတယ်..ဟောဒီမှာ ကျုပ်ဖတ်ပြမယ်"

လို့ဆိုပြီး





စာကိုဖတ်ပြလိုက်တယ်....။

*မိုးကုတ်သူဌေးသား အခယောင်ဆောင် လှသောင်းဟာ လူလိမ် တစ်ယောက်ဖြစ်ပါတယ်..သူဟာ သားကြီး မယားကြီးရှိပြီး မိန်းမပျိုလေးတွေကို လိမ်ညာလှည့်စား တတ်ပါတယ်.. သူဟာ ထောင်ထဲကို အကြိမ်ကြိမ် ဝင်ထွက်နေသူ ဖြစ်ကြောင်း ထောင်မှတ်တမ်းတွေက သက်သေပြနိုင်ပါတယ်..*

*(ထောင်ပြေးဘစိန်)*

မိုးစွေရဲ့စကားအဆုံးမှာ တိုက်လုက ဒေါသတကြီး တက်ခေါက်ပြီး

"ဒီအကြောင်းတွေကို ခင်ဗျား အစတုန်းက ကျုပ်ကို ဘာသို့မပြောတာလဲ"

လို့မေးလိုက်တယ်....။

မိုးစွေက ဟက်ဟက်ပက်ပက် ရယ်မောလိုက်ပြီး ,

"ဒီကိစ္စရဲ့အဖြေကို သိချင်ရင် ဒီနေ့ညနေ ဘုရင်မ ပန်းခြံထဲကို ခင်ဗျား ရောက်အောင်လာခဲ့ပါ"

လို့ဆိုပြီး မင်္ဂလာပွဲကနေ ကျောခိုင်းထွက်လာ ခဲ့တယ်..။

ပုလိပ်တွေက လူလိမ် လှသောင်းကို ဖမ်းသွားလို့ မင်္ဂလာပွဲပျက်သွားတဲ့အတွက် ပရိသတ်တွေလဲ အလျိုလျို ထွက်ခွါသွားကြတယ်..။

မြို့တော်ခန်းမက လူမရှိတဲ့ မင်္ဂလာပွဲမှာ တိုက်လှတို့ သားအဖပဲ ငူငူငိုင်ငိုင်ကြီး ကျန်ရစ်ခဲ့ပါတယ်...။

❋✳❋





ညနေစောင်းတော့ ဘုရင်မပန်းခြံကို မိုးစွေ အရင်ရောက်နှင့်တယ်...။

မိုးစွေဟာ သူ့ရင်ထဲမှာ နစ်ပေါင်းများစွာ စူးနစ်ဝင်နေတဲ့ စူးတစ်ချောင်းကို နတ်ပစ်နိုင်တော့မယ် ဆိုပြီး အကျေနပ်ကြီး ကျေနပ်နေတယ်...။

ခဏကြာတော့ တိုက်လှ အလောတကြီး ရောက်လာတယ်...တိုက်လှရဲ့ အမူအရာကို ကြည့်ရတာ ပူလောင်ပြင်းပြ

နေသလိုပဲ...။

တိုက်လှက မိုးစွေကို ဒေါသတကြီး ကြည့်ပြီး

"ပြောစမ်း...ခင်ဗျား ကျုပ်ကို ဘာလို့ ရန်ငြိုးထားတာလဲ"

လို့မေးမြန်းလိုက်တယ်...။

မိုးစွေက တိုက်လှရဲ့မျက်နှာကို ကြည့်ပြီး

"ခင်ဗျားဘဝမှာမကောင်းမှု အမျိုးမျိုး လုပ်ခဲ့တယ်...လူတွေကို ဒုက္ခအမျိုးမျိုး ပေးခဲ့တယ်...ခင်ဗျားကြောင့် ဘဝပျက်သွားတဲ့ လူတွေ ဒူးနဲ့ မျက်ရည်သုတ်ရတဲ့လူတွေ အများကြီးပဲ...ခင်ဗျား ကျုပ်ကို သေသေချာချာ ကြည့်စမ်း...မှတ်မိသလား"

လို့ဆိုလိုက်တော့ တိုက်လှက မိုးစွေကို မျက်မှောင်ကြုတ်ကြည့်ပြီး

"မမှတ်မိဘူး"

လို့ဖြေလိုက်တယ်...မိုးစွေက အံကိုကြိတ်ပြီး





"ခင်ဗျားက လုပ်ခဲ့တဲ့ သူကိုး ဘယ်မှတ်မိပါ့မလဲ...ကျုပ်က ခံတဲ့သူဆိုတော့ ခင်ဗျားကို ဘယ်တော့မှ မမေ့ဘူး...ကျုပ်နံမည် သူဌေးဦးရွှေမိုး မဟုတ်ဘူး...မိုးစွေလေဗျာ...ပုဂံက ယွန်းသမားလေး မိုးစွေလေ...ခင်ဗျားတို့ သုံးယောက်ပေါင်းပြီး မတရား သက်သေတွေနဲ့ ကျုပ်ကို တစ်ကျွန်းကို ပို့ခဲ့ကြတယ်လေ... မမှတ်မိတော့ဘူးလား...ခင်ဗျားတို့ သိပ်ယုတ်မာတဲ့ လူတွေ ကျုပ်ကို မတရားအမှုဆင်...တစ်ကျွန်းပို့ပြီး ကျုပ်ချစ်သူကို မတရား သိမ်းပိုက်ခဲ့ကြတယ်...ကျုပ်ရဲ့ရုပ်ကို ခင်ဗျားတို့ ဘာလို့ မမှတ်မိသလဲ သိလား...ဒါဟာ တစ်ကျွန်းမှာကျုပ် ပင်ပန်းဆင်းရဲပြီး အနှိပ်စက်ခံခဲ့ရလို့ပဲ...ဒီအတွက် ခင်ဗျားတို့အကြွေးပြန် ဆပ်သင့်တယ်"

လို့ဆိုလိုက်တော့ တိုက်လှဟာ မိုးစွေရဲ့ မျက်နှာကို ရဲရဲ မကြည့်ဝံ့တော့ဘဲ ခေါင်းငိုက်စိုက်ကျပြီး

"ငါမှားပါတယ်...ငါ့မှာ အပြစ်တွေ ရှိပါတယ်...ဒီအပြစ်တွေ

ကြောင့် ငါလဲ နောင်တရနေတာ ကြာပါပြီ..ငါ့ကို ခွင့်လွှတ်ကြပါ.. မင်းတို့ ကျေနပ်အောင် ငါဘယ်လိုလုပ်ရမလဲ.. ဘယ်လိုလုပ်ရမလဲ"

လို့အရူးတစ်ယောက်လိုတတွတ်တွတ်ရေရွတ်ပြီးဘုရင်မပန်းခြံက ပြန်ထွက်သွားတယ်..မိုးစွေနဲ့ မဝါနေဟာ တိုက်လှုရဲ့နောက်ကျောကို ကြည့်ပြီး သက်ပြင်းကိုယ်စီချလိုက် ကြတယ်.. မိုးစွေက တိုက်လှုရဲ့နောက်ကျောကို ကြည့်ပြီး ကျေကျေနပ်နပ်ကြီး ပြုံးလိုက်ရင်း

"ဒုတိယမြောက်ကလဲစား"

လို့တီးတိုးရေရွတ်လိုက်တယ်.....။

❋✳❋





သူဌေးမောင်ကောင်းဟာ ပဲခူးက ဆန်စက်ကို သွားစစ်ရင်း ညနေစောင်းမှ အိမ်ပြန် လာခဲ့တယ်...။

လမ်းတစ်ဝက်မှာ လမ်းပေါ်ကို နွားလှည်းတစ်စီးက ကန့်လန့်ဖြတ် ပိတ်လိုက်တဲ့ အတွက် မောင်ကောင်းက ကားကို ကမန်းကတန်းဘရိတ်အုပ်လိုက်တယ်...။

ဒီအချိန်မှာပဲ နွားလှည်းပေါ်က လူနှစ်ယောက် ခုန်ဆင်းလာပြီး မောင်ကောင်းရဲ့ရင်ဝကို ဓားနဲ့ထောက်ရင်း

"ကားပေါ်က ဆင်း"

လို့အမိန့်ပေးလိုက်တယ်..မောင်ကောင်းဟာ သူခါးပြ တိုက်ခံရပြီလို့ သိလိုက်လို့ကမန်းကတန်း လက်ကာပြပြီး

"ကားပေါ်က မဆင်းပါရစေနဲ့ကွာ..မင်းတို့ လိုတာကို ငါပေးပါ့မယ်"

လို့ဆိုပြီးပိုက်ဆံ တစ်ထပ်ကိုထုတ်ပေးလိုက်တယ်...။

ဒါပေမဲ့ ခါးပြတွေက

"ခင်ဗျားအိတ်ထဲမှာ ပါသမျှကို လက်ဖြန့်တောင်းမဲ့ သူတောင်စားများ အောက်မေ့သလား.. ကားပေါ်ကဆင်းစမ်း"

လို့ အမိန့်ပေးရင်း မောင်ကောင်းကို ကားပေါ်က ဆွဲချ လိုက်တယ်....။

မောင်ကောင်း ကားအောက်ကို ရောက်တော့ ခါးပြ တစ်ဦးက မောင်ကောင်းရဲ့ကားကို လမ်းနံဘေးက မြေလမ်း





အတိုင်း ကျွမ်းကျင်စွာ မောင်းနှင်ပြီး ထွက်သွားတယ်.. ..။

မောင်ကောင်းဟာ ကားမောင်းသွားတဲ့ ခါးပြကို တအံ့ တဩကြည့်ရှုနေမိတယ်..။

ခါးပြဟာ မောင်ကောင်းကို ဓားနဲ့ထောက်ပြီး မြေလမ်း အတိုင်း ခေါ်သွားတယ်.. မြေလမ်းအဆုံးမှာ ဟောင်းအိုနေတဲ့ အိမ်ဟောင်းကြီးတစ်လုံးရှိနေတယ်...။

ခါးပြတွေက မောင်ကောင်းကို အိမ်စုတ်ကြီးထဲ ခေါ် ဆောင်သွားတယ်.. အိမ်ကြီးထဲကို ရောက်တော့ မောင်ကောင်း က

"ငါ့ကို ပြန်လွှတ်ပါကွာ..အချိန်မီ ရန်ကုန်ကို ငါပြန်ရဦး မယ်"

လို့ဆိုလိုက်တော့ ခါးပြက ခေါင်းခါယမ်းလိုက်ပြီး

"ရန်ကုန်ပြန်ဖို့ကို ပြောမနေနဲ့ ခင်ဗျားဘဝက ငရဲပြည်ကို

ရောတ်မလား..နတ်ပြည်ကို ရောက်မလား ပြောလို့မရသေးဘူး"

လို့ဆိုလိုက်တော့ မောင်ကောင်းက ထိတ်လန့်ပြီး

"မင်းတို့ငါ့ကို ဘာလုပ်မလို့လဲ"

လို့မေးလိုက်တယ်..ဓားပြက

"ကျုပ်တို့ ဘာမှ မပြောနိုင်ဘူး..ကျုပ်တို့ ဆရာလာမှ သိရမယ်..ခင်ဗျား ဘာမေးခွန်းမှ မမေးဘဲ ငြိမ်ငြိမ်လေး နေစမ်းပါ"

လို့ဆိုလိုက်တော့ မောင်ကောင်းက ထိတ်လန့်ဟန်ဖြင့်

"ကျုပ်မှာ ဘာအပြစ်ရှိလို့လဲ..မင်းတို့ပိုက်ဆံလိုရင် ပါသမျှယူထားလို့ ပြောထားတာပဲ"

လို့ဆိုလိုက်တော့ ဓားပြက မောင်ကောင်းရဲ့ ရင်ဝကို ဆောင့်တွန်းလိုက်ပြီး အခန်းတံခါးကို ဝုန်းခနဲ ဆောင့်ပိတ် လိုက်တယ်။ မောင်ကောင်းဟာ အခန်းထဲကို ဖင်ထိုင်လျက် ကျသွားပြီး အခန်းကို မျက်လုံး ဝေ့ကြည့်လိုက်တော့ ကွပ်ပျစ် တစ်လုံးပေါ်မှာ





ဖျာ တစ်ချပ် ခင်းထားတာ ရှိတယ်..။

မောင်ကောင်းဟာ ရုတ်တရက် ဓားပြတွေ သူ့ကို ပြန်ပေးဆွဲတာပဲလို့ တွေးပြီး ရင်နည်းနည်း အေးသွားတယ်..။

သူ့မှာ ဓားပြတွေ တောင်းရင် ပေးစရာပိုက်ဆံတွေ အများကြီးရှိတယ်လေ..မောင်ကောင်းဟာ ရင်ထဲမှာနည်းနည်းအေးပြီး အိပ်ပျော်သွားတယ်....။

❋✳❋

ဒီလိုနဲ့ နောက်တစ်နေ့ အိပ်ယာက နိုးတော့ သူ ဘယ်ရောက်နေသလဲ ဆိုတာ ရုတ်တရက် မေ့ပြီး ပတ်ဝန်းကျင်ကို မျက်လုံးဝေ့ကြည့်တယ်....။

မောင်ကောင်းဟာ သူ့အိတ်ထဲက ပိုက်ဆံတွေကို ခါးပြတွေ လုယူမသွားတာကို အံ့သြနေမိတယ်..။





မောင်ကောင်းဟာ နံနက် ၉ နာရီလောက်အထိ သူ့ဆီကို ဘယ်သူမှ ရောက်မလာတဲ့ အတွက် တံခါးပေါက် သံတိုင်က ချောင်းကြည့်လိုက်တော့ ခါးပြတစ်ယောက်ဟာ သံဇလုံ တစ်လုံး နဲ့ ငါးပိရည် ဆမ်းထားတဲ့ ထမင်းကြမ်းခဲကို စားနေတာ တွေ့ရတယ်....။

မောင်ကောင်းဟာ ခါးပြတွေရဲ့အစားအသောက်ညံ့ဖျင်းပုံတွေကို ကြည့်ပြီး သူ့အတွက် တော်တော် စိတ်ခါတ်ကျသွားတယ်...။

မောင်ကောင်းဟာ နေ့လယ်စာ စားချိန်ရောက်တော့ ဗိုက် ထဲမှာ ဆာလောင်မွတ်သိပ်လာတယ်..ဒါကြောင့် ထိုင်ရာက ထပြီး တခါးပေါက် သံတိုင်ကနေ

"ကျုပ် ထမင်းဆာလာပြီ"

လို့ပြောလိုက်တယ် ဒါပေမဲ့ ခါးပြက နားကန်းနေသူ တစ်

ယောက်လို့တုတ်တုတ်မှ မလှုပ်ဘူး..။

မောင်ကောင်းဟာ နောက်တစ်ကြိမ်ထပ်ပြောတယ်....

ဒါပေမဲ့ ဓားပြက သူ့ကိုလှည့်တောင် မကြည့်ဘူး..။

မောင်ကောင်းဟာ ဆာလွန်းလို့ ဗိုက်ထဲမှာ တကြုတ်ကြုတ်မြည်နေတယ်...။

ဒီလိုနဲ့ ညစာစားချိန်ရောက်တော့ မောင်ကောင်းရဲ့အခန်းရှေ့ကို ဓားပြနောက်တစ်ဦး ရောက်လာတယ်..ဓားပြက စားပွဲငယ်လေး တစ်လုံးနဲ့ ဝက်သားဆီပြန် ချည်ပေါင်ဟင်းတို့နဲ့ စားသောက်နေတယ်...။

မောင်ကောင်းက ဆာလောင်လွန်းလို့ ဓားပြ အနီးကို တိုးကပ်သွားပြီး

“ကျုပ်ကို ညစာ မကျွေး ဘူးလားဗျာ”

လို့ပြောတော့ အစောင့်က မောင်ကောင်းကို အံ့သြဟန်နဲ့





ကြည့်လိုက်ပြီး

“သူဌေး ဗိုက်ဆာနေပြီလား..”

လို့ဆိုလိုက်တော့ မောင်ကောင်းက

“ဆာတာပေါ့ဗျာ..တစ်နေကုန် ဘာမှ မစားရသေးဘူး”

လို့ပြောလိုက်တယ်..ဓားပြက ခေါင်းညိတ်ပြီး

“ကျုပ်တို့ဆီမှာ ပိုက်ဆံပေးနိုင်ရင် ဘာမဆိုရနိုင်ပါတယ်”

လို့ဆိုလိုက်တော့ မောင်ကောင်းက ဗိုက်ဆာနေတဲ့အတွက် မငြင်းဆန်နိုင်တော့ဘဲ

“ကျုပ်မှာ ပိုက်ဆံတွေ တစ်ထပ်ကြီး ရှိတယ်.. ခင်ဗျားကြိုက်သလောက် ပေးနိုင်တယ်”

လို့ဆိုလိုက်တယ်..ဒီအခါမှာ ဓားပြက

“ကောင်းပါပြီ သူဌေး”

ဆိုပြီး မောင်ကောင်းရှေ့က ထွက်သွားတယ်.. ခဏကြာ

တော့ ဓားပြဟာ ကြက်ကြော်တွေကို လင်ပန်းထဲ ထည့်ပြီးယူလာတယ်..မောင်ကောင်းဟာ ဗိုက်ဆာဆာနဲ့ ကြက်ကင်ကို ကိုက်စားနှုတ်ခြင်လိုက်တယ်..ဒီအခါမှာ ဓားပြက လက်ကာပြပြီး

"နေပါဦး သူဌေး..ကြက်ကြော်ဖိုး အရင်ရှင်းပေးပါဦး"

လို့ပြောလိုက်တယ်....။

မောင်ကောင်းက မျက်နှာရှုံ့မဲ့ပြီး

"ဗိုက်ဆံပေးစားမှာပါကွာ..ကဲ...ဘယ်လောက်လဲပြော"

လို့မေးလိုက်တယ်..ဒီအခါမှာ ဓားပြက

"ကြက်ပေါင်တွေအတွက် ငွေတစ်သိန်းကျပါတယ်"

လို့ပြောတယ်.. မောင်ကောင်းက သူ့ကို ဓားပြ နောက်နေတယ်လို့ယူဆပြီး

"ခင်ဗျားကလဲ ကျုပ် ဒီလောက်ဗိုက်ဆာနေတာကို မနောက် ပါနဲ့"





လို့ဆိုလိုက်တော့ ဓားပြက ခေါင်းခါယမ်းပြီး

"ကျုပ် မနောက်ပါဘူး..တကယ်ပဲ ကြက်ပေါင်တွေအတွက် ငွေတစ်သိန်းကျပါတယ်"

လို့ပြောတယ်..မောင်ကောင်းဟာ သူ့နားကိုတောင် သူ မယုံနိုင်တော့ဘဲ

"ဘာ..ကြက်ပေါင်တွေအတွက် ငွေတစ်သိန်းဟုတ်လား..မင်းတို့ဈေးက များလှချည်လားကွာ"

လို့အလန့်တကြားအော်ဟစ်လိုက်တယ်....။

ဓားပြက ခေါင်းခါယမ်းပြီး

"ဒါ့ကျုပ်တို့ဆီက ထုံးစံပဲဗျ"

လို့ပြောတယ်..မောင်ကောင်းဟာ ကြက်ပေါင်တွေအတွက် ငွေတစ်သိန်းပေးရမယ်ဆိုတော့ အလွန်ဒေါသဖြစ်သွားတယ်...။

ဒါကြောင့် ဗိုက်ထဲက အလွန် ဆာလောင်နေပေမဲ့ ငွေတစ်သိန်းကို မပေးနိုင်လို့ ကြက်ပေါင်တွေကို မစားဘူးလို့ ငြင်းဆန်လိုက်တယ်....။

မောင်ကောင်းဟာ စားပြဲထိုးတွေ သူ့ကို အကြိုပ်ကိုင် မှန်းသိလို့ အလွန်ဒေါသ ဖြစ်နေတယ်..ဒါပေမဲ့ သူ့ဗိုက်ထဲမှာ ဆာလွန်းလို့မခံနိုင်တော့ဘူး....။

တစ်နာရီလောက်ကို တစ်ကမ္ဘာလောက်ကြာတယ် ထင်မိတယ်...။

ဒါကြောင့် စားပြဲကို လှမ်းခေါ်လိုက်ပြီး

"ကျုပ် ဗိုက်ထဲမှာ သိပ်ဆာနေပြီ..ကြက်ကင် မစားပေမဲ့ ကျုပ်အတွက် ထမင်းဆီဆမ်း တစ်ပန်းကန်လောက်ပဲ ပေးပါ"

လို့ဆို လိုက်တယ်..စားပြဲက

"ခဏစောင့်ပါ သူဌေး"





ဆိုပြီး မောင်ကောင်း ရှေ့ကခဏ ထွက်သွားတယ်..စားပြဲ ပြန်လာတော့ အငွေ့တထောင်းထောင်း ထနေတဲ့ ထမင်းပူပူမှာ ဆီဆမ်းပြီး ယူဆောင်လာတယ်....။

မောင်ကောင်းက ဆာလွန်းလို့ ပန်းကန်ကို ကမန်းကတန်းလှမ်းယူလိုက်တော့ စားပြဲက

"ကျုပ်ကို ဗိုက်ဆံ အရင်ပေးပါ သူဌေး"

လို့ဆိုတော့ မောင်ကောင်းက မျက်မှောင်ကြုတ်ပြီး

"ကျုပ်က ပိုက်ဆံ ဘယ်လောက်ပေးရမှာလဲ"

လို့မေးမြန်းလိုက်တယ်...။

စားပြဲက ခေါင်းညိတ်ပြီး

"ကြက်ပေါင်နဲ့ ဈေးတူတူ ပါပဲသူဌေး"

လို့ဆိုလိုက်တော့ မောင်ကောင်းက အံ့သြလွန်းလို့ ပါးစပ် အဟောင်းသားဖြစ်သွားပြီး ဒေါသတကြီးနဲ့

"တင်..ကြက်ပေါင်တုန်းကလဲ ဒီဈေး..ထမင်းဆီဆမ်းလဲ ဒီဈေးပဲလား"

လို့အော်ဟစ်လိုက်တယ်....။

စားပြုကခေါင်းညိတ်ပြီး

"ကျုပ်တို့ဆီမှာ အရာအားလုံး မျှတ ပါတယ်..။ ကြက်သားလဲ ဒီဈေး..ထမင်းဆီဆမ်းလဲ ဒီဈေးပဲ..ဒီထက်ကောင်းတာကို သူဌေး မှာမယ်ဆိုရင်လဲ ဒီဈေးပဲ ယူမှာပါခင်ဗျာ"

လို့ဆိုတယ်..မောင်ကောင်းဟာ ဆာလွန်းလို့ စားပြုတွေကိုလဲ မကြောက်တော့ဘူး..

"ဟေ့လူတွေ ခင်ဗျားတို့ ယုတ်မာလှချည်လား.. ကျုပ်ဆီမှာ ဘယ်လိုလုပ်ငွေ တစ်သိန်းရှိနိုင်မှာလဲ..ကျုပ်ကို အစာငတ်ပြီး သေအောင် တမင်လုပ်ထားတာ မဟုတ်လား"

လို့အော်ဟစ်လိုက်တယ်..စားပြုက ကမန်းကတန်း





လက်ကာပြပြီး

"အို..ဒီလို လုံးဝ မဟုတ်ပါဘူး သူဌေးရယ်..သူဌေးကို ဘယ်သူမှ အငတ်မထားပါဘူး..သူဌေး ဗိုက်ဆာရင် ချက် လက်မှတ်ထဲမှာ ငွေအရေအတွက်ရေးပြီး စားသောက်နိုင်ပါ တယ်"

လို့ဆိုတယ်...။ ဒီတော့မှမောင်ကောင်းဟာ စားပြုတွေဟာ ရည်ရွယ်ချက် ရှိရှိသူ့ငွေတွေကို တောင်းယူနေကြောင်း ရိပ်စား မိသွားတယ်....။

ဒါကြောင့် ဒေါသတကြီး တက်ခေါက်လိုက်ပြီး သူ့ ချက်လက်မှတ်ထဲမှာ ငွေတစ်သိန်းရေးပေးလိုက်တယ်..စားပြုဟာ မောင်ကောင်းဆီက ချက်လက်မှတ်ကို လက်နစ်ဖက်နဲ့ ရိုရို သေသေတောင်းယူလိုက်တယ်...၊ မောင်ကောင်းဟာ သူ့တစ်သက်မှာ ဈေးအကြီးဆုံး ပေးပြီး စားရတဲ့ ထမင်းဆီဆမ်း တစ်ပန်းကန်ကို အငမ်းမရ စားသောက်ပြီး နောက်တစ်နေ့ ဗိုက်ဆာ

ရင် စားဖို့ ရည်ရွယ်ပြီးကုန်ကာနီး နှစ်လုပ် သုံးလုပ် အလိုမှာ ချန်ထားလိုက်တယ်..မောင်ကောင်းဟာ နောက်တစ်နေ့ နေ့လယ်မှာ သူချန်ထားတဲ့ ထမင်းဆီဆမ်းကို ပြန်စားပြီး ဆာလောင်မှုကို ဖြေရှင်းလိုက်တယ်..ဒါပေမဲ့ ခဏကြာတော့ သူ့ အာခေါင်တွေ ခြောက်ပြီး ရေဆာလာတယ်.. ဒါကြောင့် အစောင့် ကို ခေါ်ပြီး ရေတောင်းတော့ထုံးစံအတိုင်းရေတစ်ပုလင်းကိုငွေနှစ်သောင်း တောင်းတယ်..မောင်ကောင်းဟာ မနေနိုင်လွန်းလို့ ရေတစ်ပုလင်းကို ငွေနှစ်သောင်းပေးပြီး သောက်လိုက်ရတယ်.. မောင်ကောင်းဟာ ရေသောက်ပြီး ဓားပြတွေကို ဒေါသထိန်းမရတော့ဘူး..ဒါကြောင့်

"မင်းတို့ တော်တော် ယုတ်မာတဲ့ ဓားပြတွေပဲ.. ငါ့ငွေတွေကို လိုချင်ရင် မင်းတို့အခု ချက်ချင်းယူ..ငါ့ကို အခုလွှတ်ပေး"

လို့ဆိုလိုက်တော့ ဓားပြက ယဉ်ယဉ်ကျေးကျေးနဲ့





"ကျုပ်တို့ ဒီလောက် မရိုင်းပါဘူးဗျာ..ကျုပ်တို့ ဆရာကြီးလာရင် အဖြူအမည်း သဲသဲကွဲကွဲ သိရမှာပါ"

လို့ပြောတယ်....။

❋❋❋

ဒီလိုနဲ့ မောင်ကောင်းဟာ ဓားပြတွေ ဆီမှာ တစ်ရက်ပြီး တစ်ရက် အချိန်ကုန်ခဲ့တယ်..သူဟာ ဗိုက်ဆာလွန်းလို့ မနေနိုင်တဲ့ အခါ ထမင်း တစ်နပ်ကို တစ်သိန်းပေးပြီး ဝယ်စားခဲ့လို့ သူ့ပိုက်ဆံ တွေ တဖြည်းဖြည်း ကုန်သွားတယ်....။

နောက်ဆုံးငွေ ငါးသောင်းသာ ကျန်တဲ့ အချိန်မှာ မောင်ကောင်းဟာ စိတ်ဆင်းရဲလွန်းလို့ အစာမစားတော့ဘဲ လဲ





လျောင်းပြီး အစာအငတ်ခံတယ်..ဒီလို အစာငတ်ခံရင်း ငါးရက် လောက်ကြာတော့ မောင်ကောင်းဟာ ဆာလွန်းလို့ မုန့်ဟင်းခါး တစ်ပွဲကို ငွေငါးသောင်းပေးပြီး စားတယ်..မုန့်ဟင်းခါးစားပြီး မောင်ကောင်းဟာ ဝမ်းပန်းတနည်း ငိုယိုတယ်..

"ကျုပ်ကို ခင်ဗျားတို့ သတ်လိုက်ပါတော့ဗျာ..လူလောက မှာကျုပ်မနေချင်တော့ပါဘူ"

လို့အော်ဟစ်တောင်းဆိုတယ်..ဒီတော့မှ မောင်ကောင်းရဲ့ ရှေ့ကိုလူတစ်ယောက် ရောက်လာပြီး

"ခင်ဗျား တကယ်နောင်တရပြီလား"

လို့မေးတယ် မောင်ကောင်းက ငိုယိုနေရာက မော့ ကြည့် လိုက်တော့ သူ့ရှေ့မှာ မိုးစွေကို တွေ့ရတယ်..။

မောင်ကောင်းက မိုးစွေကို နားမလည်ဟန်နဲ့

"ခင်ဗျား ကျုပ်ကို ဘာလို့ ဖမ်းထားတာလဲ"

လို့မေးလိုက်တယ်..မိုးစွေက မောင်ကောင်းကို ကြည့်ပြီး

"ခင်ဗျားဘဝမှာမကောင်းမှု အမျိုးမျိုး လုပ်ခဲ့တယ်.. လူတွေကို ဒုက္ခအမျိုးမျိုး ပေးခဲ့တယ်..ခင်ဗျားကြောင့် ဘဝပျက်သွား တဲ့လူတွေ၊ ဒူးနဲ့မျက်ရည်သုတ်ရတဲ့လူတွေ အများကြီးပဲ..၊ ခင်ဗျားဟာ သူဌေးဦးအောင်ဇေရဲ့မန်နေဂျာလုပ်ပြီး ဦးအောင်ဇေတို့မိသားစု ရုတ်တရက် ကွယ်လွန်တော့ငွေ ဆယ်သိန်းကိုခိုးပြီး ထွက်ပြေးခဲ့တယ်...၊ ဒီပစ္စည်းတွေကြောင့်ပဲ ခင်ဗျား နေ့ချင်းညချင်းချမ်းသာကြွယ်ဝခဲ့တယ်..ဦးအောင်ဇေရဲ့ သမီးလေးခများမှာတော့ ဆင်းရဲနွမ်းပါးပြီး ခိုကိုးရာမဲ့ ဖြစ်ခဲ့တယ်"

လို့ဆိုလိုက်တော့ မောင်ကောင်းဟာ မျက်လုံးပြူး မျက်ဆန်ပြူးနဲ့

"ဒီအကြောင်းတွေကိုမင်းဘယ်လိုသိသလဲ"

လို့ မေးမြန်းလိုက်တယ်..မိုးစွေက မခိုးမခန့် ရယ်မောလိုက်ပြီး





"ဦးအောင်ဇေရဲ့ သမီးလေးကို ကျုပ်က ကျွေးမွေး စောင့်ရှောက် ထားရတယ်.. မဝါနုရေ ထွက်လာခဲ့ပါ"

လို့ဆိုလိုက်တော့ မဝါနုဟာ အနောက်က ထွက်လာတယ်..မောင်ကောင်းဟာ မဝါနုကိုကြည့်ပြီး မျက်စိမျက်နှာပျက်သွားတယ်....၊

မဝါနုက မောင်ကောင်းကို ရွံရှာဟန်နဲ့ ကြည့်ပြီး

"လူယုတ်မာကြီး ရှင် အဖေ ပစ္စည်းတွေကို ခိုးသွားလို့ ကျွန်မ ဟာ မိဘမဲ့ ဘဝနဲ့ ခိုကိုးရမဲ့ ဖြစ်ရတယ်"

လို့ဆိုလိုက်တော့ မောင်ကောင်းဟာ တုန်လှုပ်ချောက်ချားသွားတယ်...၊

မိုးစွေက ဆက်လက်ပြီး

"ခင်ဗျား ကျုပ်ကို သေသေချာချာ ကြည့်စမ်း.. မှတ်မိ

သလား"

လို့ဆိုလိုက်တော့ မောင်ကောင်းက မိုးစွေကို မျက်မှောင်ကြုတ်ကြည့်ပြီး

"မမှတ်မိဘူး"

လို့ဖြေလိုက်တယ်...။

မိုးစွေက အံကိုကြိတ်ပြီး

"ခင်ဗျားက လုပ်ခဲ့တဲ့ သူကိုး ဘယ်မှတ်မိပါ့မလဲ..ကျုပ်က ခံတဲ့သူဆိုတော့ ခင်ဗျားကို ဘယ်တော့မှ မမေ့ဘူး..ကျုပ်နံမည် သူဌေးဦးရွှေမိုး မဟုတ်ဘူး.. မိုးစွေလေဗျာ.. ပုဂံက ယွန်းသမားလေး မိုးစွေလေ..ခင်ဗျားတို့ သုံးယောက်ပေါင်းပြီး မတရားသက်သေတွေနဲ့ ကျုပ်ကိုတစ်ကျွန်းကိုပို့ခဲ့ကြတယ်လေ..မမှတ်မိတော့ဘူးလား..ခင်ဗျားတို့ သိပ်ယုတ်မာတဲ့ လူတွေ ကျုပ်ကို မတရား အမှုဆင်..တစ်ကျွန်းပို့ပြီး ကျုပ်ချစ်သူကို ငွေနဲ့ပေါက်ပြီး





ခင်ဗျား သိမ်းပိုက်ခဲ့တယ်...၊ ကျုပ်ရဲ့ ရုပ်ကို ခင်ဗျားတို့ ဘာလို့ မမှတ်မိသလဲ သိလား..၊ ဒါဟာ တစ်ကျွန်းမှာကျုပ် ပင်ပန်းဆင်းရဲပြီး အနှိပ်စက်ခံခဲ့ရလို့ပဲ..ဒီအတွက် ခင်ဗျားတို့ အကြွေးပြန်ဆပ်သင့်တယ်"

လို့ဆိုလိုက်တော့ မောင်ကောင်းဟာ မျက်နှာကိုလက်နှစ်ဖက်နဲ့ အုပ်ပြီး

"ငါမှားတယ်..အားလုံးအတွက် ငါ့မှာ အပြစ်ရှိပါတယ်.. ဒါကြောင့်လဲ မနန်းမူက ငါ့ကို တစ်သက်လုံး မချစ်ဘဲ စိမ်းစိမ်းကားကား ဆက်ဆံတာခံခဲ့ရတယ်..ဒါတွေ အားလုံးဟာ မတရားလုပ်ချင် တဲ့ ငါတို့ရဲ့ အပြစ်တွေပါ"

လို့ပြောပြီး ငိုကြွေးနေတယ်..မိုးစွေက မောင်ကောင်းကို သံဝေဂ ရဟာန်နဲ့ ကြည့်ပြီး

"ခင်ဗျားမတရားလုပ်ပေမဲ့ ကျုပ်က မတရားမလုပ်ပါဘူး..

ခင်ဗျားကို ကျုပ်ပြန်လွှတ်ပေးမှပါ..ခင်ဗျားဆီက ယူလိုက်တဲ့ ငွေဆယ်သိန်းကို မပန်းဝါဆီ ပြန်ပေးလိုက်ပြီ..ခင်ဗျားကို အစားကောင်းအသောက်ကောင်းတွေ စားပြီးရင် အိမ်ကို ပြန်ပို့ပေးမယ်"

လို့ပြောလိုက်တယ်…။မောင်ကောင်းအစားအသောက်တွေစားပြီးတော့မိုးစွေရဲ့တပည့်တွေကရန်ကုန်မြို့ကိုပြန်ပို့တယ်။

ကားပေါ်တက်သွားတဲ့မောင်ကောင်းရဲ့နောက်ကျောကို ကြည့်ပြီး မိုးစွေက

"တတိယမြောက်ကလဲ့စား"

လို့တီးတိုးရေရွတ်လိုက်တယ်..မောင်ကောင်းဟာ ဓားပြလက်က လွတ်ပြီး အိမ်ကို ပြန်ရောက်တော့ သူ့ဆံပင်တွေအားလုံး ဖွေးဖွေးဖြူသွားတယ်…..။

❄✳❄





အထက်ပါ အဖြစ်အပျက်တွေ ဖြစ်ပွားပြီးတော့ တစ်နှစ်လောက် အကြာမှာ သူဌေးတိုက်လုပ်ဟာ မိမိကိုယ်မိမိ သေကြောင်းကြံပြီး ကွယ်လွန်သွားတယ်…။

မိုးစွေရဲ့ချစ်သူဟောင်း မနန်းမူဟာ နှလုံးရောဂါနဲ့ ကွယ်လွန်ခဲ့တယ်..သူဌေးမောင်ကောင်းက သဘာဝလောကကို သံဝေဂရပြီး တရားဘောင်ဝင်ခဲ့တယ်…။

မောင်ကောင်းရဲ့သားမောင်စိန်ဝင်းကတော့ မဝါနကို လက်ထပ်ဖို့ကြိုးစားတယ်...။

ဒါပေမဲ့ မဝါနက သူ့ရဲ့ဖူးစာဖက် အဖြစ် မထင်မှတ်တဲ့ လူတစ်ယောက်ကို ရွေးချယ်လိုက်တဲ့ အတွက် မောင်စိန်ဝင်းဟာ ရဟန်းဝတ်သွားတဲ့ဖခင်ရဲ့အနောက်မှာပဲ တစ်သက်လုံး ကပ္ပိယ လုပ်သွားတယ်...။

မဝါန ဖူးစာဖက်အဖြစ်ရွေးချယ်လိုက်တဲ့သူကတော့ သူ့ရဲ့ ကျေးဇူးရှင် မိုးစွေပါပဲ....။

မိုးစွေဟာ မဝါနကို နောက်တစ်နှစ် အကြာမှာလက်ထပ် ယူခဲ့တယ်...။ ဒီတော့မှ လောကရဲ့သဘာဝအတိုင်း အားလုံး ပြီးဆုံးသွားတယ်...။

*ဘာမှ မသိသော*

*မင်းမြတ်သူရ*